
# ရဲသျှမ်း

## ဘူ တာ ရုံ က လေး

ဝတ္ထုတိုစုစည်းမှု



VIZAYA

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။


## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ် ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ရဲသျှမ်း

## ဘူ တာ ရုံ က လေး

ဝတ္ထုတိုစုစည်းမှု



ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

၈၀၈.၈၄

ရဲသျှမ်း

ဘူတာရုံကလေးနှင့် အခြားဝတ္ထုတိုစုစည်းမှု/ရဲသျှမ်း။ - ရန်ကုန် ၊ စိတ်ကူးချိုချိုစာပေ ၊ ၂၀၁၀။

၁၅၄ - စာ ၊ ၁၂.၅ စင်တီ x ၁၈ စင်တီ။

(၁) ဘူတာရုံကလေးနှင့် အခြားဝတ္ထုတိုစုစည်းမှု

ရဲသျှမ်း၏ ဘူတာရုံကလေးနှင့် အခြားဝတ္ထုတိုစုစည်းမှု စာအုပ်ကို **စာမူခွင့်ပြုအမှတ်** - ၅၀၀၀၅၆၀၁၁၀၊ မျက်နှာဖုံးခွင့်ပြုအမှတ် **၅၀၀၁၀၃၀၁၁၀ တို့ဖြင့် ဦးစန်းဦး၊** စိတ်ကူးချိုချိုစာပေမှ ထုတ်ဝေ၍ **ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်မှ** ပုံနှိပ်သည်။

**စာအုပ်တန်ဖိုး** - ၁၈၀၀ ကျပ်

ပထမအကြိမ် ၂၀၁၀ ခု၊ ဇန်နဝါရီလ

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးနှင့်အတွင်းပန်းချီ - မုတ်သုံ

မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းစာသားများအားလုံးကို everybody public relations မှ စိတ်ကူးဖန်တီးပါသည်။

* **ဒီစာအုပ်မှ ဝတ္ထုတွေကို လက်ဦးဖော်ပြခဲ့ကြတဲ့ မဂ္ဂဇင်းများအားလုံးကို လေးစားစွာ ကျေးဇူးတင်ပါသည်။**

# ဒီစာအုပ်မှာ


| | | |
|---|---|---|
| ကျေးဇူးစကား | | က |
| ရထားတစ်စီးနှင့် လိုက်ပါမိခြင်း | သိုက်ထွန်းသက် | ခ |
| စုန်ချည်၊ ဆန်ချည် ရထားပေါ်မှ | | |
| ပန်းချီကားတစ်ချပ် | မခင်လေး | ဈ |
| မီးရထားသံလမ်းတွေရှိနေသရွေ့ | ညီပုလေး | ဋ |
| အရောင်ပြယ် | | ၂ |
| အရည်ပျော်ပီတိ | | ၁၄ |
| အသည်းကွဲရုန်တိန် | | ၂၆ |
| မျဉ်းဖြောင့် မျဉ်းကွေး | | ၄၀ |
| လူသစ်တွေ | | ၅၂ |
| အထူးရထား | | ၅၈ |
| ဘူတာရုံကလေး | | ၇၀ |
| နိမ့်မြင့်သံစဉ် | | ၈၀ |
| ဆင်ပြင်တန်ဆာ | | ၉၀ |
| သက်ငြိမ်ဘူတာ | | ၁၀၂ |
| ဘယ်, ညာ | | ၁၁၄ |
| ချို ခါး ရသ | | ၁၂၀ |
| ပေတံ | | ၁၃၀ |
| အိပ်စက်ရင်ခုန် | | ၁၄၂ |

# ကျေးဇူးစကား

ကျွန်တော် ရေးခဲ့တဲ့ ဝတ္ထုတိုလေးတွေက အပုဒ် ၆၀ ကျော် ၇၀ ခန့်တော့ရှိမှာပါ။ ဒါပေမယ့် ကျွန်တော့်မှာ သိမ်းဆည်းထားတာ ထက်ဝက်တောင်မရှိပါဘူး။ ဝန်ထမ်းဘဝ အပြောင်းအရွှေ့များတာမို့ ဟိုဒီ ပြန့်ကျဲပျောက်တာ၊ မိတ်ဆွေ သူငယ်ချင်းတွေ ခဏဆို ယူပြီး ပြန်မပေးတာနဲ့ ကျွန်တော့်ဝတ္ထုပါတဲ့မဂ္ဂဇင်းတွေက ကျွန်တော့် စာအုပ်စင်မှာ မရှိတော့။

ခု ကျွန်တော့် "ရထား" ဝတ္ထုလေးတွေကို စုစည်းထုတ်မယ် ဆိုတော့ အခက်တွေ့တော့တာပါပဲ။ ဒီပြဿနာကို ဖြေရှင်းပေးတာက ကိုဝင်းတင့်ပါ။ ဝတ္ထုလေးတွေ သူရှာဖွေပေးလို့ ဒီစာအုပ်ဖြစ်လာတာပါ။ ဒါကြောင့် ဦးဝင်းတင့်(စာကြည့်တိုက်မှူး) မိတ္ထီလာတက္ကသိုလ်။

အမှာစာချီးမြှင့်တဲ့ ကိုသိုက် (ဆရာ သိုက်ထွန်းသက်)
ကိုညို (ဆရာ ညီပုလေး)
အစ်မ (ဆရာမ မခင်လေး) တို့အပြင်

စာအုပ်ဖြစ်အောင် အစ၊ အဆုံး စီစဉ်ပေးတဲ့ သူငယ်ချင်း ကိုကျော်စိုးဝင်း၊ ပန်းချီ မုတ်သုံ၊ သူငယ်ချင်း ဒီဇိုင်းချစ်ကြည်နဲ့ စာပေချစ်စိတ် တစ်ခုတည်းနဲ့ ငွေကြေးမငဲ့ကွက်ဘဲ စာအုပ်ထုတ်ပေးတဲ့ ကိုအောင်သူမြတ် တို့ကို အထူးအထူး ကျေးဇူးတင်ရှိပါကြောင်း ရင်ထဲစကားဆိုပါရစေ။

ရဲသျှမ်း

# ရထားတစ်စီးနှင့် လိုက်ပါမိခြင်း

သိုက်ထွန်းသက်

ကိုရဲသျှမ်း၏ ဝတ္ထုတိုများ စုစည်းထားသော ဘူတာရုံကလေးနှင့်အခြားဝတ္ထုတိုများစာအုပ်မှာ 'အမှာသဘောစာတစ်ပုဒ်' ရေးပေးပါဟု ကိုကျော်စိုးဝင်းက စာမူတောင်းလာသည်။ စာရေးပျင်းသော၊ စာရေးနှေးသော၊ ဝတ္ထုမရေးဖြစ်သည့်ရက်တွေ ရှည်လျားလာခဲ့တာပဲ စံချိန်တစ်ခုလို တင်မိလျက်သားဖြစ်နေသော ကျွန်တော်သည် စာမူတောင်းလာသည့်သူတိုင်းအား ရွှေမန္တလေးဂျာနယ်အလုပ်အကြောင်းပြပြီး တောင်းပန်ငြင်းဆန်မြဲဖြစ်သော်လည်း ကိုရဲသျှမ်းဟူသော အမည်နာမနောက်မှာ သည်တစ်ခါတော့ ဘာဘာညာညာ အကြောင်းပြလို့မှ ရှောင်လွှဲခွင့်မရှိမှန်း သဘောပေါက်လိုက်သည်။

အနှစ် ၃၀ ပင် လွန်ခဲ့လေပြီ။

သည်တုန်းက ကျွန်တော်က အိမ်ထောင်ကျစ၊ မြို့နယ်

သမဝါယမအသင်းက နေ့စားဝန်ထမ်းလေးဘဝ။ သူက မန္တလေး တက္ကသိုလ် ကျောင်းတော်သား။ သူနှင့်ကျွန်တော့်ကို ကွယ်လွန်သွား ရှာပြီဖြစ်သော ကိုနှင်းစံက မိတ်ဆက်ပေးခဲ့သည်။ အဲသည်နောက်တော့ သူက မန္တလေး မြောက်ပြင်၊ အမရဋ္ဌာနီအရှေ့ရပ်ရှိ ကျွန်တော့်အိမ်လေး ဆီ အလည်ရောက်တတ်သည်။ ကျွန်တော်က သူရှိသည့် တက္ကသိုလ် ထဲက ရွှေပြည်အေးအဆောင်အထိ အလည်သွားကာ ရေးပြီးစကဗျာ ပူပူနွေးနွေး လေးတွေကို သွားပြတတ်သည်။ သူက ကျွန်တော့်ကဗျာကို ထင်မြင်ချက်၊ ဝေဖန်ချက်ပေးသလို(များသောအားဖြင့် ကြိုက်ကြောင်း ပြောတာပါပဲ) သူရေးထားသည့် ကဗျာတစ်ပုဒ်ကိုလည်း ထုတ်ပြတတ် သည် (ကျွန်တော်ကတော့ ကြိုက်ကြောင်းမပြောဘဲ လူတတ်ကြီးလုပ် ကာ ကဗျာ၏ အားနည်းချက်များကို ရှာဖွေပြတတ်သည်)။ သည် တုန်းက မိုးဝေစာပေမဂ္ဂဇင်းမှာ ကဗျာပါဖို့ ကျွန်တော်တို့ ကြိုးစားနေ ချိန်ဖြစ်သည်။ တိုင်းရင်းမေ၊ ယုဝတီ၊ သင့်ဘဝ၊ ရုပ်ရှင်အောင်လံနှင့် ရုပ်ရှင်ပဒေသာတို့လို စာဖောင်ပါးပါး မဂ္ဂဇင်းတွေမှာ ကဗျာများဖော်ပြ ခံနေရပြီဖြစ်သော်လည်း မိုးဝေ၊ ရှုမဝမဂ္ဂဇင်းကြီးများ၏ အပယ်ခံ ဘဝမှာပဲ ရှိသေးသည်။

မှတ်မှတ်ရရ ၁၉၇၆ ခုနှစ် ဇွန်လထုတ် မိုးဝေစာပေမဂ္ဂဇင်း မှာ ကျွန်တော်၏ ထွက်ပြေးသူတစ်ဦးကဗျာနှင့် သူ၏ပွင့်ငုံဆိုသည့် ကဗျာတစ်လတည်း အတူတူဖော်ပြခံရသည်။ သူက ကျွန်တော့်ထက် အတော်လေး အသက်ငယ်သော်လည်း မိုးဝေမဂ္ဂဇင်းကို တစ်ပြိုင်တည်း ရောက်ရှိခဲ့ကြတာမို့ စာပေဝါအားဖြင့် ရွယ်တူလို့သာဆိုရမည်ဖြစ်သည်။

အဲသည်နောက်မှာတော့ သူကျောင်းပြီး၍ ရွှေညောင်ရောက် သွားသည်။ ရွှေညောင်မှာ ကျူရှင်ပြနေသည်။ ကျွန်တော်က မိုးဝေမှာ ကဗျာတွေ၊ ဝတ္ထုတွေဆက်ရေးဖြစ်နေသည်။ သို့သော် ၁၉၈၁ ခုနှစ်

တွင် ကျွန်တော်တို့ကို စင်တင်ပေးခဲ့သော ဆရာအောင်မော်၊ ကိုညို သစ်နှင့် ကိုသန်းအုန်းတို့ မိုးဝေမဂ္ဂဇင်းအယ်ဒီတာအဖြစ်ကနေ နှုတ် ထွက်သွားကြသဖြင့် ၁၉၇၆-၁၉၈၁ ခုနှစ် မိုးဝေစင်တင်ကလောင် များအတွက် ပျောက်သောလမ်းမှာ စမ်းတဝါးဖြစ်ကုန်သည်။ စာပင် မရေးဖြစ်ကြတော့ဘဲ ယောင်လည်လည်နှင့် ၃၊ ၄ နှစ်ကြာသွားကြ သည်။

၁၉၈၅ ခုနှစ်မှာ မဂ္ဂဇင်းအသစ်တွေ ဖူးငုံပွင့်လန်းလာကြသည်။ သူရော ကျွန်တော်ပါ စာပြန်ရေးဖြစ်ခဲ့ကြသည်။ ရေးဖော်တစ်ယောက် လည်း တိုးလာသည်။ အဲသည်တစ်ယောက်က ကိုရဲသျှမ်း၏သူငယ် ချင်း ကိုငြိမ်းချမ်း(ညီပုလေး)ဖြစ်သည်။ မန္တလေးတက္ကသိုလ်လက်ရွေး စင်ဘောလုံးသမား ကိုငြိမ်းချမ်း၊ ဝတ္ထုရေးသမားတစ်ယောက်ဖြစ်လာ ခြင်းက မန္တလေးမြို့အနှံ့အပြားက ဝတ္ထုရေးသမားများကို တစ်စု တစ်စည်းတည်းဖြစ်စေခဲ့သည်။ ထိုစုစည်းမှု၏ရလဒ်အဖြစ် ၁၉၈၆ ခုနှစ် ဒီဇင်ဘာလတွင် "ဆယ့်နှစ်မျက်နှာနာရီစင်"ဝတ္ထုတိုစုဆိုသည့် စာအုပ်တစ်အုပ်ထွက်လာခဲ့သည်။ သည်တုန်းက ယခုလို ဝတ္ထုတိုပေါင်း ချုပ်စာအုပ်တွေ ဈေးကွက်မှာ တွင်ကျယ်မှုမရှိသေး။ သို့သော် ကျွန် တော်တို့ စာအုပ်ကလေးက စာပေသမားများကြားမှာ အတော်လေး လှုပ်လှုပ်ခတ်ခတ်ရှိခဲ့သည်။ ဆယ့်နှစ်မျက်နှာနာရီစင်တွင် ဆရာဝန် စာရေးဆရာခြောက်ဦးနှင့် ဆရာဝန်မဟုတ်သော စာရေးဆရာ ခြောက် ဦးပါဝင်ကြသည်။ အားလုံးဆယ့်နှစ်ယောက်။ ဆယ့်နှစ်မျက်နှာ။ ဆရာ ဝန်စာရေးဆရာ ခြောက်ယောက်က ပြေဆေး(၂)၊ ကျော်စွာထက်၊ ဂျိုဇော်၊ စုထား၊ လူမျိုးနော်၊ .....။ ဆရာဝန်မဟုတ်သော စာရေး ဆရာခြောက်ယောက်က ညီပုလေး၊ ပိုင်စိုးဝေ၊ မောင်ကိုကို(အမရပူရ)၊ နုနုရည်(အင်းဝ)၊ သိုက်ထွန်းသက်နှင့် ရဲသျှမ်း။

၁၉၈၉ ခုနှစ် နိုဝင်ဘာလ၌ သူနှင့်ကျွန်တော် စာအုပ်တစ်အုပ်ထဲမှာ လာဆုံကြပြန်သည်။ ဆရာဝင်းစည်သူ စီစဉ်သည့် 'ဝသုန္ဓရေလက်ရေး'ဆိုသည့် ဝတ္ထုတိုစုစာအုပ်ထဲမှာဖြစ်သည်။ အဲသည်နောက် ၁၉၉၀ခုနှစ် မေလတွင် 'အောင်ပင်လယ်လေပြည်ညင်း'ဆိုသည့် ဝတ္ထုတိုပေါင်းချုပ်တစ်အုပ်ထွက်ပြန်တော့ တစ်ခါဆုံကြပြန်သည်။ ဆယ့်မျက်နှာအလွန် ဝသုန္ဓရေလက်ရေးနှင့် အောင်ပင်လယ်လေပြည်ညင်းအတွဲများမှာတော့ မန္တလေးဝတ္ထုတိုအင်အားက အတော်လေးကောင်းလာသည်။ အမျိုးသမီးစာရေးသူတွေလည်း ပါဝင်လာသည်။ ဝင်းစည်သူ၊ ကိုရိုးကွန့်၊ ညိုထွန်းလူ၊ ကျော်ရင်မြင့်၊ မောင်သာပို၊ မဝင့်(မြစ်ငယ်)၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊ မမောင်၊ မကိုတို့ဖြစ်ကြသည်။

အဲသည်အချိန်က ကိုရဲသျှမ်းလည်း မန္တလေးပြန်ရောက်နေပြီ။ စာတွေလည်း တအားရေးနေသည်။ သူ့ဝတ္ထုတွေကိုလည်း လူကြီးသူမများကပင် ချီးကျူးလာကြသည်။ ဆရာကြီးတစ်ယောက်က 'မင်းတို့ထဲမှာ ဝတ္ထုတိုရေးနည်းကို နားလည်တာက ရဲသျှမ်းပဲကွ'ဟု စကားစသည်နှင့် 'အခု ဒီလိုရေးနည်းမျိုး ဘယ်သူမှ မရေးကြတော့ဘူးမဟုတ်လားဆရာ'ဟု ကျွန်တော်တို့က ပိတ်ပြောလိုက်ရာ ဆရာကြီးကပါ ပြုံးပြုံးကြီးခေါင်းရမ်းရင်း 'မရေးကြတော့ဘူး'ဟု ရယ်စရာလုပ်လိုက်သောကြောင့် ရယ်မောခဲ့ကြရသည်ကိုပင် အနှစ် ၃၀ ရှိခဲ့ပြီ။

ကျွန်တော်တို့အဖို့ ညီအငယ်ဆုံးလေးလိုဖြစ်နေသူမို့ အပြောင်အပြက်ပြောနေရသော်လည်း တကယ်တမ်းပြောမည်ဆိုလျှင် သူ့ဝတ္ထုလေးတွေမှာ သူ့စေတနာကို တွေ့ရတတ်သည်။ သူဖြစ်စေချင်သလိုဖြစ်မလာနိုင်ရှာသည့် သူ့ဇာတ်ကောင်လေးတွေအပေါ် ဝတ္ထုရေးဆရာကိုယ်တိုင်လိုက်ပါမောလျှနေတာကိုပင် မြင်နေရသည်။

* * *

၁၉၇၆ ခုနှစ် ဇွန်လက မိုးဝေစာပေမဂ္ဂဇင်းစာမျက်နှာပေါ်ကို ပွင့်ပုံအမည်ရှိကဗျာနှင့် ရောက်ရှိလာခဲ့သူ(ကို)ရဲသျှမ်းသည် နှစ်ပေါင်း ၃၀ ကျော်ကြာလေသောအခါ ဘဝသံသရာရှည်လျားထွေပြား မြန်မာ့ မီးရထားကြီးကို မနေမနားစီးနင်းခဲ့သော အတွေ့အကြုံဖြင့် ရထား နောက်ခံဝတ္ထုတိုများချည့် စာတစ်အုပ်ထုတ်လာသည်။

သူရေးခဲ့သော ရထားနောက်ခံဝတ္ထုလေးများထဲမှာ ကျောက်မီး သွေးသုံး ရေနွေးငွေ့ရထားစက်ခေါင်းကြီးလို ရူးရူးရဲရဲ ရှူးရှူးရဲရဲ ဝတ္ထုများလည်း ပါဝင်သည်။ သံသရာခရီးတစ်လျှောက် တစ်ယောက် ဆင်းတစ်ယောက်တက် ဆက်လက်ထွက်ခွာစမြဲ ဓမ္မသဘောနှင့်နွယ် လေသော ဝန်ထမ်းအိုကြီးများ၏ ဘဝအမောများလည်း ပါဝင်သည်။ ရ ရထားကြီးပျော်ပျော်စီးသူများနှင့် ပတ်သက်၍ ချန်ထားရစ်ခဲ့ပုံရ သော်လည်း ရထားလမ်းသစ်ဖောက်လုပ်ရာမှာ ဇလီဖားတုံးများပမာ ကြံ့ခိုင်စွာပါဝင်ခဲ့သူများ၏ အခန်းကဏ္ဍကို မမေ့မလျော့မှတ်တမ်း တင်ထားတာလည်း ပါဝင်သည်။ ညဥ့်နှစ်ချက်ထိုးလောက်မှ အိမ် ပေါက်ဝပြန်ရောက်သည့် လော်ကယ်ရထားလက်မှတ်စစ်လေးက အိပ် ပျော်နေသည့် ဇနီးသည် ကျောင်းဆရာမလေးကို မနှိုးရက်သဖြင့် အိမ်ပေါက်ဝမှာ စီးကရက်များ ဖွာရှိုက်ရင်းမိုးလင်းရရှာသော အိပ်စက် ရင်ခုန်ပုံပြင်လေးမျိုးလည်း ပါဝင်သည်။

ကိုရဲသျှမ်းအပါအဝင် ကျွန်တော်တို့တစ်တွေ ဝတ္ထုတိုသမားများ အဖြစ်ရောက်ရှိလာကြသော အချိန်ကာလသည် မြန်မာစာပေဘဏ္ဍာ တိုက်သို့ ဝင်လာမစဲတသဲသဲဖြစ်နေပြီဖြစ်သော မြန်မာဝတ္ထုရှည်ကြီးများ အရှိန်တန့် တုံ့ရပ်သွားသောအချိန်ဖြစ်သည်။ စာအုပ်ဆိုင်ပေါ် ရောက်ရှိ လာသော လုံးချင်းဝတ္ထုများကလည်း အပျော်ဖတ်သက်သက်။ အဆိုပါ လုံးချင်းတွေက ခေတ်ပြိုင်ခံစားမှုမပါ၊ ခေတ်ပြိုင်ရင်ခုန်သံမပါ၊ ကျင်

လည်ရာပတ်ဝန်းကျင်၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ရိုက်ခတ်ချက်များမပါ၊ စာရေးဆရာ သေဆိုသေ၊ ရှင်ဆိုရှင်ဆိုသော အရုပ်ဇာတ်ကောင်များဖြင့် ဖွဲ့စည်းထားသဖြင့် လုံးချင်းဝတ္ထုဖတ်စာဖတ်ပရိသတ်များသည် စာပေသိက္ခာရှိသော အယ်ဒီတာကြီးများ တည်းဖြတ်သန့်စင်ထားသော မဂ္ဂဇင်းကြီးများဘက်သို့သာ မျက်နှာမူလိုက်ကြသည်။ ထိုအခြေအနေမှာ မဂ္ဂဇင်းအယ်ဒီတာကြီးများကလည်း မျိုးဆက်သစ် ဝတ္ထုတိုသမားများကို ပြုစုပျိုးထောင်နေလေပြီ။ မျိုးဆက်သစ် ဝတ္ထုတိုသမားတွေက လူငယ်ပီပီ ရင်ခုန်သံမြန်လျှင် မြန်သည့်အလျောက် သူတို့မြင်တာကြားတာ သိတာ ခံစားရတာတွေကို ဒိုင်းခနဲဒိုင်းခနဲ ချရေးလာကြသည်။ အကြောင်းအရာသစ်များ၊ စာပေပုံသဏ္ဌာန်သစ်များ၊ စိတ်ခံစားမှုများ နောက်လိုက်သူများရှိသကဲ့သို့ ဆိုခဲ့သည့်အတိုင်း မြင်တာ၊ ကြားတာ၊ သိတာ၊ ခံစားရတာကို အရင်းအတိုင်း သတင်းပေးချင်သူများလည်း ပါဝင်လာကြသည်။ သတင်းပေးချင်သူနှင့် သတင်းရချင်သူများအကြောင်း တိုက်ဆိုင်လာကြသောအခါ 'သတင်းဝတ္ထု' ဆိုသော စာပေဝေါဟာရသစ်ပင် ကြားလိုက်ရသည်။ တချို့သတင်းဝတ္ထုတွေက အနုပညာအားနည်းလွန်းသည်။ ပေါ့ပျက်ပျက်နိုင်လွန်းသည်။ စာရေးဆရာက ခံစားရေးဖွဲ့သည်ဆိုပြားခံစားမှုအတုများသာဖြစ်နေသည်။ တချို့အတုတွေက အရောင်လက်လွန်းသဖြင့် ရင်နှင့်ခံစားရေးဖွဲ့ထားသော ခေတ်ပြိုင်ခံစားမှုဝတ္ထုတိုလေးများမှာ ခပ်မှိန်မှိန်သာရှိခဲ့သည်။ သို့သော် စာပေအနုပညာခံစားမှု မွတ်သိပ်သူတစ်စု၏ ရင်ထဲမှာတော့ ဆယ်စုနှစ် နှစ်ခုလောက်ဖြတ်သန်းပြီးချိန်အထိ မမေ့မလျော့ဘဲ စွဲလမ်းနေတတ်ကြသည်။

ထိုဝတ္ထုတိုတွေထဲမှာ ကိုရဲသျှမ်း၏ မီးရထားနောက်ခံဝတ္ထုများလည်း ပါဝင်သည်ဟု ဆိုရပါမည်။ ဆိုလည်းဆိုလိုက်ပါသည်။

ကိုကျော်စိုးဝင်းက 'အမှာသဘောစာတစ်ပုဒ်'ရေးပေးပါဟု ဆိုသဖြင့် လွတ်လွတ်လပ်လပ် ရေးချင်တာရေးလိုက်ပါသည်။ ကိုရဲ သျှမ်း၏ဘူတာရုံလေးနှင့် အခြားဝတ္ထုတိုများစာအုပ်အတွက် အမှာစာ ရေးရင်း မြန်မာ့မီးရထားနှင့် ဆွေမျိုးတော်စပ်ခဲ့ဖူးသော ကျွန်တော်တို့ ၏ နှမလေးတစ်ဦးဖြစ်သူ မဝင့်-မြစ်ငယ်နှင့် ဦးမြတ်ခိုင်ဦးစီးသည့် မန္တလေးယဉ်ကျေးမှုဂျာနယ်မှာ မီးရထားဟာသများရေးခဲ့သော ကွယ် လွန်သူကာတွန်းဆွဲလဲတို့ကိုပင် သတိရမိပါသေးသည်။ အထူးသဖြင့် ဒါရိုက်တာရှုမဝဦးကျော်၏ မီးရထားနောက်ခံရုပ်ရှင်ကား 'ချွေးကလေး စိုစို'ကို သတိရမိသလို ထိုရှုမဝဦးကျော်သည်ပင် ရှုမဝမဂ္ဂဇင်းအယ်ဒီ တာချုပ်တာဝန်ယူစဉ်က စိန်ကောင်း၊ ကျောက်ကောင်းတစ်ပွင့်နှယ် ရွေးချယ်ပေးခဲ့ဖူးသော မီးရထားနောက်ခံ ဝတ္ထုရှည်တစ်ပုဒ်ကိုလည်း မမေ့တဲ့နိုင်အောင် ဖြစ်မိပါသည်။

သိုက်ထွန်းသက်
၂-၁၂-၂၀၀၉

# စုန်ချည်၊ ဆန်ချည် ရထားပေါ်မှ ပန်းချီကားတစ်ချပ်

※

**မခင်လေး**

တကယ်တော့ ဘူတာရုံဆိုသည်မှာ လူဆိုလျှင်တော့ ကျွန်မတို့နှင့် ခင်မင်ပြီးသားမိတ်ဆွေဟောင်းတစ်ဦးပင်ဖြစ်ပါသည်။ ထိုအတူ ရထားသည်လည်း ကျွန်မတို့နှင့် မစိမ်း။ ဘူတာရုံမှ စရိတ်အကုန်အကျ သက်သာသော ရထားသည် ကျွန်မတို့လူအများအတွက်တော့ အားကိုးပြုရာ ယာဉ်စကြာဖြစ်ပါသည်။

ပထမဦးဆုံး ကျွန်မစီးဖူးသောရထားမှာ အသက် ၄ နှစ်အရွယ်၊ တောင်ကြီးမှ ရန်ကုန်သို့ ပြောင်းရွှေ့ရစဉ် စီးဖူးခဲ့ရသော ရွှေညောင် ရထားကြီးဖြစ်ပါသည်။

ရထားခေါင်းတိုင်မှ ဘော်ဘော်ဘူဘူ ဥဩသံသည် ကျွန်မ စိတ်ကို ပျော်ရွှင်ဖွယ်ရိုက်ခတ်၍နေ၏။ အမေသည်မူ တဝေါ့ဝေါ့နှင့် ပို့အန်ကာ ခေါင်းကို ပဝါစီးထားရလေသည်။ ဂါဝန်ကလေး တကား

ကားနှင့် ရထားပေါ်တွင်ပြေးလွှားနေသော မိမိကိုယ်ကိုလည်း မြင်ယောင်မိသည်။ အမေမူးဝေအော့အန်နေသည်ကို အံ့သြ ၍မဆုံးနိုင်ပါ။ အခန်းမှာ အိပ်စင်ပါသော ၄ ယောက်ခန်း။ အဖေတာဝန်ဖြင့် ပြောင်းရွှေ့ရသဖြင့် အိပ်စင်နှင့်ကျကျနန ရပုံပေါ်ပါသည်။ ရထားပေါ်တွင် မြန်မာ့မီးရထား MR ဟူသော စာပါသည့် မျက်နှာသုတ်ပဝါပိုင်းလေးနှင့် ဆပ်ပြာခဲလေးတွေ ဝေပေးတာကို မှတ်မိနေသည်။ ၁၉၆၃-၆၄ ခန့်ကဖြစ်သည်။

နောင် ၁၅ နှစ်ခန့်ကြာသောအခါ ရန်ကုန်မှ တောင်ကြီးသို့ ကျွန်မပြန်လည်ပြောင်းရွှေ့ပြီး၊ တောင်ကြီးမှ ရန်ကုန်တက္ကသိုလ်သို့ ကျောင်းတက်ရရာ ထိုရွှေညောင်-ရန်ကုန်ရထားကြီးကို ပြန်စီးရပြန်ပါသည်။ ထိုစဉ်က အထက်တန်းတွဲသည် တစ်ခုံလျှင် အစိတ်ခန့်ပေးရသည် ထင်ပါသည်။ ရိုးရိုးတန်းက ၁၂ ကျပ်လား၊ ၁၅ ကျပ်လားမမှတ်မိတော့။ ကျွန်မတို့သည် "ကျောင်းသားတွဲ" ဟုခေါ်သော ရိုးရိုးတန်းမှ သီးသန့်တွဲတစ်တွဲတွင် ပျော်ပျော်ပါးပါး စီးနင်းလိုက်ပါခွင့် ရကြ၏။ ငွေအစိတ်ကို တတ်နိုင်ကြသော်လည်း အထက်တန်းတွဲကို မစီးကြ။ ထိုရိုးရိုးတန်းမှ သစ်သားခုံမာမာ၊ ပြတင်းတံခါးတွေတဒုံးဒုံးကြားမှ ဂစ်တာသံချိုမြမြတွင် ပျော်ဝင်ရင်း ကျောင်းသားတွဲမှ ကျောင်းသားဖြစ်ခဲ့ရသည်။

ရွှေညောင်မှ နံနက် ၈း၃၀ လောက်က ထွက်ခဲ့သော ထိုရှမ်းရထားသည် သာစည်ကို နေဝင်ဖြိုးဖြ ၆ နာရီခန့်တွင် ဝင်သည်။ မြင်းခြံမှလာသော စာပို့ရထား၏ ခေါင်းတွဲကိုချိတ်ပြီး ရန်ကုန်ဘက်သို့ ဆက်သွားရမည်ဖြစ်ရာ သာစည်တွင် ရေမိုးချိုးကြ၊ ထမင်းစားကြနှင့် ည ၉ နာရီခန့်မှ ရထားကြီးက ပြန်ထွက်ပါသည်။

ညရောက်၍ ရထားကြီး ပြန်ထွက်သောအခါ ပို၍ ပူးကပ်

သွားသော ချစ်သူစုံတွဲများကို ကြည့်ရင်း ကျွန်မလည်း ငိုက်မြည်း၍ နေခဲ့သည်။

နောင်သောအခါ ကောင်းစွာသိလာရသည်မှာ ဘူတာရုံသည် လူအများ၏ လိုရာခရီးအတွက် ကွန်းထောက်တစ်နေရာ။ လူတို့၏ ချစ်ခြင်း၊ မုန်းခြင်း၊ တွေ့ဆုံခြင်း၊ ခွဲခွာခြင်း၊ ဝမ်းသာခြင်းနှင့် ကြေကွဲခြင်းတို့ ဆုံစည်းရာ ပျက်သုဉ်းရာ . . .။ ဘူတာရုံတွင် ချိတ်ဆွဲထားသော အချိန်မှန်နာရီကြီး၏ အချိန်မမှန်သော ရထားတစ်စီးကဲ့သို့ သစ္စာမဲ့သော လူသားတို့ကြောင့် ကြေကွဲဝမ်းနည်းဘွယ်ရာ လူမှုဖြစ်ရပ်များ၊ သစ္စာရှိသော သက်မဲ့ဘူတာရုံလေးမှ  သစ္စာမဲ့သော ဇာတ်လမ်းများ၊ ငိုကြွေးသံများ ။ မကြားချင်ဘဲနားထဲရောက်လာသည်။ မမြင်ချင်သော်လည်း မျက်ကွယ်ပြု၍ မရတော့ပေ။

ကိုရဲလွင်(ရဲသျှမ်း)က သူ၏ ဝတ္ထုတိုစာအုပ်အတွက် မှာစာရေးပေးရန် ပြောလာသောအခါ ဆရာမိုးဟိန်း၏ "စင်ပေါ်ကို ဆင်တော်တင်နိုင်အောင် ကြွက်ကောင်ကို ဆွဲခိုင်းသလိုပါဘဲ" ဆိုသော စကားကို ကျွန်မ ပြေးသတိရမိပါသည်။ အမှာစာရယ်လို့တော့ မဆိုချင်၊ စာရေးကြိုးသော သူ့အတွက် စာဖတ်ပရိတ်သတ်နှင့် သူ့အကြား ပြန်လည်မိတ်ဆက်ပေးလိုသော ဆန္ဒသာရှိပါသည်။

ကိုရဲလွင်နှင့် ကျွန်မတို့ခင်မင်ခဲ့ပုံမှာ စာကိုခင်ရာမှ လူကိုခင်ရသောခင်မင်မှုမျိုးဖြစ်ပါသည်။ ၁၉၇၈ ခန့်က မိုးဝေမဂ္ဂဇင်း၏ ကဗျာကဏ္ဍတွင် ရဲ(သျှမ်း)ဟူသော ကလောင်အမည်ဖြင့် ကဗျာတချို့ဖတ်ရှုရကာ သတိထားခဲ့မိပါသည်။ ထိုကဗျာများကို ယခုအခါ ကောင်းစွာမမှတ်မိတော့သော်လည်း ရဲ(သျှမ်း)ဟူသောကလောင်အမည်နှင့် သူရေးသားသောကဗျာသည် ကျွန်မရင်ထဲတွင် ထိထိရှရှရှိခဲ့ပုံနှင့် ထိုထိရှမှုဖြင့် ရဲ(သျှမ်း)ကို အသိအမှတ်ပြုခဲ့ပုံကိုတော့ မှတ်မိနေပါသည်။ ၁၉၈၅

ဝန်းကျင်၊ စံပယ်ဖြူမဂ္ဂဇင်းက ညီပုလေး၊ ရဲသျှမ်း၊ မဝင့်(မြစ်ငယ်)၊ မခင်လေး စသော ကလောင်သစ်ကလေးများကို မွေးဖွားပေးလိုက်သောအခါ မူကြိုတုန်းက အတူတက်ခဲ့ပြီး၊ ကျောင်းကြီးတက်သောအခါ ကွဲကွာသွားခဲ့သော သူငယ်ချင်းကို တက္ကသိုလ်မှာ ပြန်ဆုံရတာမျိုး ဝမ်းပန်းတသာဖြစ်ရပါသည်။ ပြီးတော့ သူနှင့်ကိုယ်က မေဂျာတူ၊ အတန်းတူ၊ လိုင်းတူ သူ့ကို စတင်တွေ့ရှိသောအခါ သူသည် ကျွန်မမျှော်လင့်ထားသော စာရေးဆရာများ၏ပုံစံအတိုင်း မျက်မှန်မတပ်သည်မှလွဲ၍ ပိန်ကပ်ကပ်၊ ကုပ်ချောင်းချောင်း၊ အသံအက်အက်၊ ပခုံးထက်တွင် လွယ်အိတ်တစ်လုံး လွယ်ထားသော ဆေးပေါ့လိပ်လက်ကြားညှပ်ထားသည့် စာရေးဆရာပေါက်စပုံစံမျိုးပင်ဖြစ်ပါသည်။ ကျွန်မက သူ့ဝတ္ထု 'အရိုးပျော့'၊ 'အရောင်ပြယ်'၊ 'စိန်ပန်းပွင့်ရဲ့အဖော်'၊ 'ဈေးဦး'၊ 'အင်းဆက်လူ'တို့ကို ဖတ်ပြီး နှစ်သက်နေချိန်တွင် စာကိုခင်သလို လူကိုလည်း ခင်မင်ခွင့် ရခဲ့ပါသည်။

ဝတ္ထုတို့၏ အသက်မှာ ''အတွေးကောင်းခြင်း''ဖြစ်ရာ ရဲသျှမ်း၏ ဝတ္ထုလေးများတွင် စူးရှသောအတွေးကို အမြဲပင် မြင်တွေ့ခဲ့ရပါသည်။ သူ့ဝတ္ထုလေးများဖတ်ပြီး သူတွေးတတ်ပုံကို နှစ်ခြိုက်ရင်းကိုယ်မှ သူ့လိုမတွေးတတ်လေခြင်းဟု ဆက်တွေးမိတာချည်းဖြစ်ပါသည်။

သူ၏ စာရေးသားပုံမှာ လတ်ဆတ်၏။ ရေးသူနာမည်မပါစေဦးတော့ စာကို ဖတ်လိုက်သည်နှင့် ရဲသျှမ်းပဲဟု သိနိုင်သော စာမျိုးလည်းဖြစ်၏။ တစ်ယောက်ယောက်နှင့်တူမနေ၊ ကိုယ်ပိုင်ဟန်ရှိသော အရေးအသားမျိုးဖြစ်ပါသည်။ ဒါမျိုးကို မခင်မြဇင်၊ မဂျူး၊ ကိုနေဝင်းမြင့်၊ ကိုညို(ညီပုလေး) တို့၏ စာများတွင်လည်း တွေ့ရတတ်

ပါသည်။

ပြောချင်သောအရာကို ဒိုင်းခနဲရောက်သွားအောင်လည်း ရေးတတ်၏။ မလိုလားအပ်သော ချဲ့ထွင်မှုများမပါဝင်စေဘဲ ဝတ္ထုကို အင်္ဂါရပ်နှင့်ညီညွတ်သောအရည်အသွေးများကိုလည်း သူ့စာများတွင် တွေ့ရပါလိမ့်မည်။ သူ့အကြောင်းပြောရင်း ကျွန်မအကြောင်း ပြောရမည်ဆိုလျှင် ကျွန်မသည် ဝတ္ထုတိုကို ဝတ္ထုတိုလို ပီပီသသ မဖန်တီးနိုင်ဟုတောင် ပြောရမည်ထင်ပါသည်။ လိုရာသို့ ဖူးဖူးရှရှ မရောက်၊ အဖွဲ့အနွဲ့တွေကိုလည်း အားကိုး၏။ အသေးစိတ်တွေ ခြယ်မှုန်းကာ တစ်ခါတစ်ခါ လိုရင်းသို့ ကောင်းစွာမပို့ဆောင်နိုင်။ ရဲသျှမ်း၏ စာများတွင် ထိုအားနည်းချက်မျိုးကို မတွေ့ရပေ။

ယခု သူက ''ဘူတာရုံကလေးဝတ္ထုတိုများ'' ဟူ၍ ဝတ္ထုစာအုပ်ထွက်မည်ဆိုတော့ ဆရာဇော်ဂျီ၏ ရသစာပေ ပုံသဏ္ဌာန်ပြဿနာမှ စာ ၂ မျိုးကို ဖော်ပြဖို့အကြောင်းတိုက်ဆိုင်လာပါသည်။

(၁) အမှားအမှန်၊ အကျိုးအပြစ်တို့ကို စုံစမ်းစစ်ဆေး၍ အမှားအမှန် အကျိုးအပြစ်ဟု သိပြီးမှ ထိုအသိကို ပဓာနထား၍ သူတစ်ပါးကိုလည်း သိစေလိုသေးသဖြင့် ပြောပြခြင်းမျိုး၊ ဥပမာ- မန္တလေး အဆန်မီးရထားသည် ရန်ကုန်မှ ညနေ သုံးနာရီနှင့် လေးဆယ့်ငါးမိနစ်အချိန်တွင် ထွက်၏ဟု မီးရထားအချိန်စာရင်းကဆိုလျှင် မီးရထားထွက်ချိန်ကို အသိပေးသောပြောခြင်းမျိုး

အသိကိုပေးသော အသိပေးစာနှင့်

(၂) ထိုသို့ ဖြစ်သင့်၊ မဖြစ်သင့်၊ ရှိသင့်၊ မရှိသင့်၊ ပြုသင့်၊ မပြုသင့်ဟု စေတနာဖြစ်ပြီးမှ ထိုစေတနာကို ပဓာနထား၍ သူ တစ်ပါးကိုလည်း ထိုအတိုင်း စေတနာဖြစ်စေလိုသဖြင့်

ပြောခြင်းမျိုး ဥပမာ- မန္တလေး အဆန်ရထားသည် ကင်းခြေများကဲ့သို့ တရွေ့ရွေ့သွား၍ ရန်ကုန်ဘူတာမှ ထွက်သွား၏ ဟုတစ်ဦးကဆိုလျှင် ထိုသူနှစ်သက်ခြင်း၊ အံ့သြခြင်း ဖြစ်စေလိုသဖြင့် ပြောခြင်းမျိုး

စေတနာကို နှိုးဆွသော စေတနာနှိုးစာပေဟူ၍ စာပေ ၂ မျိုး ၂ စား ရှိကြောင်း ရေးမွှန်မဆွ သိခဲ့ကြပါသည်။

ယခုအခါ ရဲသျှမ်းသည် "ဘူတာရုံကလေးဝတ္ထုတိုများ" စာအုပ်ဖြင့် သက်ငြိမ်ဘူတာရုံမှ သက်ရှိလူသားတို့၏ ဖြစ်ရပ်များ၊ စုန်ချည်ဆန်ချည်ရထားတွဲများပေါ်မှ စုတ်ချက်ကြမ်းသော ဘဝကားချပ်များကို ရေးခြယ်၍ ပြသခဲ့လေပြီ၊ ရုံပိုင်ကြီး၊ ရုံပိုင်လေး၊ လမ်းဗိုလ်ကြီး၊ လမ်းခွဲကိုင်(ဂျမဒါ)၊ လက်မှတ်ခန်း၊ တန်ဆာတွဲ၊ ပါဆယ်၊ လပ်ဂိတ်၊ မောစ်ရိုက်၊ တယ်လီဖုန်းကိုင်၊ အလံချီးပေး၊ တွဲချိတ်ပေး၊ ရှန်တိန်လုပ်၊ ကယ်ဆီဗင်ပေါ်တက်၊ သံလမ်းချိန်း၊ ကလင့်(န်)ခတ်ဆိုသော ဝေါဟာရများ၊ ဘူတာရုံနှင့် ရထားတို့၏ အငွေ့အသက်များကြားကို စာဖတ်သူများ ရောက်ရှိသွားကြပေမည်။

"ဘူတာရုံကလေးဝတ္ထုတိုများ" သည် ရဲသျှမ်း ရင်းနှီးကျွမ်းဝင်ရာ သူ၏ ပတ်ဝန်းကျင်မှ ပေါ်ထွက်လာသော စာများဖြစ်ရာ သူ့စာများသည် စစ်မှန်သော ခံစားမှုမှ ပေါက်ဖွားလာသည်ဟု ယုံကြည်မိပါသည်။

သူ၏ "အသည်းကွဲရှန်တိန်" ကိုဖတ်ပြီး ကျွန်မလည်း အသည်းကွဲခဲ့ရဖူး၏။ "နိမ့်မြင့်သံစဉ်" ဆိုသည့်အတိုင်း ရင်ထဲမှာ သံစဉ်လှိုင်းတွေ ရိုက်ခတ်သွားခဲ့ဖူး၏။ "ပေတံ" ဝတ္ထုထဲမှ ကိုကျော်ကြီး၏ "မတင်းတိမ်ဘူးဆရာ" ဆိုသောစကားသည်လည်း ယခုတိုင်နားထဲကမထွက်။ "အထူးရထား" တစ်စီးပေါ်မှ ဖိတ်ကျလာသော အထူး

အခွင့်အရေးကြောင့်တော့ ရင်မှာကြည်နူးခဲ့ရဖူး ပြန်သည်။ စာရေးကြဲ သော်လည်း သူ့စာများသည် စာဖတ်သူ၏ရင်တွင် တင်ကျန်စေနိုင် သော စာမျိုးများဖြစ်၍ သူအားကျေးဇူးတင်ရပါသည်။

သူ၏ စာများကို ဖတ်ရှုရင်း သူ့စာများသည် "ရထားတစ်စီး သည် သုံးနာရီလေးဆယ့်ငါးတွင်ထွက်ခွာသွားသည်ဆိုသည့် စာမျိုး လား" "ကင်းခြေများကဲ့သို့ တရွေ့ရွေ့ထွက်ခွာသွားသည် ဆိုသည့် စာမျိုးလား" ဆိုသည်ကိုတော့ သူ၏ခံစားမှုအနုအရင့်နှင့် စာရေးခြင်း အတတ်ပညာတို့မှ ပေါင်းစပ်၍ထွက်ပေါ်လာသော ရလဒ်အတိုင်းသာ ဖြစ်ပေမည်။ ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်၊ မဖြစ်ဆိုသည်မှာ အဖြေဟာ သည်မှာဆိုက်ပါသည်။ သူ၏ စူးရှသောအတွေး၊ လတ်ဆတ်သော အရေးအသားနှင့် ရိုးသားသော စေတနာတို့ဖြင့် စာဖတ်သူ၏ရင်ကို ကောက်နှိုးဆွနိုင်လိမ့်မည်ဟုမှု ကျွန်မ မျှော်လင့်မိပါသည်။

သို့သော် စာရေးခြင်းဆိုသည်မှာ နှလုံးသားကို လာထိသော ဝန်းကျင်၏ရိုက်ခတ်မှုကို အရင်းတည်ပြီး သူ့ဘာသာဖြစ်ပေါ်လာသော စိတ်အစဉ်တစ်မျိုး၊ ဦးနှောက်ကွန့်မြူးမှုတစ်မျိုးနှင့် ကျွန်မနှင့် ကျွန်မ တစ်ဦးတည်း၏ အတွေးနှင့်ဆိုလျှင်တော့ နတ်ဝင်သည်လို တစ်စုံတစ်ခု ပူးကပ်တာမျိုးနှင့် ကွဲကူးရေပါ ဖန်တီးရတာ ဖြစ်ပါသည်။

ဝတ္ထုတိုတစ်ပုဒ် ကောင်း၊ မကောင်း ဆိုရာတွင် အတွေး၊ ရေးဟန်၊ ခံစားမှု အနုအရင့်၊ အတိမ်အနက်၊ အတတ်ပညာ၊ ပင်ကိုအစွမ်း အားလုံးပေါင်းစပ်ပါမှ ရကောင်းနိုင်ကောင်းသည်မို့ ကောင်းချင်တိုင် လည်းကောင်းချင်မှ ကောင်းပေမည်။ ဒါကိုပင် ဝတ္ထုတို တစ်ပုဒ်၏ ကံကြမ္မာဟု ဆိုရမည်ထင်ပါသည်။

ထို့ကြောင့်လည်း အနုပညာဆိုသည်မှာ တန်ဖိုးဖြတ်၍ ရကောင်း သော အရာမျိုးမဟုတ်ဟု အားလုံးက လက်ခံထားကြသည်မဟုတ်ပါ

လား · · ·။ စာရေးသူအနေနှင့်ကတော့ သူ့ရင်ကို ထိမှန်လာသော အကြောင်းအရာကို သူတတ်ကျွမ်းသရွေ့ ရိုးသားစွာ တင်ပြနိုင်လျှင် အတန်အသင့် တာဝန်ကျေပြီထင်ပါသည်။

ရဲသွျှမ်း တစ်ယောက် ယခုထက်စာတွေ ပိုရေးနိုင်ပါစေဟု ဆုတောင်းရင်း···။

မခင်လေး

၁-၁၂-၀၉

## မီးရထားသံလမ်းတွေ ရှိနေသရွေ့

※

### ညီပုလေး

သူ့ရဲ့နာမည်ရင်းက ရဲလွင်ဖြစ်ပေမယ့် ကျွန်တော်နဲ့သိကျွမ်းချိန်မှာ သူဟာ ရဲသျှမ်း ဖြစ်နေပြီ။ မန္တလေး ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ် ရွှေပြည်အေးကျောင်းဆောင် မြေညီထပ် မြောက်ဘက်အခြမ်းက သူ့အခန်းလေးထဲမှာ ရဲသျှမ်းနဲ့ စတင်တွေ့ဖူးခဲ့ မိတ်ဆွေဖြစ်ခဲ့ကြတာလေ။

အသက်အရွယ်အရ ရဲသျှမ်းဟာ ကျွန်တော့်ညီအရွယ်ပါပဲ။ ဒါပေမယ့် သူ့စာတွေဟာ ကျွန်တော့်ထက်စောပြီး မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ ရောက်နှင့်တယ်။ ပထမ သူဟာ ကဗျာဆရာတစ်ယောက်ပေါ့။ ကဗျာဆရာ ရဲသျှမ်း။ ၂၀၀၉၊ မတ်လ ၂၇ ရက် ကွယ်လွန်ရှာတဲ့ ကဗျာဆရာကြီးရဲ့ ဆိုနေကျစကားအတိုင်း ဆိုရင် ရဲသျှမ်းဟာ ကင်းပတ်စ်ရိုက်တာ Campus Writer တက္ကသိုလ် ပရဝုဏ်ထဲမှာ ကတည်းက စာရေးဆရာဖြစ်နေတဲ့သူ။

သူ့အခန်းထဲက စာအုပ်စင်မှာ ကျောင်းစာအချို့နဲ့အတူ မိုးဝေမဂ္ဂဇင်းတွေရှိတယ်။ အဲဒီအထဲက မိုးဝေမဂ္ဂဇင်းစာအုပ်ရဲ့ ရှေ့ပိုင်းကဗျာစာမျက်နှာမှာ ရဲသျှမ်းရဲ့ ကဗျာတစ်ပုဒ်ပါတယ်လေ။ သူ့ရဲ့ ပထမဆုံး ပုံနှိပ်စာလုံးဖြစ်မယ်။ အဲဒီအချိန် ငြိမ်းချမ်းက ညီပုလေးမဖြစ်သေးဘူး။ အယ်ဒီတာထံ ပေးစာရေးရင်တောင်မှ အမြင်မတော်သူတစ်ဦး၊ နားမခံသာသူတစ်ဦးဆိုတဲ့ စကားမျိုး ငြိမ်းချမ်းမှာ ဖော်ပြခံရဖို့ သိပ်မသေချာဘူး။

နောက်တော့ လက်ဖက်ရည်ဆိုင်ထိုင်ဖက်၊ ဘူမိဗေဒကွင်းဆင်းဖော်တွေဖြစ်လာခဲ့ကြတယ်။ လက်ဖက်ရည်ဆိုင်ထိုင်တဲ့အခါမှာ ရဲသျှမ်းရဲ့ ရင်တွင်းခံစားချက်က တခြားကျောင်းသားတွေလို ချစ်သူရှာမယ်၊ ပိုးလိုက်ပန်းလိုက်မယ်လို့ မဟုတ်ဘဲ တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းထုတ်ဝေချင်တယ်ဆိုတဲ့ အကြောင်းပဲဖြစ်တယ်။

မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှာ ကျောင်းဝင်ကြေးကောက်ခံတိုင်း မဂ္ဂဇင်းဖိုးထည့်ကောက်ထားပေမယ့် နှစ်လည်မဂ္ဂဇင်း မထုတ်နိုင်၊ မထုတ်ဖြစ်၊ ထွက်မလာဘူး။ ဒါအတွက် ရဲသျှမ်း မချင့်မရဲခံစားနေမှန်း ခပ်ညိုညို သူ့မျက်နှာမှာ အထင်းသားပေါ်နေတယ်။ ဆက်ပြီး မအောင့်နိုင်တော့ဘူးထင်ပါရဲ့။ တစ်မနက်တော့ ရဲသျှမ်းနဲ့ စိတ်တူကိုယ်တူတချို့ ပါမောက္ခချုပ်ကို ဝင်တွေ့ကြတယ်။ သူတို့လိုကျောင်းသားတွေအတွက် ဆရာကြီးက ဧည့်ခံတည်ခင်းဖို့ သကြားလုံးတွေ ပျားရည်တွေရှိသတဲ့။

နှစ်လည်မဂ္ဂဇင်းထုတ်ချင်တဲ့ ရဲသျှမ်းဟာ မဂ္ဂဇင်းမထုတ်ရတော့ 'သွေးပြီးသားကျောက်ဟာ လှပတယ်၊ မသွေးရသေးတဲ့ ကျောက်ရိုင်းဟာလည်း အဖိုးထိုက်ပါတယ်' ဆိုတဲ့ ဆောင်ပုဒ်ရှိခဲ့တဲ့ ကျောက်ရိုင်းနံရံကပ်စာစောင်မှာ ရဲသျှမ်းကလောင်စွမ်း၊ အယ်ဒီတာစွမ်းပြတော့

တယ်။ တကယ်လည်း ကျောက်ရိုင်းဟာ နှစ်လည်မဂ္ဂဇင်း အငယ်စားလေးဖြစ်ခဲ့တယ်။ ဘူမိဗေဒဌာနကဦးစီးတဲ့မဂ္ဂဇင်းငယ်လေး။ မြန်မာစာ၊ စိတ်ပညာ၊ ရူပ၊ ဓာတု စတဲ့ဌာနက သူငယ်ချင်းတွေရဲ့ လက်ရာမွန်တွေဖော်ပြခဲ့တယ်။ လူတစ်စုဖတ်တဲ့ နံရံကပ်စာစောင်မဟုတ်ဘဲ လူအများဖတ်တဲ့ စာစောင်၊ စာပေဝါသနာပါသူတွေရော၊ တာဝန်အရဖတ်ရသူတွေပါ စောင့်မျှော်ဖတ်ရတဲ့ စာစောင်ဖြစ်ခဲ့တယ်။

အနယ်ကျကျောက်၊ အသွင်ပြောင်းကျောက်၊ မီးသင့်ကျောက်တွေ သင်ယူလေ့လာသွားတဲ့ ရဲလွင်ဟာ ရွှေညောင်မှာ ကျူရှင်ပြနေသတဲ့။ သူဘာယ်ဘာသာရပ်ကို သင်နေပါလိမ့်။ ဝတ္ထုတိုတွေမှ ရေးဖြစ်ရဲ့လား။ မြေဖြူတစ်လှည့်နဲ့ ကလောင်တစ်လှည့်စီကိုင်ရင်း သူ့ဆီက ဝတ္ထုတိုတွေ အယ်ဒီတာတွေဆီ ရောက်နေတယ်လေ။ အယ်ဒီတာတွေကလည်း သူ့ဝတ္ထုတွေကို တံခါးဖွင့်ကြိုဆိုကြတယ်။

ရန်ကုန်-မန္တလေး မော်တော်ကားလမ်းမကြီးဟာ နံရံတိုင်ထိုပ်မှာ လေယာဉ်ပျံအရုပ်ကလေးတွေရှိတဲ့ ခင်စောမူ ဆီစက်ကွေ့ကျော်တဲ့အခါ ၇၈ လမ်းဆိုတဲ့နာမည် ခံယူတယ်။ ဒီလမ်းမကြီးဟာ ကျုံး၊ မြို့ရိုးကို ဦးတိုက် အဆုံးသတ်တယ်။ ၇၈ လမ်းဟာ လမ်း ၃၀ နဲ့ ၃၄ လမ်းကြားမှာ မီးရထားဝင်းကျယ်ကြီး ဟိုတစ်ချိန်ကရှိခဲ့ဖူးတယ်။ မီးရထားဝန်ထမ်းစုတွေနေကြတဲ့ ရပ်ကွက်ကြီးပေါ့။

လမ်းမကြီးရဲ့ အနောက်ဘက်အခြမ်းက မီးရထားဘူတာရုံဝင်းကြီး။ တစ်ဘက်မှာတော့ ကကြီး၊ ခကွေး၊ ဂငယ်၊ ဃကြီးစတဲ့ လမ်းသွယ်ထဲမှာ ဦးလေးကျော်သန်းနဲ့ ကြီးမေတို့နေရတဲ့ မီးရထားဌာနပိုင် သစ်သားတစ်ထပ်အိမ်ကလေးရှိတယ်။ မိုးသည်းသည်းရွာရင် အိမ်အောက်ရေဝင်တဲ့ အိမ်လေးပေါ့။ အိမ်ကလေးရဲ့ ရှေ့ပိုင်း ဝရန်တာလေးမှာ ပက်လက်ကုလားထိုင်လေးတစ်လုံးရှိတယ်။ ပါဆယ်ဌာနကနေ

မောမောပန်းပန်းနဲ့ပြန်လာတဲ့ ဦးလေးကျော်သန်း ထိုင်ပြီး အနားယူလေ့ရှိတဲ့ ကုလားထိုင်လေးပေါ့။ ဒါမှမဟုတ်ရင်လည်း ကလေးတွေကို သမီးဆရာမတစ်ယောက်က စာသင်ချင်လည်း သင်နေလိမ့်မယ်။ ဒါမှမဟုတ် အဲဒီ ပက်လက်ကုလားထိုင်လေးပေါ်မှာ ရဲသွေးမ်းဝတ္ထုတို ရေးနေလိမ့်မယ်။

တစ်မိသားစုလုံး စာပေဝါသနာပါ၊ တစ်မိသားစုလုံး ဘောလုံးပွဲဝါသနာပါတဲ့မိသားစု၊ ဟောဒီ မီးရထားလိုင်းထဲမှာရှိတယ်။ ဘယ်မိသားစုလဲလို့ ပဟေဠိဝှက်ရင် မီးရထားဝန်ထမ်းတွေက ဖာလူဒါအမြှုပ်ထဆိုတဲ့ စကားထာကို ဖြေကြသလို အလွယ်လေးအဖြေပေးကြလိမ့်မယ်။

ရဲလွင့်ရဲ့ဘဝက ရဲသွေးမ်းကို ပြဋ္ဌာန်းတယ်။ ရဲသွေးမ်းက ရဲလွင်ဖြစ်အောင် တည်ဆောက်ပေးတယ်။ မြေဖြူခဲတစ်လှည့်၊ ကလောင်တစ်လှည့်ကိုင်နေရာက ရဲလွင်တစ်ယောက် မီးရထားအမှုထမ်းဖြစ်သွားတယ်တဲ့။ ရွှေညောင်၊ သာစည်၊ မိတ္ထီလာ၊ ရန်ကုန်နယ်အနှံ့ရောက်သွားလို့ အနေဝေးခဲ့ကြတယ်။ ဒါပေမယ့် စာရေးဆရာ၊ ကဗျာဆရာဆိုရင် ရဲသွေးမ်းက ဘယ်လိုကူညီလိုက်တာ စတဲ့ ရဲလွင်ရဲ့ကောင်းသတင်းကို လေညင်းက သယ်ဆောင်လာတယ်။ ဒါပေမယ့် စာအရေးနည်းနည်းကျဲသွားသတဲ့။

ဒဗလျူ ဒဗလျူ ဒဗလျူ ဒေါ် တင်တင်ဝင်း ဒေါ့ကွမ်းဝက်ဘ်ဆိုဒ်ထဲမှာ ဖတ်လိုက်ရတာ မဟုတ်ပါဘူး။ ဇနီးသည် တင်တင်ဝင်းက သရက်ထောင်ဝင်စာလာတွေ့ရင်း ပြောသွားတာလေ။

* * *

မန္တလေးမြို့ကြီးဟာ ဝတ်စုံအမျိုးမျိုး လဲဝတ်နေတယ်။ သနပ်ခါးရေကျဲရိုးရိုးကလေးကနေ နှုတ်ခမ်းနီ ပါးနီဆိုးတဲ့အခါဆိုး။

၇၈ လမ်းမကြီးကိုယ်တိုင် အပြောင်းအလဲများနေမှတော့ ကကြီးလမ်း၊ ခခွေးလမ်း၊ ဂငယ်လမ်း လမ်းသွယ်လေးတွေခမျာလည်း ပြောင်းလဲရတော့တာပေါ့။ ဘူမိဗေဒဖြစ်စဉ်အရ လမ်းသွယ်လေးတွေ ခမျာ အနည်ကျသွားတာလား၊ အသွင်ပြောင်းသွားတာလား ဒါမှ မဟုတ်…။

ဦးလေးကျော်သန်းနဲ့ ကြီးမေတို့တစ်တွေသိလိမ့်မယ်။ ၇၈ လမ်း လမ်းမတစ်လျှောက် အခါအားလျော်စွာရောက်တယ်။ ဂငယ်လမ်းသွယ် လေးမရှိတော့ပေမယ့် ဒီနေရာလေးဟာ အရင်က ရဲသျှမ်းတို့ မိသားစု နေသွားကြတဲ့ လမ်းသွယ်လေးထင်ပါရဲ့လို့ ငုံ့စောင်းကြည့်မိတယ်။ တစ်ဆက်တည်း ရေးဖော်တွေထဲက စောစောစီးစီး လက်ပြနှုတ်ဆက် သွားတဲ့ ဆရာဝင်းစည်သူကို သတိရမိတယ်လေ။ ဂငယ်လမ်းသွယ် လေးမရှိတော့ပေမယ့် သူစာထိုင်ရေးလေ့ရှိတဲ့ ပက်လက်ကုလားထိုင် လေးကတော့ တစ်နေရာရာမှာ ရှိနေလိမ့်မယ်။

ရဲသျှမ်းရဲ့ ဝတ္ထုတိုစာအုပ်ထွက်မယ်ဆိုတော့ ရဲသျှမ်းအကြောင်း နဲ့ အတိတ်အကြောင်းတွေ ပြန်ပြောင်းစဉ်းစားမိတယ်။ အတိတ်ဟာ လွမ်းစရာ။ အသည်းကွဲရှန်တိန်ဝတ္ထုတိုများ ရေးသားပြီးတော့ သူက 'ဘူတာရုံကလေး' ဝတ္ထုတိုများလို့ သူ့ ဒုတိယစာအုပ်ကို ကင်ပွန်းတပ် တယ်။ ရဲသျှမ်းရဲ့မီးရထားလောက နောက်ခံဝတ္ထုတွေဟာ မီးရထားရနံ့ ဘယ်လောက်သင်းသလဲ၊ ဘယ်လိုမွှေးသလဲ စာဖတ်သူများ ခံစား ကြည့်ကြလိမ့်မယ်။

ဘူတာရုံကလေးဟာ မီးရထားစော်မနံဘဲ မီးရထားရနံ့သင်း ပါစေ။

ညီပုလေး



အရောင်ပြယ်

ဒဂုန်မဂ္ဂဇင်း၊ ၁၉၈၇၊ ဇွန်

# အရောင်ပြယ်

ပြီးဆုံးတော့ပေမည်…။ ဤအရပ်၊ ဤဌာနသည် သူနှင့်ပတ်သက်ဖွယ်မရှိနိုင်တော့။ နှစ် ၄၀ သံယောဇဉ်စကားကို သူဆိုသည်ဖြစ်စေ၊ မဆိုသည်ဖြစ်စေ သူ့အတွက် ပြီးဆုံးတော့မည်။ အသက် ၆၀ သည် လူသားတစ်ယောက်အတွက် အလုပ်ခွင်မှ ရပ်နားချိန်ပင်ဖြစ်တော့သည်။

ရှေ့က လျှောက်သွားနှင့်သူတွေ၏ ပစ္စက္ခအခြေအနေကို သူမြင်တွေ့ခဲ့ရသည်။ ထိုရောအခါ သူခံစားရသည်။ လက်မှတ်စာရေးချုပ် ဦးတင်အောင် အနားယူပြီးစကာလတစ်ခုတွင် လက်မှတ်ရုံသို့ ရောက်သွားခဲ့သည်။ (အကြောင်းကိစ္စနှင့်လား၊ အလည်အပတ်လားတော့ မသိပေ)။ လက်မှတ်ရုံအတွင်း ဝင်ခွင့်မရခဲ့ဟု ကြားသိရသောအခါ စည်းကမ်းဆိုသောဝေါဟာရသည် ယှဉ်တွဲပူးခိုလာသော လူမှု

ရေးအတိုင်းအတာကိုပင် မျက်ကွယ်ပြု ဖယ်ကြဉ်သွားလေသည်။

ခံစားသိသည်။ တအုံနွေးနွေးနှင့် ပွားစည်းနေသည်။ ငါ့ကျရင်လည်း… ဤသို့အတွေးကို သူတွေးမိစဉ်မှာပင် နှလုံးသည် တုန်ယင်နေလေသည်။ 'ဦးကျော်သန်း၊ ပါဆယ်စာရေးချုပ်ဆိုသော ထင်းရှူးပြားပေါ်က သဘော်ဆေးအဖြူနှင့်ရေးထားသည့် လက်ရေးဝိုင်းစက်စက်ဘေးတွင် 'အငြိမ်းစား'ဟု ကွင်းငယ်လေးဖြင့် ဖြည့်စွက်ရမည့်ကာလကို သူတွေးကြောက်မိသည်။ မည်သို့ပင်ဖြစ်စေ တွေ့ကြုံရမည့်ကိစ္စပါလားဟု စဉ်းစားမိပါသည်။ သေခြင်းတရားကိုပင် နဖူးတွေ့ကြုံဆုံရဦးမည်ပင်၊ အဲဒီသေခြင်းတရားကို ဆုံရပြီးလျှင်တော့ နောက်ဆက်တွဲဖြစ်စဉ်က မရှိတော့ပြီမို့ လမ်းတစ်ခုကို မျှော်ကြည့်စရာလည်း မလိုတော့ပေ။

အခုဟာက သေတာမှမဟုတ်ဘဲ၊ အငြိမ်းစားယူတာမို့ တွေးဆအာရုံက လူးလွန့်နေသည်။ 'အငြိမ်းစားယူပြီးရင် ငါဘာလုပ်ရမလဲ' ဤသည်ကို စဉ်းစားမိတိုင်း နှလုံးသားက ပို၍ တုန်ခါလာသည်။ မျက်ဝန်းများက ပို၍ မှိုင်းညို့လာသလိုပါပဲ။

ဆေးပြားလေးများကို မျိုချရင်း အာရုံကိုလွှဲဖယ်၍ စိတ်ကိုတည်ငြိမ်အောင် ပြုရသည်။ အဝေးရောက်သားသမီးများကို တမ်းတကြည့်တော့လည်း သူ့စိတ်သည် ညည်းညူကာ မရှင်းမသန့်တော့ပေ။ အဖနှင့်အမိကိုချစ်တတ်သော၊ ကြင်နာတတ်သော သားသမီးတွေဖြစ်ပေမယ့် သူကား သားသမီးများဆီမနေချင်၊ စားဝတ်နေရေး လှိုင်းလုံးကြားတွင် မနစ်မြုပ်ရအောင် ကူးခတ်နေသော သားသမီးတို့ကို သူသနားနေတတ်သည်။ သူကသာ ပေးကမ်းထောက်ပံ့ချင်သည်။ သူနှင့်သူ့ဇနီးသည်ကြောင့် တာဝန်မပိစေချင်။ ကောက်ရိုးတစ်မျှင်ပဲဖြစ်စေ ဖြစ်ချင်ပါသည်။ ခဲ မဖြစ်ချင်၊ ပိုမနစ်မြုပ်စေချင်ပါ။ သို့သော် သူ့တွင်

ထွက်ပေါက်မဲ့ အဖြေမရှိပြန်ပေ။ သူခေါင်းကို ခါယမ်းပစ်လိုက်သည်။

သစ်သားကြမ်းပြင်ပေါ်တွင် ဖျာတစ်ချပ်ခင်း၍ ခေါင်းအုံးပင် မယူတော့ဘဲ လှဲအိပ်ပစ်လိုက်ရင်း အတွေးရထားကို တောင်စဉ်ရေမရ ခုတ်မောင်းနေမိသည်။ အိမ်အတွင်းခန်း ခုတင်မှ စိတ်ပုတီးစိပ်ရင်း ချောင်းတဟွတ်ဟွတ်နှင့် မောညည်းနေတတ်သော ဇနီးသည်၏အသံ ကို နားထောင်ရင်း စိတ်က ပါဆယ်ခန်းထဲမှ စာရင်းစာအုပ်များ၊ ပါဆယ်ထုပ်များဆီ ရောက်သွားပြန်သည်။ ထိုအခါ လှဲအိပ်နေရာမှ အားယူထပြီးလျှင် သမင်ချိုကလေးပေါ်မှာ အင်္ကျီဖြူလက်တိုလေးကို စွပ်ကျယ်ပေါ်ထပ်ဝတ်ကာ ထမင်းစား စားပွဲဘေး နံရံဆင့်တန်းပေါ်ရှိ သူ့အမည်နှင့်ရာထူးပါ ကော်ပြားတံဆိပ်ကလေးကို ဘယ်ဘက်ရင်အုံ အင်္ကျီအိတ်ကပ်တွင် တပ်ဆင်လျက် နှစ် ၃၀ နီးပါး စွဲကိုင်ခဲ့သော ရွှေကြယ်ဟုအမိပွှာယ်ရသည့် ဖောင်တိန်နီညိုလေးနှင့် မျက်မှန်ကို အိတ်ကပ်တွင်ချိတ်ကာ အိမ်ပြင်သို့ ထွက်လာခဲ့သည်။ အိမ်တံခါးကို ညင်သာစွာတွန်းပိတ်ရင်း ဇနီးသည်၏ချောင်းဆိုးသံကို နားစွင့်မိသေး သည်။

အလုပ်ချိန်ကိုက် ကာလရှည်ကြာစွာ အကျင့်ရထွက်လာတတ် သော မသိစိတ်လှုံ့ဆော်မှုအစဉ်သည် မှားယွင်းလွဲချော်နေပြီဟု အထင် ဖြင့် အုန်းပင်တံဆိပ် နာရီပြားလေးရှိနေသည့် ဘယ်ဘက်လက်ကို မ,တင် ကြည့်မိသည်။ လမ်းထိပ်ကွမ်းယာ ဆိုင်ဘေးမှာ ကွမ်းဝယ်ရင်း အချိန်ဖြုန်းလိုက်ဖို့ စိတ်ကူးနေပြန်သည်။

အလုပ်ခန်းရောက်သောအခါ သူ့စားပွဲပေါ်ရှိ စာရင်းစာအုပ် များကို သံယောဇဉ်အကြည့်ဖြင့်ကြည့်သည်။ ဖန်တုံးကလေးဖြင့် ဖိထား သော တန်ဆာစာရွက်များပေါ်မှ သွယ်နွဲ့သော သူ့လက်မှတ်ကလေးကို မြတ်နိုးစွာ စူးစိုက်ကြည့်လျက် ဒီလို လက်မှတ်တွေအခါခါထိုးရတဲ့

အလုပ်ဟာ ပြီးဆုံးတော့မှာလားဟု တွေးဆမိသောအခါ ဘယ်ဘက်ရင်အုံ အလိုလိုစူးအောင့်လာပြန်သဖြင့် 'ကွမ်းစားလို့နေမှာပါ'ဟု ဖော့၍ တွေးပြီး 'ကွမ်းဖြတ်လိုက်မှပါ'ဟု နောက်ဆက်တွဲ ဆုံးဖြတ်ချက်လေး တစ်ခုကို စိတ်မှ ပြောနေမိပြန်သည်။

ကုန်သည်များရောက်လာပြီး 'ဦးကျော်သန်းကြီး ပင်စင်ထိုင်တော့မလို့ဆို'ဟူသော မေးခွန်းမျိုးအား သူ ခေါင်းညိတ်အဖြေပေးနေရသည်ကို မနှစ်မြို့ချင်တော့။ ပြုံးလျက် ရယ်လျက်နှင့်ပင် 'ဟုတ်တယ်ဗျာ... အေးအေးချမ်းချမ်းဖြစ်သွားတာပေါ့'ဆိုသော စကားမျိုးဖြင့် သူတုံ့ပြန်ဖြေသင့်သည်ကို နားလည်လျက်နဲ့ပင် နှုတ်ဖျားများ လေးလံဆွံ့အလျက်ရှိနေသည်။ လုပ်ဖော်ကိုင်ဖက် စာရေးကြီးများ၊ တပည့်များ၊ ကုန်ပစ္စည်းများကို ကတ္တားပေါ် ချိန်တွယ်လျက် ကုန်ချိန်စာရင်းဖတ်ပြရင်း 'ဟိုတုန်းက ငါလဲဒီလိုပါပဲလေ... အသက် ၂၀ လောက်ပြန်ငယ်ချင်လိုက်တာ'လို့ ပြောချင်နေပြန်သည်။ ကြိမ်ကုလားထိုင်လက်ရန်းပေါ်က ထုတက်နေသောချေးများကို လက်သည်းဖြင့်ခွဲခြစ်၍ ပေါ်လစ်ရောင်ပေါ်လာသော နေရာလေးကိုပင် မနာလိုစိတ်ပွားမိသည့် အဖြစ်ကို ရှက်ရွံ့စွာပြုံးမိသည်။

တို့ဆရာကြီး ပင်စင်ယူတော့မယ်နော်၊ နှုတ်ဆက်ပွဲလေး လုပ်ကြမယ်...၊ တစ်ယောက် နှစ်ဆယ်စီထည့်ကြပါ'

ကတ္တားဘေး စားပွဲလေးဆီမှ 'ဂ'စာရေး ကိုကျော်ကျော်ဦးက လှမ်းအော်လိုက်သောအခါ သူ လန့်ဖျတ်သွားသည်။ နှုတ်ဆက်ပွဲတဲ့၊ အို...နှုတ်ဆက်ရတော့မယ်တဲ့လား...၊ သူ အောက်နှုတ်ခမ်းကို အသာဖိကိုက်ရင်း စာရင်းစာအုပ်များကို အမိပွာယ်မဲ့ လှန်လှောပစ်လိုက်သည်။ လက်တွင် နာရီပတ်ထားလျက်နှင့်ပင် ကျောဖက်နံရံအပေါ်ရှိ ဆီကိုကွစ် တိုင်ကပ်နာရီကြီးကို လှည့်ပြီးမော့ကြည့်မိသည်။ ရုံးချိန်

ကုန်ဆုံးသွားစေချင်သည်လား၊ ရုံးချိန်ကုန်ဆုံးသွားမှာကို စိုးရွံ့သည်လား သူမဝေခွဲတတ်၊ လက်မဆီမှစ၍ လက်ချိုးရေတွက်လျက်ပင် လက်သန်းအလှည့်မရောက်နိုင်တော့သော ရက်တိုလေးများကို သူ မုန်းတီးသွားမိသည်။ ဘာဖြစ်လို့ ဒီအလုပ်အပေါ်မှာ သံယောဇဉ်တွေနဲ့ စွဲလမ်းနေတာလဲ . . .။ သူမေးခွန်းထုတ်ကြည့်ချင်သည်။ တိကျရေရာသောအဖြေကိုတော့ သူဖြေတတ်မည်မထင်။

'လုပ်နေကျအလုပ် မလုပ်ရတော့မှာမို့ စိတ်အင်အားလျော့ပါးသွားတာပဲ နေမှာပါ'

ဒီလိုပဲ ဖြေရမည်လား၊ မျက်စိကိုစုံမှိတ်ပြီး ငွေရောင်ဆံပင်များလှုပ်ယမ်းသွားသည်အထိ ခေါင်းကိုခါယမ်းပစ်လိုက်သည်။ အိတ်ကပ်တွင်းမှ မျက်မှန်ကိုတပ်ဆင်ပြီး အာရုံကို စာရင်းစာအုပ်များပေါ် စုစည်းလျက် ကုန်ပစ္စည်းအမည်၊ ကုန်ချိန်၊ ကျသင့်ငွေများကို တွက်ချက်စစ်ကြောပစ်လိုက်သည်။

သူ့အတွေးများ လွင့်ပျောက်သွားပြီး ဟိုတုန်းကလိုပင် အလုပ်အပေါ် စိတ်ပါဝင်စားသော စည်းစနစ်ရှိသော လူဖြစ်သွားတော့သည်။ ဦးခေါင်းထက် ပန်ကာလည်သံကိုပင် သူမကြားတော့။ ရွှေကြယ်ဖောင်တိန်လေးသာ လှုပ်ရှားပြေးလွှားနေသည်။ သူ အလုပ်လုပ်နေရလျှင် အရာရာကို မေ့ထားနိုင်ပါသည်လေ။

* * *

အခမ်းအနားလေးတစ်ခု ဖြစ်ပေမယ့် ကက်ဆက်သံမရှိ၊ မိုက်ကရိုဖုန်းမရှိ၊ စားပွဲသုံးလုံးစီ မျက်ဆိုင်ပြုထားပြီး ထိပ်နှစ်ဘက်ဆီ၌ ကုလားထိုင် ၂ လုံးစီနှင့် ကျန်ဘေးနှစ်ဘက်တွင် ကုလားထိုင် ၅

လုံးစီထားရှိသည်။ စားပွဲပေါ်တွင် လက်ဖက်ရည်ပန်းကန်များ၊ မုန့်ပန်းကန်များ၊ ရေနွေးဓာတ်ဘူး ၂ လုံးနှင့် ဒူးယား ၃ ဘူးကိုတွေ့ရသည်။ စားပွဲထိပ်တစ်ဘက် စာရေးကြီးဦးကြည်မြင့်ရှေ့တွင် ကလေးငယ်လေး စက်ဘီးစီးနေသည့် ရုပ်ပုံလေးများပါသည့် အစိမ်းနုရောင်စက္ကူဖြင့် ထုပ်ပတ်ပြီး ဖဲကြိုးပြာလေးကို လိပ်ပြာတောင်ပံသဖွယ် စည်းထားသည့် အထုပ်သုံးထုပ်ကိုတွေ့ရသည်။ ကုလားထိုင်နှစ်လုံးမှလွဲ၍ အားလုံး ထိုင်သူရှိသွားသည်။ ရုံးလုလင်လေးမောင်သက်က လက်ဖက်ရည် ပန်းကန်များထဲသို့ နီကြင်ကြင် လက်ဖက်ရည်များကို ကရားကြီး တစ်လုံးနှင့် လိုက်လံထည့်နေသည်။

'လက်ဖက်ရည် သောက်ကြပါ၊ မုန့်လည်းစားကြပါ'

ဘယ်သူပြောလိုက်သည်မသိ။ တချို့ လက်ဖက်ရည်ခွက်ကို ကိုင်မြှောက်လိုက်သည်။ မုန့်ပန်းကန်ကို ဆွဲယူသူကလည်း ဆွဲယူသည်။ သူကတော့ ငြိမ်သက်စွာဖြင့်ပင်အားလုံးကိုငေးမောနေသည်။ လက်ဖက်ရည်တစ်ငုံမျှသောက်ယူဖို့ စိတ်ကူးကြည့်သော်လည်း ရင်ထဲမှာ ပို့တက်နေသလို ခံစားနေရ၍ လက်ဖက်ရည်ခွက်မကိုင်မိ။

'ကဲ... စားရင်းသောက်ရင်းပဲ အခမ်းအနား စလိုက်ကြရအောင်'

စာရေးကြီးဦးကြည်မြင့်က သူနှင့်မျက်နှာချင်းဆိုင်စားပွဲထိပ်မှ ပြောပြောဆိုဆိုနှင့် ထလိုက်သည်။ ချောင်းတစ်ချက်၊ နှစ်ချက် ရှင်းလိုက်ပြီး...

'ဒီနေ့ဟာ ကျွန်တော်တို့ မီးရထားပါဆယ်ဌာနက ပါဆယ်စာရေးချုပ်ဖြစ်တဲ့ ဦးကျော်သန်းအတွက် နှုတ်ဆက် လက်ဖက်ရည်ပွဲ ဖြစ်ပါတယ်၊ အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း ဒီနေ့ဟာ ဦးကျော်သန်းကို နောက်ဆုံးတွေ့ရခြင်းပါ...'

နောက်ဆုံးတွေ့ရခြင်းတဲ့လားကွယ်။ စီးကရက်လေး ဆီက ထွက်လာတဲ့ မီးခိုးဖြူလေးတွေ လွင့်ပြယ်ပျောက်ဆုံးသွားခါနီး ကျန်ရစ်တဲ့ အမြင်ဝါးဝါးလေးလို နောက်ဆုံးတဲ့လား…။

'ဆရာကြီးဟာ အလုပ်ခွင်မှာ အဂတိလိုက်စားမှု ကင်းတဲ့သူ၊ အလုပ်ကို စနစ်တကျ သေသပ်စွာနဲ့လုပ်ခဲ့ပြီး လုပ်ဖော်ကိုင်ဖက်များ အပေါ်လည်း ညှာတာတတ်တဲ့သူဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့ သိပြီးဖြစ်ပါတယ်၊ ဒါကြောင့် ဒီ အခမ်းအနားဟာ နှုတ်ဆက်ပွဲလို့ မယူဘဲ ဂုဏ်ပြုပွဲလို့ ယူဆရင် မှားမယ်မဟုတ်ပါဘူး'

'ဂုဏ်ပြုပွဲ'ဆိုသော စကားရပ်လေးကို တိုးဖွဖွလိုက်ရွတ်သည်။ သူ ကိုယ့်ကိုယ်ကို ဂုဏ်ယူမကြည့်ခဲ့ဖူးပေ။ ခုလို ချီးမွမ်းဂုဏ်ပြုပြနေတော့ ရှက်ရွံ့သလို ခံစားနေရသည်။ အနေရခက်လာသဖြင့် ဒူးယားတစ်ဘူးကို လှမ်းဆွဲပြီး ဒူးယားတစ်လိပ်ကို ဆွဲနုတ်လိုက်သည်။

'နောက်ဆုံးပြောချင်တာကတော့ ဦးကျော်သန်းတစ်ယောက် ကျန်းမာချမ်းသာစွာနဲ့ ထာဝရ ရွှင်လန်းချမ်းမြေ့စေဖို့ ဆုတောင်းပေးကြပါ…၊ ကျေးဇူးတင်ပါတယ်…'

'ထာဝရ ရွှင်လန်းချမ်းမြေ့ပါစေတဲ့' သူ့ရင်ထဲ လှုပ်ခါသွားသည်။ လက်ခုပ်သံတွေဟာ နားထဲမှာစူးရှစွာ တိုးဝင်သွားသလိုပါပဲလား၊ နောက် တစ်ယောက်ပြီးတစ်ယောက် ဂုဏ်ပုဒ်တွေဖော်ပြပြီး အခမ်းအနားလေးကို အသက်ဝင်နေစေလေသည်။ ချစ်စရာကောင်းတဲ့ မိတ်ဆွေများနဲ့ တပည့်တို့ကို နှုတ်ဆက်ရပါပြီ။

'အားလုံးဟာ ပြီးဆုံးခဲ့ပါပြီဗျာ' ဟု

သူ့နှုတ်ဖျားမှ ဒီစကားကို ထပ်တလဲလဲ အော်ဟစ်ပစ်လိုက်ချင်သော်လည်း ဒီလိုအော်ဟစ်လိုက်ရင်ပဲ ရင်ထဲက ဝေဒနာတွေက ကြေပျက်သွားမှာတဲ့လားကွယ်…။

'နောက်ဆုံး အစီအစဉ်အဖြစ် ဦးကျော်သန်းမှ ဆုံးမဩဝါဒ စကားပြောကြားပေးပါ ခင်ဗျား'

သူ ဆတ်ခနဲဖြစ်သွားပြီး ဖြေးညှင်းစွာထသည်။ ဆုံးမဩဝါဒ ဘာကိုပြောရမလဲ၊ ဘယ်လိုပြောရမလဲ သူစဉ်းစားသည်။ တစ်ခုခုကို တော့ ပြောရမှာပဲလေ…။ စကားများ တုန်ယင်နေမလားဟု တွေးပူ သည်။ စကားကို အတိုဆုံးပြောဖို့ပဲ စိတ်ကူးတော့သည်။

'ကျရာတာဝန်ကို သစ္စာရှိရှိ လုပ်ကိုင်ပေးကြပါ၊ အလုပ်ကို ချစ်မြတ်နိုးပေမယ့် သံယောဇဉ်မထားကြပါနဲ့…'

သူထိုင်ချလိုက်သည်။ သူပြောတဲ့စကားမှားများသွားသလားဟု တွေးနေမိသည်။ ရင်ထဲက စကားတွေပဲလေ။

လက်ရင်း တပည့် ၃ ယောက်ံ သူ့ကိုထိုင်ကန်တော့ တော့ မျက်ဝန်းတွင် မျက်ရည်များ စို့စွတ်လာသည်။ ဆုပေးစကားကိုပင် မဆိုဖြစ်တော့။

'သွားတော့မယ် သားတို့ရေ…'

* * *

မျက်နှာကိုပွတ်သပ်ပြီးသည်နှင့် မျက်နှာသုတ်ပဝါကို ပခုံးပေါ် တင်လျက် အိမ်နောက်ဘက်ကို ဖြတ်ဝင်လိုက်သည်။ ရှင်းလင်းနေ သော ထမင်းစား စားပွဲမျက်နှာပြင်ကိုပဲ တွေ့ရသည်။ ကော်ဖီခွက်မရှိ၊ နည်းနည်း ထူးခြားနေသလို ဖြစ်နေသည်။ တစ်ဘက်ခြမ်း မီးဖိုခန်း ဘက်တွင် တလှုပ်လှုပ် တကုပ်ကုပ်ရှိနေတတ်သော ဇနီးသည်ကိုလည်း မတွေ့မိ။ ရေနွေးမဆူသေးသည်မို့ အဆင်သင့် မရှိသေးခြင်းလား၊ ကော်ဖီဖျော်အပြီး စောင့်ရရင်တော့ နောက်ကျတော့မည်။ ဒါမျိုး သူက

မဖြစ်တတ်၊ အချိန်ကိုက် အကျင့်စွဲက ရှိနေပြီးသားပဲလေ…။

အိပ်ခန်းတွင်း ပြန်ဝင်လာပြီး ဝတ်ဆင်ထားဆဲ ညဝတ်စွပ်ကျယ် အင်္ကျီကို မလဲတော့ဘဲ ဘီရိုတွင်းမှ မီးပူကျ အင်္ကျီဖြူလက်တိုတစ် ထည်ကို ဆွဲထုတ်လိုက်သည်။ ခုတင်ဘေးရှိ မှန်ထဲသို့ လှမ်းကြည့်ကာ တိုတိ ပါးလျားပြီးသား ဆံပင်ကို ခါတိုင်းလိုပင် တစ်ချက် နှစ်ချက် သပ်လိုက်ပြီး အိမ်နောက်ဘက်ခန်းဘက် ပြန်ထွက်လာခဲ့သည်။

ထမင်းစား စားပွဲဘေးနံရံမှ တန်းပေါ်တွင်ရှိ သူ့အမည်နှင့် ရာထူးပါ တံဆိပ်လေးကို စမ်းနေတုန်းမှာပင် ခေါင်းရွက်ဈေးသည်ထံမှ ဖြစ်မည်ထင်ရသည့် ဘူးသီးစိတ်တစ်စိတ်နှင့် ခရမ်းသီး သုံးလေးလုံး လက်မှာဆွဲကာ အိမ်တွင်းဝင်လာသော ဇနီးသည်ကိုတွေ့လိုက်ရသည်။ မီးဖိုခန်းဘက်တစ်ခါတည်းဖြတ်မသွားဘဲ ရပ်လျက် သူ့ကို စူးစူးစိုက် စိုက်ကြည့်နေသည့် ဇနီးသည်၏ ထူးခြားသည့်အမူအယာကို သတိထား မိပေမယ့် လက်ထဲရောက်လာသည့် ရာထူးနှင့်အမည်ပါတံဆိပ်ကို ရင်အုံအပေါ်ဘက်တွင် ချိတ်တွယ်ရန်သာ ပြင်ဆင်လိုက်သည်။

'ဒါက ဘာလုပ်နေတာလဲ'

ဇနီးသည်၏ တအံ့တသြမေးသံကြောင့် တံဆိပ်ငုံ့ချိတ်နေရာမှ ဖျတ်ခနဲမော့ဖြစ်သွားသည်။ အပြုအမူတစ်ခု၏ အမှားအယွင်းကို သတိပေးလိုက်ခြင်းပဲဟု သိမိသည်နှင့်တစ်ပြိုင်နက် တုန်လှုပ်၊ သိမ့်ခါ လာသော နှလုံးသားမှ ဖြစ်စဉ်များက လက်ဆီသို့ ကူးစက်လာလေ သည်။

မနေ့က နှုတ်ဆက်ပွဲ၊ ပင်စင်စား… အသိတို့ တိုးလျှိုဝင်လာ သောအခါ ကိုယ့်ကိုယ်ကိုပင်လား၊ နှစ် ၄၀ နီး ပါး ပေါင်းသင်းလာခဲ့ သည့် ဇနီးသည်ကိုပင် ရှက်ရွံ့တုန်ယင်စွာ တံဆိပ်လေးကို စားပွဲဘေး နံရံမှတန်းပေါ်သို့ မသိမသာ ပြန်တင်လိုက်မိတော့သည်။

ခြေထောက်ဦးသည် အိမ်ခန်းဘက်လှည့်သွားကာ လက်အစုံသည်လည်း အင်္ကျီဖြူလေး၏ တပ်ပြီးစ ကြယ်သီးများကို ဖြေးညှင်းစွာ ဖြုတ်လျက်…။

ဒဂုန်မဂ္ဂဇင်း၊ ၁၉၈၇၊ ဇွန်



အရည်ပျော်ပီတိ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊
နှစ်လည်မဂ္ဂဇင်း

# အရည်ပျော် ပီတိ

ညတာဝန်လွှဲပြောင်းယူ၊ လက်မှတ်ထိုးပြီးတော့ နံရံကပ်နာရီဆီ အကြည့်တစ်ချက်ရွှေ့သည်။ ည ၇ နာရီ ၁၅ မိနစ်။ အဲဒီတာဝန်လွှဲပြီးချိန်ကစပြီး နောက်တစ်နေ့မနက် ၇ နာရီအထိ၊ အခုတာဝန်လွှဲပေးသွားသော ရုံပိုင်ကြီးဦးသက်ထွန်း ပြန်လည် တာဝန်မဝင်မချင်း မိမိတာဝန်။ ဘူတာကြီးတစ်ခုရဲ့ မီးရထားဌာနရဲ့ အသက်ဖြစ်သွားတဲ့ သွားလာရေးလုပ်ငန်းထဲမှာ မိမိတို့ အထူးတန်းရုံပိုင်များသည် အဓိကမောင်းနှင်အားဟု မိမိတို့ ဂုဏ်တက်ခဲ့တာအမှန်။

တာဝန်ကျချိန်မှာ မနားတမ်း အစုန်၊ အဆန်၊ အမြန်၊ စာပို့၊ လော်ကယ်၊ ကုန်ရထားတွေ ဝင်ထွက်ဖို့ လမ်းရှင်း အပေးအယူလုပ်၊ အချက်ပြထိန်းချုပ်ခလုတ် ကိုင်တွယ်၊ အခြေစိုက်ရထားများဖြစ်တဲ့

၁၄၇ အဆန်၊ လှိုင်ကော်၊ ၂၃ အဆန် လော်ကယ်၊ ၂၂ အစုန် တောင်ငူလော်ကယ်၊ ၁၄၃ အဆန် ရွှေညောင်-ရပ်စောက် လူစီးရထား၊ အမှတ် ၁၁၁ အဆန်၊ မြင်းခြံလူစီးရထားတွေ အချိန်မှန်ထွက်ခွာနိုင်ရေးအတွက် ယာဒ်ဝင်းဝန်ထမ်းတွေကို ညွှန်ကြား၊ တွဲရွှေ့လုပ်ငန်း ထိန်းချုပ်ဆောင်ရွက်ပေး၊ ရထားထိန်း လဲလှယ်တဲ့အခါ ရထားမကြန့်ကြာဖို့ မိမိတပည့်ဝန်ထမ်းငယ်လေးတွေကို ကြပ်မတ် ခဏတဖြုတ်လေးပင် နားနေခွင့်မရ။

မြန်မာပြည် မီးရထားလမ်းပိုင်းတွေထဲမှာ မိမိတို့ဘူတာက အဆင့်အမြင့်ဆုံး အချက်ပြထိန်းချုပ်စနစ်ဖြစ်တဲ့ လျှပ်စစ် ထိန်းချုပ်မီးရောင်စုံအချက်ပြမို့ လုံခြုံမှုက အပြည့်ရှိသည်ဆိုဦးတော့ မိုးရွာတဲ့အခါ မီးအားနည်းတဲ့အခါ ၁၉၅၆ ခုနှစ်၊ ဂျပန်တို့တည်ပေးခဲ့တာလည်းကြာပြီမို့ စက်ခလုတ်တွေ၊ ဝါယာကြိုးတွေလည်း သိပ်ပြီးမှုမမှန်ချင်တော့။ ကြေးနန်းနှင့်အချက်ပြဝန်ထမ်းတွေ ဆော်သြ၊ မှုမမှန်လမ်းကြောင်းတွေ၊ ချိုယွင်းမှုတွေ လမ်းပိုင်းအလိုက်၊ မီးဖြူ မီးနီတန်းတွေပေါ်ပြီးရထားတွေရပ်ထားရ၊ တွဲရွှေ့လုပ်ငန်း နှောင့်နှေးရတာတွေကို မှတ်သားထားရတာ မှတ်စုစာအုပ်အပြည့်။ ထုချေလွှာဖြေတာလောက်ကတော့ မိမိတို့မမှုတော့ပြီ။ ဒါပေမယ့်လည်း ဂျူတီကုန်ဆုံးချိန်မှာတော့ မိမိတို့ တစ်ညလုံး တွဲဆိုင်းဆင် ရထားတစ်စင်း ဂုဏ်ဒြပ်တို့နှင့် ပြည့်စုံအောင် ဖွဲ့စည်းစေလွှတ်လိုက်လို့ အချိန်မှန်ထွက်ခွာနိုင်ပြီဆိုရင်တော့ ပီတိတွေက အဟုန်ပြင်းပြင်း ရင်ထဲသို့ တိုးဝှေ့။ တကယ့်သူရဲကောင်းပမာ။ ဘာမှဟုတ်တဲ့ အချက်အလက်တွေကြောင့် ရထားအချိန်မှန် မထွက်ခွာနိုင်ဘူးဆိုရင် လူမသိ သူမသိ ကြေကွဲ။ ခရီးသည်တွေကို အားနာလို့ မဆုံးတော့။

ရထားအချိန်မှန် ထွက်လိုဇောနဲ့ မိမိလက်အောက် ဝန်ထမ်းတွေကို ငေါက်ငမ်းအော်ဟစ်၊ ဖုန်းတစ်လုံးနဲ့ ရန်ဖြစ်။ ဒီလို အကြိမ်ပေါင်းကတော့များပြီ။ ကြာတော့လည်း မိမိတပည့်တွေက ရိုးအီသွားပြီ။ တာဝန်ချိန်ကုန်ဆုံးလို့ အိမ်ပြန်ရောက်တော့လည်း အလုပ်ခွင်မှာ အဆင်ပြေခဲ့တာတွေ၊ အဆင်မပြေခဲ့တာတွေ ဖောင်ဖွဲ့အောင်ပြောပြတော့ ဇနီးသည်က တအင်းအင်း၊ တအဲအဲနဲ့ နားထောင်ရင်း တစ်ညလုံး တာဝန်ကျခဲ့တဲ့ မိမိက အိပ်မပျော်ဘဲ သူမက အရင် အိပ်ပျော်သွားတာကို မိမိ ရယ်ပွဲဖွဲ့ချင်မိသည်။ မိမိသည် လုပ်ငန်းတာဝန်များထဲမှာ နစ်မြုပ်ပျော်ဝင်နေတာတော့ဟုတ်ပြီ။ 'ပျော်'နေတာရောဟုတ်ရဲ့လား။

တစ်ခါတစ်ခါတော့ ဒီအတွေးက ကြိမ်ရိုက်ချက်လို ပြင်းထန်နာကျင်လှသည်။ ဘာလို့လဲ။ မိမိတို့ ရုံပိုင်(အထူး) တာဝန်မှာ မိသားစုစားဝတ်နေရေး၊ လူတန်းစေ့နေနိုင်ရေး၊ ဘာမှ ဟုတ်ဟုတ်ငြားငြားလုပ်မပေးနိုင်ခဲ့။ လစဉ်ပဲ ညီမလေးတွေဆီ၊ အစ်မတွေဆီ လက်ဖြန့်နေရတော့ ဇနီးသည်က ရှက်လှပြီ။ ဒီတော့လည်း မိမိအလုပ်ထဲကအကြောင်းတွေကို သူမ ရင်မခုန်နိုင်တော့။ သူငယ်ချင်း ကိုကျော်စိုးကတော့'တို့က ကျည်ကွယ် မျက်ကွယ်မှာနေရတာပါကွာ'လို့ လုံးလုံးထွေးထွေးနှင့် ကိုယ့်အဆင့်ကို နှစ်သိမ့်နေနိုင်ခဲ့သည်။

* * *

၁၄၄ အစုန် ရပ်စောက်–ရွှေညောင်ရထား ဆိုက်ရောက်တော့ ခရီးသည်တွေက ပျားပန်းခပ်မျှ ဆင်းလာသည်။ ကုန်စိမ်းတောင်းတွေ၊ အိတ်တွေ စကြံ ၅ မှာ ပြည့်ကျပ်သွားသည်။ ဟဲဟိုး ဈေးပြန်ဟု

မိမိကောက်ချက်ဆွဲသည်။ ဒီအဖွဲ့တွေက မနက် မြို့ဟောင်းလော်ကယ် နဲ့ သဲတောဈေးပတ်လိုက်မှာပဲဟု အတွေးဆက်သည်။ ၂၃ အဆန် မြို့ဟောင်းလော်ကယ် အချိန်မှန်ရရင် ဈေးပတ်အဖွဲ့တွေ၊ ခရီးသည်တွေ ကျေနပ်ကြည်နူးကြမည်။ မီးရထားကြီးကို ကျေးဇူးတင်တယ်ဆိုတော့ မိမိလည်း အစိတ်အပိုင်းလေးတစ်ခုမှာ ပါဝင်မှာပါပဲ။

* * *

စကြံ ၅ မှာ ၂၃ အဆန်လော်ကယ်နဲ့ ၁၄၃ အဆန် ရွှေညောင်-ရပ်စောက်ရထားကို ကျောခိုင်းထိုးထားလိုက်နိုင်ပြီ။

စကြံ ၄ မှာ ၁၄၇ အဆန် လွိုင်ကော်ရထား စက်ခေါင်းချိတ်ပြီး အဆင်သင့်။ စကြံ ၃ တောင်ဘက်ပိုင်းမှာ ၂၂ အစုန် တောင်ငူ လော်ကယ်။

၁၁၁ အဆန် မြင်းခြံရထားက ဝေးသေးတာမို့ မထိုးသေး၊ တာဝန်ကျေသွားပြီ။ မိမိရဲ့ ယာဒ်ဝင်း ဝန်ထမ်းတွေနဲ့ တွဲစစ်ဝန်ထမ်းတွေ ကြိုးပမ်းမှု။

မိမိ အသံချဲ့စက်ကတစ်ဆင့် ဘယ်ရထား၊ ဘယ်စကြံမှာ ရှိတယ်ဆိုတာကို ကြေညာရင်း ခရီးသည်များ လက်မှတ်ကိုယ်စီဝယ်ဖို့ပါ သတိပေးကြေညာလိုက်သည်။

မနက် ၃ နာရီတိတိမှာ အမှတ် ၁၄၇ အဆန် လွိုင်ကော်ရထား အချိန်မှန်စေလွှတ်လိုက်နိုင်ပြီ မိမိရင်ထဲ တိုးဝှေ့ဝင်လာသော

ပီတိ ( ၁ ) ။

ကျန်တဲ့ရထားတွေလည်း ပြေးလမ်းပေါ်ရောက်ပြီ၊ ရထားရောက်ပြီး မကြာခင်မှာ စက်ခေါင်းတွေလည်း ထွက်လာကြတော့မှာမို့ ကျန်တဲ့ပီတိ ၂-၃-၄-၅ မိမိရှေ့မှာပါပဲ။ အိပ်ရေးပျက်လို့ ဖန်စပ်နေသော မိမိမျက်လုံးများကတော့ အခုအခါမှာ ပြန်လည်ကြည်မြလို့နေပြန်သည်။

'တာဝါမှ ကွန်ထရိုး… တာဝါမှ ဝမ်းဖိုးဆဲဗင်း ရိုက်တိုင်းဆဲဗင်းတင်းအပ် ဝေးရင် တူးသရီး၊ တူးတူး ရိုက်တိုင်းရမယ်'

'ရတယ် လွှတ်'

၁၄၇ အဆန် အချိန်မှန်ရကြောင်းနှင့် ၂၃ အဆန် ၂၂ အစုန်လော်ကယ်ရထားများ အချိန်မှန်လွှတ်နိုင်ဖို့ တာဝန်ကျ ရထားကြီးကြပ်ရေးအုပ် ကိုကျင်သောင်းကို အကြောင်းကြားပြီးပြီ။

၄ နာရီ ၃၅ မိနစ် အချိန်မှန်ထွက်မယ့် ၂၃ အဆန်လော်ကယ်တစ်ဘက်ကို စေလွှတ်ဖို့ နံရံကပ်နာရီက ၄ နာရီ ၂၅ မိနစ်အပြမှာ မိမိ ကြေးနန်းခလုတ်ဆီ လက်ရွှေ့သည်။

ဒုံး ဒုံး ဒုံး ဒုံးနှင့် တံခါးအဆက်မပြတ်ခေါက်သံကြားတော့ အမြန်ရထားတွေ ဘယ်အချိန်ရောက်မလဲဆိုတာကို တချို့ခရီးသည်တွေ ခရီးကြိုသော ကြေညာသင်ပုန်းမှာ ကြေညာပေးထားတာနဲ့ပင် မကျေနပ်နိုင်ဘဲ မိမိတို့ဆီ ကိုယ်တိုင်ကိုယ်ကျ လာမေးတတ်သည်။ မိမိတို့ကလည်း တစ်ခါတစ်ရံ အလုပ်သိပ်ရှုပ်တဲ့အခါမျိုးမှာ သိပ်ပြီး စိတ်မရှည်ချင်တတ်။ ဒီနေ့မှာတော့ မိမိက ပီတိ ၁ ကို ပိုင်စားထားပြီးပြီမို့ စိတ်လက်ကြည်လင်စွာပဲ။

'တံခါးစေ့ထားတယ်၊ တွန်းဝင်ခဲ့ပါ' ဟု ပြောဖြစ်သည်။

တံခါးတွန်းဝင်လာတော့ မိမိထင်သလို ခရီးသည်များမဟုတ်။ ၂၃ အဆန် လော်ကယ်တာဝန်ကျရထားထိန်း ဦးအောင်မင်းနဲ့ စက်ဗိုလ်ကြီး ဦးအုန်းမောင်တို့ ဖြစ်နေသည်။

'ရုံပိုင်ကြီး ကြည့်လည်းလုပ်ဦး၊ တွဲချိတ်တာ မှားနေတယ်'

စက်ဗိုလ်ကြီးအပြောမှာ ဂါတ်ဗိုလ်ကြီးဦးအောင်မင်းက တွဲစာရင်းစာရွက်ကို မိမိထံ ထိုးပေးသည်။

တွဲစာရင်းအရ စက်ခေါင်းနောက်မှာ ဝန်ပေါ့တွဲ GH ၂ တွဲ ချိတ်ထားသည်။ နောက်မှာက GBHV တွဲပြည့်။ ဒီနှစ်တွဲက ဘာလို့ စက်ခေါင်းနောက် ရောက်နေရတာလဲ။ ဘရိတ်တွဲနဲ့ ကပ်ချိတ်ပါတော့လား။ မိမိရဲ့ ယာဒ်ဝင်းတွဲစီအုပ် ဦးခင်မောင်က စေ့စပ်သေချာသည်၊ ဒါမျိုးမမှားတတ်။

ယာဒ်ဝင်းဆီ ဖုန်းလှည့်သည်။ ဦးခင်မောင်နှင့် တိုက်ရိုက်ရသည်။ 'ဘာလို့ ဒီလိုချိတ်လဲ ဥပဒေအရ မချိတ်ရတာ သိရဲ့သားနဲ့ဗျာ' ဟု မိမိပြောတော့ သူလည်း အလုပ်များသွားပြီး ဝန်ပေါ့တွဲလို့လည်း မထင်တာနဲ့ အလွယ်တကူပဲ ချိတ်ပေးလိုက်မိတာဟု ဖြေသည်။ တွဲမှတ်စာရေး ကိုအုန်းလှိုင် ပေါ့ဆတာ သူက တွဲတန်ဆာကြည့်ပြီး တွဲစီဝင်းအုပ်ကို ပြောရမှာ။ ခုတော့ ၂၃ အဆန်လော်ကယ် အချိန်မှန်ရရေးက ပျက်တော့မည်ထင်သည်။

'ကဲ စက်ဗိုလ်ကြီး တွဲဆိုင်းပြန်ဖွဲ့နေရင်ကြာမယ်၊ စက်ဗိုလ်ကြီး စက်ခေါင်းနဲ့ပဲ ၂ တွဲပြန်ဖြတ်လိုက်တော့၊ ကျွန်တော်တွဲရွှေ့စာကို

ထုတ်ပေးပါ့မယ်၊ ရထားအချိန်မှန်အောင် ကူညီလိုက်ပါဦးဗျာ'

'အိုကေ····ရတယ် ရုံပိုင်ကြီး'

စက်ဗိုလ်ကြီးနဲ့ ဂါတ်ဗိုလ်ကြီး ဝန်ပေါ့ ၂ တွဲ ပြန်ဖြုတ်ဖို့ ရထားဆီပြန်ထွက်သွားတော့ တွဲမှတ်စာရေး ကိုအုန်းလှိုင်ရဲ့ ပေါ့ဆမှု၊ တွဲစီဝင်းအုပ် ဦးခင်မောင်၏ အလျင်လိုမှု၊ ၂၃ အဆန်လော်ကယ် အချိန်မှန်ရရေးထိခိုက်တော့မည်။ မိမိ စိတ်တိုတိုဖြင့် ၂၃ အဆန်စက် ခေါင်းကို တွဲရှေ့အချက်ပြ မီးပေးရန် ထိန်းချုပ်ခုံမှ ခလုတ်စိမ်းလေးကို ကြမ်းတမ်းစွာပဲ လှည့်ပစ်လိုက်သည်။

စက်ခေါင်းက GH နှစ်တွဲကို မြောက်ဘက်ဝင်းထဲမှာ ဆွဲ ဖြုတ်ခဲ့ပြီး တွဲဆိုင်းဆီ ပြန်ဆုတ်ဖို့မှာ ပွိုင့်အမှတ် ၉၀ က ကြောင်နေ ပြန်ပြီ။ ပုံမှန်မီးစိမ်းမရ။ သွားပါပြီ အချိန်မှန်ကိစ္စ။ ဖြေတော့ ထုချေ လွှာ။ ဒေါပွပွနှင့် ကြေးနန်းနှင့် အချက်ပြရုံးခန်းကို ဖုန်းအဆက်မပြတ် လှည့်ပစ်လိုက်သည်။

၄ နာရီ ၃၅ မိနစ် ထွက်ခွာရမည့် ရထားက ၅ နာရီ ၅ မိနစ်မှပဲ ထွက်သွားနိုင်သည်။ ဒီရထား မထွက်နိုင်ခင်မှာ ၂၂ အစုန် လော်ကယ် ၄ နာရီ ၅၅ မိနစ်၊ ၁၄၃ အဆန် လူစီးရထား ၅ နာရီ အားလုံးကွက်တိ။ အချိန်မှန်။ ပီတိ ၃း၄ ကို တော့ ရလိုက်ပြန်သည်။ ပီတိ ၂···၂၃ အဆန် လော်ကယ်ကတော့ မိမိထံတိုးဝှေ့မလာတော့။

ရထားကြီးကြပ်ရေးအုပ် ကိုကျင်သောင်းကို ရထားထွက်ချိန် တွေပေးပြီးတော့ ခဏနားခွင့်ရသွားပြီ။ ထန်းပလပ်ကုလားထိုင်လေး ပေါ် မှီလျော့ ဖျော့ခွေ၊ မျက်လုံးကို အသာမှေး၊ ဒီမှာတင်ပဲ···။

*  *  *

'ဒုံး ဒုံး ဒုံး ဒုံး' ထုပြန်ပြီ။ ဒီတံခါး။ ရထားမေးတာဆိုရင်တော့ မိမိဘုတောတော့မည်။ ခဏလေးပင် မနားရပါလားဟု အတွေးရိုင်းကဝင်လာသည်။

'တွန်းလိုက်ပါ'

တံခါးပွင့်သွားတော့ အမျိုးသမီးနှစ်ယောက်။ ရှေ့က အမျိုးသမီးက တအီးအီးနှင့်ငိုလာသည်။ နောက်က အမျိုးသမီးငယ်ကလေးကတော့ အသံမထွက် ရှိုက်လျက်။

'ဟိုက်'ဘာပြဿနာတွေ ဖြစ်လာပြန်ပြီလဲ။

မိမိတို့ ညတာဝန်ကျ အထူးတန်းရုံပိုင်များက ညပိုင်းမှာ ရုံပိုင်ချုပ်၏တာဝန်များကိုပါ ပူးတွဲယူရတော့ လူမှုရေးကိစ္စတွေ၊ ခါးပိုက်နှိုက်၊ အလစ်သုတ်၊ မှောင်ခိုဖမ်းမိ စတဲ့ကိစ္စတွေလည်း ဝင်ရောက်ဖြေရှင်း ပတ်သက်နေရတတ်သည်။ အခုလည်း ကောက်ရိုးပွေ့ရဦးတော့မှာပဲဟု ခပ်ညစ်ညစ်တွေးသည်။

'ရုံပိုင်ကြီးရယ်... ကယ်ပါဦး ကယ်ပါဦး' ရှေ့က ဝင်လာသူအမျိုးသမီးက ငိုလျက်ပြောပေမယ့် သူ့နောက်ကဝင်လာတဲ့ အမျိုးသမီးငယ်ကတော့ တအင့်အင့်နဲ့သာ ရှိုက်လို့နေသည်။

မိမိလက်ကာပြကာ 'ကဲ... ဖြည်းဖြည်းပြော ဘာဖြစ်တာလဲ'

'အဟီး... ဟီး... ကျွန်မကုန်စိမ်းတွေ ရထားပေါ်ပါသွားလို့ပါ။ ကျွန်မက စက်ခေါင်းကြီးဖြုတ်သွားတော့ ခါတိုင်း ဖြစ်နေကျအတိုင်းပျက်လို့ စက်ရုံထဲဝင်ပြင်မှာ ကြာမှာပဲထင်ပြီး အိမ်ပြန်ချိန်ခွင်ယူနေတုန်း အဟီးဟီး ရထားကထွက်သွားတော့ ကျွန်မကုန်တွေတော့ကုန်ပါပြီ အဟီး...ဟီး...ဟီး...'

ငိုလည်းငို ပြောလည်းပြောနှင့် မိမိစိတ်ရှုတ်ထွေးလာပေမယ့် ဒီမိန်းမရဲ့သောကကို ကိုယ်ချင်းစာပေးရင်း...

'ကျွန်တော်ပြောမယ်၊ ခင်ဗျား ဈေးပတ်ရောင်းမယ့်ကုန်တွေ ရထားပေါ်ပါသွားတယ်၊ သဲတောမှာ ချမှာဟုတ်တယ်နော်၊ ကဲ… ဘယ်တွဲမှာပါလဲ၊ ဘယ်သူ အဖော်ပါသွားလဲ၊ ကျွန်တော် သဲတော ဘူတာကိုချပေးထားဖို့ လှမ်းပြောပေးမယ်၊ ခင်ဗျားက နောက်ကလိုက် လာတဲ့ စာပို့ရထားနဲ့ ပြန်လိုက် ဟုတ်လား…'

* * *

'အစ်မ… အစ်မ ဟိုကလေးလေး ပါသွားတာကို ပြောဦး လေ'

တစ်ချိန်လုံး ရှိုက်နေတဲ့ မိန်းကလေးရဲ့အပြောကြောင့် မိမိ အထိတ်တလန့်ဖြစ်သွားမိသည်။

'ကဲ… ပြောပါဦး၊ ဘာလဲ၊ ဘယ်က ကလေးလဲ'

'ကျွန်မ ကျွန်မကလေးပါ ရုံပိုင်ကြီးရယ်၊ သမီးလေးပါ… ၃ လပဲရှိပါသေးတယ်… ကလေးပါ ပါသွားတာ'

'ဟာဗျာ… ကလေးပေါက်စလေး မအေနဲ့ မစိရနဲ့တော့ ဒုက္ခပါပဲ၊ ဒုက္ခပါပဲ၊ ခင်ဗျားက ဒါကို အရင်မပြောပြဘဲ ကုန်တွေပါ သွားတာပဲ တွန်းပြောနေတော့တာပဲ'

မိမိ ဒေါပွပွနှင့် ဖိပောက်တော့ ဒီမိန်းမ မျက်လုံး ကလယ် ကလယ်နှင့် တစ်ချက်ရှိုက်လျက်…

'အို… ရုံပိုင်ကြီးကလည်း ကလေးကို ဘယ်သူမှလည်း ယူမှာမဟုတ်ဘူး၊ ကုန်စိမ်းတွေသာ သူများအလွယ်တကူ ယူကုန်ရင် ကျွန်မ အရင်းပြုတ် ဒုက္ခရောက်မှာ'

ထိုမိန်းမ၏ သောကမုန်တိုင်းသည် သူမရင်ထဲမှာ တိုက်ခတ်လာသောကြောင့် ခါးသည်းစွာ ခံစားလိုက်ရချိန်မှာ စောစောက ပီတိ ၁.၃.၄ အားလုံး အရည်ပျော်ကျပျက်စီးသွားခဲ့သည်လေ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊
နှစ်လည်မဂ္ဂဇင်း


MONT
THONE-
2009.

အသည်းကွဲရှန်တိန်

မဟေသီ၊ ၁၉၉၁၊ စက်တင်ဘာ

# အသည်းကွဲ ရှန်တိန်

သူ ရထားသံလမ်းထိန်း ကယ်လ်ဗင်ပေါ်က ဆင်းလာတော့ ရင်က နိမ့်ချည်မြင့်ချည်နှင့် ဖိုလှိုက်နေသည်။ ရင်မောနေသဖြင့် အသက်ရှူရတာကိုက မဝ၊ သူ့တစ်ကိုယ်လုံးမှာရှိသည့် အင်အား အစုအစည်းကို သံလမ်းပြောင်း မောင်းချိန်းတံက စုပ်မျိုပစ်လိုက်သလားပဲ။

အမြန်ရထားကြီး တောက်လျှောက် မောင်းနှင်သွားဖို့ အတွက် (၁) လမ်းကပ်သံလမ်းက မိန်းလမ်းကို ချဉ်းကပ်ပေးနိုင်ပြီမို့ သူ့တာဝန်ကျေပြီးပြီ လမ်းပြန်မပြေးအောင် ကလင့်(န်)လည်း ခတ်ထားပြီမို့ စိတ်လျှော့ဖြေရင်း သူ ဆေးလိပ်ဖွာခွင့်တော့ရသွားပေသည်။

သူ ဘူတာထဲက ခုံတန်းလျားလေး (ရထားထိုင်ခုံအဟောင်း) ပေါ် ခပ်လျှောလျှောထိုင်ရင်း အဝေမ်းဆေးလိပ်လေးကိုတရှိုက်မက်မက်

ဖွာတော့ စောစောက အမောများလွင့်ပါးသွားလေသည်။ဟိုတုန်းက သည်လို သံလမ်းချိန်းတာလောက်ကို ညာဘက် လက်တစ်ဖက်တည်းနှင့် ဆွဲနိုင်ခဲ့ပေမယ့် ခုတော့ သံတန်းကိုခြေနှင့် တွန်းကန်၊ လက်နှစ်ဖက်နှင့် ဖိဆွဲတာတောင်မှ  သံလမ်းကချိန်းမသွားချင်။ လမ်းထိန်းကိရိယာတွေကိုက ချို့ယွင်း၊ အိုဟောင်းနေလို့လားဟု စဉ်းစားလိုက်မိပေမယ့် အိတ်ထဲကျနေသော သူ့လက်မောင်းကြွက်သားမျှင်ကိုတော့ သူဘယ်လိုမှ အားမရနိုင်တော့။

အင်းလေ ရှေ့သုံးလေးနှစ်ဆိုရင်ပဲ အလုပ်တာဝန်ကနေ သက်ပြည့်ပင်စင်နဲ့ အနားယူရတော့မှပဲ။ အသက်အရွယ်က သူ့ကို ဒီလောက်ထိ လုပ်ကိုင်ခွင့်ပေးထားတာ၊ ကျန်းမာနေသေးတာ (သန်စွမ်းမှုတော့မဟုတ်)ကိုက သူ့အတွက် နှစ်သိမ့်ဖြေဆည်နိုင်တဲ့ အနေအထားပင်၊ ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ အသက်ပြည့်မှပဲ အနားယူချင်သည်။ လုပ်သက်ကတော့ သူနားချင်လည်း နားလို့ရသည်။ ဒါပေမယ့် သူမနားနိုင်။ လစာလေးအပြင် ဘူတာ ကုန်တင်ကုန်ချ ငွေကလေးများက သူ့မိသားစုကို ထမင်းနပ်မှန်စေသည်။ ပင်စင်ယူလိုက်ရရင်တော့ ဘူတာကုန်တင်ကုန်ချက လုပ်ခွင့်မရှိတော့။ သူ့အစား ဝင်လာမည့်သူအတွက် ဖြစ်သွားမည်။ ဒီအခါမှာ သူ့ပင်စင်လစာနဲ့ သူတို့မိသားစု ဘယ်လိုမှ ဝလင်မှာမဟုတ်တော့။ ဒါကြောင့် သူပင်စင်ရမှာကိုတော့ ကြောက်သည်။ ပြီးတော့ သူက သူ့အလုပ်ပေါ် သံယောဇဉ်ကြီးလွန်းသည်။

နှစ် ၃၀ အကျင့်စွဲအလုပ်တစ်ခုကနေ ဖြတ်တောက်သွားရာမှာ စိတ်[illegible]ပေါ့ပါးစွာ နေထိုင်တတ်သူတွေထဲ သူဘယ်လိုမှ ပါနိုင်မှာမဟုတ်။ မလွှဲမရှောင်သာလို့ အသက်ပြည့်ပင်စင် ယူသွားရသည့်အခါမှာတောင် သူကတော့ ဘူတာလေးဆီကို လာနေဦးမှာပါပဲ။

နေ့ည တစ်လှည့်စီ တာဝန်ထမ်းဆောင်နေချိန်မှာ သူနှင့် တွဲဖက်တစ်ယောက်ရှိပေမယ့် အဓိကလမ်းမကြီးမှာ ဥဒဟို ပြေးလွှား နေတဲ့ စုန်ဆန်ရထားတွေက သက်သောင့်သက်သာနေထိုင်ခွင့်ကို ပေး လေ့မရှိ။ ရထားများအန္တရာယ်ကင်းရှင်းစွာ နှောင့်နှေးကြန့်ကြာမှု မရှိ စွာ သွားနိုင်ဖို့အတွက် ပြေးလွှားလုပ်ကိုင်ရတာမှာ ပင်ပန်းနွမ်းနယ် ပြီး ပုံလဲကျသွားချင်လောက်အောင်ကို သူ တစ်ခါတစ်ရံဖြစ်ဖူးသည်။ ဒါပေမယ့်လည်း သူကတော့ ဒီလို လုပ်ကိုင်နေတာကိုပဲ ပျော်နေတတ် သည်။ သူက ဒီ လမ်းခွဲကိုင်(ဂျမဒါ)အလုပ်ကို မြတ်နိုးခုံမင်ချစ် သည်လေ။

ရပ်မယ့်ရထားကို (၁)လမ်း သွင်း၊ တောက်လျှောက်ဖြတ် မယ့်ရထားကို (၂)လမ်း ပို့၊ ရှန်တိန်ခေါ်တွဲပြောင်းတွဲချိန်း လုပ်ရတဲ့ အခါ (၃)လမ်းကို သွင်း၊ အလံနီ၊ စိမ်း နှစ်ချောင်းနှင့်ပြေးလွှား၊ တွဲချိတ်တွဲဆက်လုပ်၊ ရုံပိုင်လက်မှတ်ရောင်းနေတဲ့အခါ၊ ပါဆယ် တန်ဆာရေးနေတဲ့အခါ၊ မော့စ်ရိုက် တယ်လီဖုန်းကိုင်နှင့် မရပ်မနား တန်းလုပ်ရပြီဆို သူ့မှာ မောဟိုက်တုန်ယင် နေတယ်။ ပြီး နူတ်ခမ်းဖျား မှာတော့ အပြုံးစလေးများ တွဲခိုလျက် သူ့အလုပ်ပေါ် ကျေနပ်ပျော်ရွှင် နေလေသည်။

သူ့ ဆေးလိပ်လေးတစ်ဝက် မကျိုးခင်မှာပင် စိတ်အသိ စေ့ ဆော်မှုက သူ့မျက်လုံးကို နံရံကပ် ဓာတ်ခဲနာရီဆီ ရွေ့ပို့လိုက်သည်။ တယ်လီဖုန်း စက်ခုံနေရာမှာ ရုံပိုင်ကြီးက ရထားလမ်းရှင်း စာရွက်ထဲ လိုအပ်တဲ့အချက်အလက်ရေးနေပြီမို့ သူ့ဆေးလိပ်လေးကို ခုံလက်တင် လေးပေါ်မှာ အောက်မကျအောင် ထိန်းထားလိုက်ပြီး ထိုင်ရာကထ သည်။ ရုံပိုင်က ပေးလာမည့် လမ်းရှင်းစာရွက်ကို အဆင်သင့်ချည်နိုင် ရန် ကြိမ်ကွင်းကြီးကို ရထားလက်မှတ်ရောင်း ခုံထောင့်ဆီမှ ယူ

ထားလိုက်သည်။

ဟိုးခပ်လှမ်းလှမ်းဆီမှ ဥသြသံ ပျံထွက်လာတော့ သူနှင့် တာဝန်တွဲကျသူ မောင်ကျော်ဝင်းက ရထားဘူတာဖြတ်ခွင့် အမှတ်အသားပြ အလံချိုးမောင်းတံကို တဝေါဝေါနှင့် ဆွဲလှည့်သည်။

သူ ကြိမ်ကွင်းကိုင်လျက် ဘူတာအပြင်ဘက်ကို ခပ်သွက်သွက်ထွက်သွားပြီး သံလမ်းအတိုင်း ပေ ၁၅ဝ လောက် လျှောက်ပြီးချိန်မှာ ရထားစက်ခေါင်းမောင်းအကူက သူကိုင်ထားသော ကြိမ်ကွင်းကို အချိန်ကိုက် လက်လျှိုချိတ်ယူသွားပေပြီ။

ရထားကြီးက ဥသြသံဆူညံစွာ တဂျုန်းဂျုန်းဖြတ်မောင်းကာ သူတို့ဘူတာလေးကို နှုတ်ဆက်သွားတော့ ရထားတစ်စင်းအတွက် အမှားအယွင်းကင်း၊ ချိန်သားကိုက် နည်းစနစ်မှန်စွာဖြင့် တာဝန်ချိန်ထဲက တာဝန်တစ်ခုကို အောင်အောင်မြင်မြင် ဆောင်ရွက်သွားနိုင်ပြီမို့ ရင်မှာ ချမ်းမြေ့ပြီး ပီတိတဝေဝေလေ။

ဒီလိုပါပဲ။ ရထားအစီးပေါင်း မြောက်မြားစွာကို တာဝန်ကျေပြီးခဲ့ပြီ။ သူ့လုပ်သက်တစ်လျှောက်မှာ သူသံလမ်းပြောင်းပေး၊ ဆုံပေး၊ အလံချိုးပေး၊ တွဲချိတ်ပေးခဲ့ရတဲ့ ရထားအရေအတွက်က သောင်းဂဏန်းတိုင်ခဲ့ပြီ။ ဒါကိုတော့ သူတစ်ခါမှ တွက်မကြည့်ဖူးခဲ့။ သူ့ကြောင့် ရထားတိမ်းချော်သွားတာ၊ နောက်မကျသင့်ဘဲ နောက်ကျတာ၊ လမ်းရှင်းကြိမ်ကွင်း လွတ်ကျတာမျိုး တစ်ကြိမ်လေးတောင်မှ မရှိခဲ့တာကိုတော့ သူက စွဲစွဲမှတ်မှတ်ရှိသည်။ တာဝန်နှင့်ပတ်သက်လာလျှင် သူဟာ နပျိုတက်ကြွနေတဲ့ လူငယ်လေးတစ်ယောက်လို ဖြစ်လို့နေတာပါပဲ။

* * *

ဒီမနက်မှာ သူ့တာဝန်ချိန်မရှိ၊ ညတာဝန်မို့ နားခွင့်ရသွားပေသည်။ သူနှင့်တကွ လက်ထောက်ရုံပိုင်လေး ကိုကျော်ဇော၊ လမ်းခွဲကိုင် မောင်ထွန်းရီ၊ မောင်ကျော်ဝင်း၊ မောင်လှမော်နှင့် ကားလမ်းဂိတ်ပိတ်ကိုတင်မောင်၊ အောင်ဆန်းထွန်း၊ ဘူတာလုလင်မောင်ဌေးအောင်တို့ကို အမှာစကားခြွေသည်။ ရုံပိုင်ကြီးစကားအရ အသင့်အနေအထားရှိထားရမည်ကို သိထားလိုက်ပြီ။ တစ်ညလုံး လှုပ်ရှားထားပေမယ့် အိပ်စက်အနားယူနေခွင့်မရှိတော့။ သူ အိမ်ခဏပြန်ပြီး မီးပူကျ ယူနီဖောင်းကို အသပ်ရပ်ဆုံးဖြစ်အောင်ဝတ်ဆင်ရမည်။ တစ်လောကလေးတင်မှ ရုံးက ထုတ်ပေးထားသော မီးခိုးပြာဇင်စ ပါးကို သူချုပ်ပြီးတာဘာမှမကြာသေး။ ဒီနေ့အတွက် ဝတ်စုံသပ်ရပ်မှုကို သူစိတ် မပူတော့။

သူ အိမ်ပြန်ရောက်တော့ ရေချိုးသည်။ ရေချိုးရင်းက ရထားဆောင်ပုဒ်များ၊ ရည်မှန်းချက် ၁၀ ချက်တို့ကို နှုတ်ခမ်းလှုပ်ရုံရွတ်ဆိုကြည့်သည်။ ကျန်လုပ်ငန်းပိုင်း ကိစ္စများကတော့ လုပ်သက်ရှည် အတွေ့အကြုံအရကျက်ဖို့မလို။ အသွေးအသားထဲ စိမ့်စွဲပြီး အသိမှတ်ဉာဏ်မှာ ထဲထဲဝင်ဝင်ရှိပြီးသား။ သူက လုပ်ဖော်လမ်းခွဲကိုင်တွေထဲက မောင်လှမော်ကိုပဲ စိုးရိမ်သည်။ ကောင်လေးက လုပ်သက်နုနု၊ ပြီးတော့ ကျွတ်ဆတ်ဆတ်၊ အဖြေမတတ်၊ အနေမတတ်ရင်ခက်မည်။တစ်ယောက်ကနေ အားလုံးဆီမီးစကူးသွားနိုင်သည်။ သူ ကောင်လေးကို ရထားဆောင်ပုဒ်တွေ၊ လမ်းရှင်းဆိုင်ရာ ပညာရပ်ဝေါဟာရတွေ၊ စည်းစည်း ပိုင်ပိုင်ရွတ်နိုင်အောင် သင်ပေးရဦးမည်ဟု စိတ်ကူးလိုက်သည်။

မနက် ၉ နာရီလောက်မှာ ရုံပိုင်ကြီးအပါအဝင် သူတို့ အားလုံးဝတ်စုံပြည့်ကိုယ်စီနှင့် အသပ်ရပ်ဆုံး အနေအထားမှာရှိနေကြပြီ။ဘူတာတွင်းပြင်တို့မှာလည်း အမှိုက်တစ်စမရှိအောင် သန့်ရှင်းရေးအလုပ်သမ

ကြီး ခေါ်ခင်ဝင်းက လှဲကျင်းထားပြီးပြီ။ သူ ဆေးလိပ်လေးဖွာရင်း ရထားလမ်းတောင်း အချက်ပေးမော့စ်ရိုက်တံ မြည်လာမည့်အသံကို ရင်တထိတ်ထိတ်နှင့် နားစွင့်သည်။

မောင်လှမော်၊ အောင်ဆန်းထွန်း၊ ဌေးအောင်နှင့် ကိုတင်မောင်တို့က ဝင်ငွေတိုး၊ သုံးငွေလျှော့ရေး၊ ရထားများ အချိန်မှန်ရေး၊ ဝန်ထမ်းအခွင့်အရေး မျက်ခြည်မပြတ်ရေး၊ ကျန်းမာပျော်ရွှင်ရေး စသော ရည်မှန်းချက် ၁၀ ချက်ကိုပါ အသံထွက် ကျက်နေသည်။ သူလည်း စိတ်ကနေ နံပါတ်စဉ်လိုက် ပြန်ရွတ်ကြည့်သည်။ အထစ်အငေါ့မရှိ၊ သူ စိတ်ကိုအတည်ငြိမ်ဆုံး အနေအထားဖြစ်အောင်လျှော့ရင်း တဒိတ်ဒိတ်ခုန်နေသော သူ့ရင်ကို လက်နှင့်ဖိလျက်က ပြုံးမိသွားသေးသည်။

ဒါမျိုး အတွေ့အကြုံ ဒီတစ်ကြိမ်မှာမှ မဟုတ်တာ သုံးလေးကြိမ်တော့ ကြုံဖူးခဲ့သည်ပင်။ ဒါကိုပဲ သူ ဘာလို့ စိတ်လှုပ်ရှားနေရတာလဲ၊ အေးအေးဆေးဆေးနဲ့ ပြီးသွားမှာပါ။

သူ မောင်ထွန်းရီ၊ မောင်ကျော်ဝင်းတို့ဘက် လှည့်ကြည့်ပြန်သည်။ မောင်ထွန်းရီက ကွမ်းကို ဖိဝါးရင်း မသက်မသာ ရှိနေပုံရသည်။ မောင်ကျော်ဝင်းက နာရီတကြည့်ကြည့်နှင့် ဂဏှာမငြိမ်၊ ကိုတင်မောင်၊ အောင်ဆန်းထွန်း၊ ဌေးအောင်တို့ကတော့ လက်မှတ်ခုံထောင့်မှာ ငြိမ်ကုပ်နေကြသည်။ သူ သူ့လုပ်ဖော်တွေ စိတ်လှုပ်ရှားမှုလျော့လို လျှော့ငြား ရောက်တတ်ရာရာစကားတွေ ပြောရကောင်းမလား စဉ်းစားမိပေမယ့် ဘာမှမပြောတော့။

တယ်လီဖုန်းစက်ခုံ ဝဲဘက် မော့စ်ရိုက်တံဆီက တောက်တောက်တောက်တောက်နဲ့ မြည်လိုက်ချိန်မှာ အချိန်ကိုက် ဗုံးတစ်လုံး၏ ပေါက်ကွဲသံကြားရသည့်အလား၊ သူ့နှားစည် အမြေးပါးက နရီကျ မမှန် ပရမ်းပတာ တုန်ခါသွားလေသည်။

ရုံပိုင်ကြီးက အဆက်အသွယ်ရကြောင်း မော့စ်ပြန်ရိုက်ပြီး တယ်လီဖုန်းကို ကိုင်လိုက်တော့ သူထိုင်ရာက ထပစ်လိုက်သည်။ အနည်းငယ် တွန့်ကြေစပြုနေသော ဘောင်းဘီကို ချွေးစို့စ လက်ဖဝါး ပြင်နှင့် အတင်းဖိသပ်တောင့်တင်းအောင်လုပ်သည်။

'ကဲ… ဘယ်မှ မသွားကြနဲ့တော့၊ စောစောက ကျွန်တော် ပြောထားသလိုပဲ စကားအရာ ယဉ်ကျေးပါ'

ရုံပိုင်ကြီး အသံကိုက လည်ချောင်းမရှင်း အက်သွေ့သွေ့ ဩတောတော။ သူကိုယ်တိုင်လည်း စိတ်လှုပ်ရှားမှု တစ်စုံတစ်ရာ တော့ ရှိနေမည်ထင်သည်။

မောင်ထွန်းရီ ကယ်ဗင်ပေါ်တက်သွားတော့ သူရထား အလံ ချိုးမောင်းတံကိုလှည့်ဖို့ အဆင်သင့်လုပ်ထားလိုက်သည်။ ခါတိုင်း ရထားဥဩသံကြားမှ အပြေးအလွှားနှင့် ကားလမ်းဆုံတံခါးပိတ်တတ် သော အောင်ဆန်းထွန်းတစ်ယောက် ပျာယာပျာယာဖြင့် ထွက်သွား သည်။

နောက် ၁၀ မိနစ်အကြာမှာ သူတို့အားလုံး ဘာဖြစ်ကြမှာ လဲ။ သူ့ရင်အစုံက နိမ့်ချည် မြင့်ချည်ဖြင့် အပြင်းအထန် လှိုင်းထ လာတာကိုတော့ သူကိုယ်သူ ဒေါပွလှသည်။ သွားစမ်းပါ၊ တို့ဟာ သားသတ်သမားရှေ့မှာ တန်းစီထားတဲ့ သိုးတွေမှ မဟုတ်တာ။ သူ့ ဘာသာ အပြင်းအထန်အားပေးလိုက်မှ ရင်အစုံလှုပ်ရှားမှုက ညင်သာ လို့သွားလေသည်။

* * *

သူတို့အားလုံး လက်နှစ်ဘက် နောက်ပစ်ထားပြီး တောင့် တောင့်တင်းတင်း စီစီညီညီ ရပ်နေကြသည်။

စပို့ရှပ် လိမ္မော်နုရောင်ဝတ်ထားသူက အားလုံးကို ဇေ့ဝဲဝဲ

ကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်လျက် ဘူတာအပြင်ဘက် ထွက်သွားသည်။ ရှပ်လက်တိုအဖြူ တက်ထရက်ဘောင်းဘီ နက်ပြာနှင့် ရင်ဘတ်တံဆိပ်အလျား ရှည်ရှည်ကပ်ထားသူ (အသက်ကတော့ သူ့သား အကြီးလောက်ပဲရှိမည်။) ထိုလူက မျက်နှာအတွန့်တစ်ချက် မရှိ။ ပြုံးခြင်းဆိုသော ဝေါဟာရကို ငြင်းပယ်ထားသူတစ်ယောက် လေလားမသိ။

'မင်း ဟိုဘက်ကို ရထားလမ်းရှင်း လှမ်းတောင်းပြစမ်း'

ပုံမှန်အသံပေမယ့် ဟိန်းထွက်လာသလား အောက်မေ့ရသည်။ ရုံပိုင်လေးက ချာခနဲလှည့်ပြီး တယ်လီဖုန်း စက်ခုံဆီ ရွေ့သွားသည်။ မော့စ်ကို စနစ်တကျ ရိုက်ပြသည်။

'ကဲ... တော်၊ ဟိုဘက်က လွှတ်ထားတဲ့ ရထားဝင်လာပြီ၊ သရှုးနော် မရပ်ဘူး၊ မင်း ဘာဆက်လုပ်မလဲ'

'လိုင်း ကီယာပေးပြီး အလံစိမ်းပြ ဆက်လွှတ်ပါ့မယ်ဆရာ'

'ဘာကွ၊ မင်း ဘယ်အပတ်စဉ်လဲ ပြောစမ်း'

ဟိန်းဟောက်လိုက်သော ထိုသူ့အသံသည် ရုံပိုင်လေးရင်ထဲ ဘယ်လိုရှိမည်မသိ။ သူ့မှာတော့ နှလုံးသားကို မြားတစ်စင်း ထုတ်ချင်းပေါက် စူးဝင်သလို ခံစားရသည်။

'ကျွန်... ကျွန်တော်... ဘာမှား...'

'တော်ကွာ.....ဆက်မပြောနဲ့၊ မင်းကို မွမ်းမံပို့ခိုင်းရမယ်'

ထစ်ထစ်ငေါ့ငေါ့ထွက်လာသော ရုံပိုင်လေးအသံက ထိုသူ့အသံအောက် နစ်မြုပ်မှိန်ကျသွားသည်။ ညှိုးမှိုင်းသွားသော ရုံပိုင်လေးကိုကြည့်ပြီး သူတံတွေးကို မသိမသာ မျိုချပစ်လိုက်ရသည်။

ထိုသူ ရုံပိုင်လေးဆီမှ အကြည့်ဖယ်ပြီး သူတို့ဆီ တရွေ့ရွေ့ဝင်လာသည်။ မောင်လှမော်၊ ပြီးတော့ မောင်ထွန်းရီ နောက် သူ့ဆီ၊

ထိုသူ့ဆီက အလင်းတန်းတွေ ထွက်လာသလိုပဲလား၊ သူနှင့်ထိုသူ့မျက်လုံးတစ်တန်းတည်း ဖြစ်သွားတော့ သူမျက်လွှာကို အလျင်အမြန်ချပစ်လိုက်သည်။ လက်ဖျံမှာ၊ တစ်ကိုယ်လုံးမှာ ကြက်သီးမွေးညင်းများ ဖျင်းခနဲထလာပြီး ဒူးက တဆတ်ဆတ်နှင့် တုန်ရင်ကာ ညွတ်ကွေးလုဖြစ်လာသည်။ အောက်နှုတ်ခမ်းကို ဖိကိုက်ပြီး စိတ်ကိုတင်းသော်လည်းမရ။ တုန်ယင်နေသော ဒူးကိုငြိမ်သွားအောင် သူဘယ်လိုမှ မစွမ်းဆောင်နိုင်တော့ပြီ။

'လာ… ခင်ဗျား… ရှေ့တိုး'

သူ ထိတ်ခနဲဖြစ်သွားပြီး ဘယ်ခြေကို ရှေ့အရင်ပို့ပြီးညာခြေကို ဖျတ်ခနဲဆွဲ၊ တောင့်တောင့်တင်းတင်းရပ်သည်။ စက္ကန့်ပိုင်းလေးမှာပင် ဘုရားကို အကြိမ်မရေတွက်နိုင်အောင် တမိသည်။

'ကဲ- ဘူတာမှာ လမ်းရှင်းပြီ၊ ဟိုဘက်က ဘူတာကလည်း ရထားလွှတ်လိုက်ပြီဆိုရင် ခင်ဗျားဘာလုပ်မလဲ'

သူ့စိတ်ထဲက ပြုံးမိသွားသည်။ ဒီမေးခွန်းမျိုးကတော့ သူ့အတွက် ကလေးကလား မေးခွန်းပေပဲ၊ အသံမတုန်ယင်အောင် ထိန်းရင်းဖြေလိုက်သည်။

'ရုံပိုင်ကြီးခွင့်ပြုချက်ရတာနဲ့ သွင်းရမယ့် သံလမ်းဆီကို လမ်းပြောင်းပါ့မယ်၊ လမ်းပြန် မပြေးအောင်လည်း ကလင့်(န်)ခတ်ပါ့မယ်၊ တိကျသေချာပြီဖြစ်ကြောင်း ရုံပိုင်ကြီးကို အကြောင်းကြားပါ့မယ်'

ပြီးရောလား…

ထိုသူ့ဆီက ပြီးရောလားဆိုသည့်စကား ကြားရတော့ သူ့ဦးနှောက်က အမြန်ဆုံးနှုန်းထားနှင့် ဘာများကျန်ခဲ့သလဲဆိုတာကို စဉ်းစားသည်။ မရှိ၊ ဒါဟာ အတိအကျဆုံး အဖြေပဲ။

'ပြီးပါပြီ'

ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုအပြည့်ဆုံး အနေအထားနှင့် သံပြတ်ဖြေသည်။

'ခင်ဗျား ရုံပိုင်ခွင့်ပြုချက်ရတာနဲ့ သံလမ်းချိန်းမယ်ဆိုရင် ဘာလို့ ဘူတာအပြင်ထွက်ပြီး ကယ်လ်ဗင်ပေါ် မတက်လဲ၊ ဘူတာမှာတင် သံလမ်းချိန်းလို့ရသလား'

သူ့မျက်နှာမှာ သွေးဆုတ်လို့သွားသည်။ ဒီစကားကို တုံ့ပြန်ဖြေရှင်းမည်။

'ဆရာ လက်တွေ့ခိုင်းတာမဟုတ်ဘဲ ရှင်းပြခိုင်းတာမှတ်…'

သူ့ စကားဆုံးခွင့်မရှိ၊ လက်ဝါးကာပြသော ထိုသူ့ကို ထိတ်လန့်တုန်လှုပ်စွာကြည့်မိသည်။

'ခင်ဗျား လုပ်သက် ဘယ်လောက်ရှိပြီလဲ'

'အနှစ် ၃၀ ပါ'

'ဪ… ပင်စင်ယူလို့တောင် ရပြီပဲ'

နှုတ်ခမ်းကို တွန့်ခနဲလုပ်ပြီး ပြောလိုက်သော ဟိုသူ့စကားက သူ့ကို အရှပ်ကြီးပြတ်သွားအောင်ပါပဲ၊ ရင်အုံနေရာက မူးအောင့်နာကျင်ပြီး မျက်ဝန်းမှာ မျက်ရည်စတို့ စို့တက်လာလေသည်။

ထိုသူ အပြင်ထွက်သွားတော့ သူတို့အားလုံး တညီတညာတည်း တန်းစီလိုက်ကြပြန်သည်။ ခဏကြာတော့ စပို့ရှပ်ဝတ်သူနှင့် ထိုသူ ဘူတာထဲပြန်ဝင်လာကြသည်။

'ခင်ဗျားတို့တစ်တွေ အလုပ်ကြိုးစားကြမှပေါ့၊ ခင်ဗျားတို့ တစ်ဦးတစ်ယောက်ပေါ့ဆမှုနဲ့ ပြည်သူတို့အသက်တွေ တိမ်းပါးသွားမယ်ဆိုရင် ဘယ်လောက်ကြေကွဲစရာကောင်းမလဲ၊ ဒါ လပ်(စ်)ဝမ်နင်ပဲ'

စပို့ရှပ်ဝတ်ထားသူ စကားဆုံးသည်နှင့် သူတို့တစ်ယောက်

ချင်းစီ၏ နာမည်၊ ရာထူးတံဆိပ်တွေဆီ အကြည့်ဝေ့သည်။ သူ့ဆီရောက်တော့ မျက်မှောင်တစ်ချက် တွန့်သည်။ လုပ်သက်မေးပြီး ခေါင်းတဆတ်ဆတ်ညိတ်ပြန်တော့ သူ့နှလုံးအိမ်က အမည်မဲ့ ခံစားမှုဖြင့် ခုန်ခါနေပြီး လက်ဖဝါးများ၊ ခြေဖဝါးများကနေ ချွေးစေးများ အန်ကျလာစေသည်။

* * *

ကြက်သွန်တစ်အိတ်၊ ငရုတ်တစ်အိတ် တင်ပြီးတော့ သီးသန့်တွဲချိတ်ရထားကြီးက သူတို့ဘူတာလေးကို လမ်းမှာတွေ့တော့ သစ်တစ်ပင်လိုသဘောထားနှင့် ဥသြသံမပေး၊ နှုတ်ပင်မဆက်တော့ဘဲ ထွက်ခွာသွားသည်။ ထိုရထားမျက်စိတစ်ဆုံးလွန်တော့ ရုံပိုင်ကြီး၊ ရုံပိုင်လေးနှင့် ကျန်လုပ်ဖော်များက စောစောပိုင်း အတွေ့အကြုံကို ပြန်ပြော၊ ရယ်ပွဲဖွဲ့နေကြပေမယ့် သူ့မှာတော့တုန်လှုပ်ချောက်ချားစွာ။

လုပ်သက်ကို ဘာကြောင့် မေးကြတာလဲ။

နှစ် ၃၀ ဆိုတော့ လုပ်သက်ပြည့် ဆေးပင်စင်ပေးချင်လို့ များလား။

အို... မဟုတ်ဘူး။ ဒီလိုပဲ ပြီးသွားတာပါ။ ရုံပိုင်လေးတောင် ရယ်လို့ မောလို့၊ ငါ ဘာဖြစ်နေရတာလဲ။

ဟင့်အင်း... ငါ့ကို အကြာကြီး ကြည့်သွားတာ၊ ငါ့နာမည်ကိုတော့ မှတ်သွားတာ သေချာပါပြီ။

.........................................။

.........................................။

သူ ဘူတာလေးထဲမှ သူ့အိမ်လေးဆီ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။

* * *

အမည်မဖော်လိုတဲ့ မြို့လေးတစ်မြို့ရဲ့ ဘူတာလေးမှာ လမ်းခွဲကိုင် မီးရထားအလုပ်သမားကြီးတစ်ယောက်က ခုံတန်းလျားလေးပေါ်ထိုင်ရင်း သူကြိုက်တဲ့ ဆေးလိပ်လေးဖွာလို့နေပါတယ်။

အေးဆေးတည်ငြိမ်စွာနဲ့ပဲ စုန်ဆန်သွားနေတဲ့ ရထားတွေကို ငေးရီကြည့်နေတတ်ပါတယ်။ တစ်ခါတစ်ခါမှာတော့…။

'ထွန်းရီရေ၊ ကယ်လ်ဗင်ပေါ်တက်တော့၊ ကလင့်(န်)လည်းခတ်နော်၊ ကျော်ဝင်းအလံချိုးတော့ကွ၊ အောင်ဆန်းထွန်း ဂိတ်ပြေးလေကွာ' နဲ့ အော်ဟစ်တတ်ပါတယ်။

စိတ်ကျန်းမာရေးကြောင့် ဆေးပင်စင်ယူလိုက်ရတဲ့ မီးရထားလုပ်သားဟောင်းကြီး တစ်ယောက်ဟာ သူချစ်တဲ့ဘူတာလေးကို သံယောဇဉ်ကြီးစွာနဲ့……

ဒါကို ခင်ဗျားတို့ မအံ့သြကြပါနဲ့။

မဟောသီ၊ ၁၉၉၁၊ စက်တင်ဘာလ



မျိုးဖြောင့် မျိုးကွေး

ရွှေဝ[illegible]န်၊ အမှတ် ၇

# မျဉ်းပြောင့်မျဉ်းကွေး

ကျွန်တော်စောင့်နေသည့် သရဲဈေးဘူတာလေးသို့ နံနက် ၈ နာရီ မခွဲခင်လေးမှာ ရထားဆိုက်လာသဖြင့် ကျွန်တော် ထိတ်ခနဲ ဝမ်းသာသွားသည်။

ကျွန်တော့်ရဲ့ ဝမ်းသာမှုတွေထဲမှာ ကျွန်တော် ရုံးတက်၊ ရုံးဆင်းလုပ်ရသည့် တံတားဦး၊ မန္တလေး၊ မတ္တရာ ခေါက်ပြန်ရထား၏ တစ်ခါတစ်ရံ အချိန်မှန်ဆိုက်လာခြင်းကိစ္စတစ်ရပ်လည်း ပါဝင်ပါသည်။ ဝန်ထမ်းတိုင်းရုံးကို အချိန်မီရောက်ခြင်း၊ အိမ်အပြန် မိုးမချုပ်ခြင်းတို့နှင့်သာ သူတို့၏ဘဝကို ညည်းညူမှုနည်းပါးစွာဖြင့် ဖြတ်သန်းချင်ကြပါသည်။

ဒါပေမယ့်… ဒါဟာ အမြဲတမ်းဖြစ်မှာတဲ့လား၊ ရုံးတက်

ရက် ၅ ရက်မှာ ၃ ရက်ကတော့ ကျွန်တော့်မှာနောက်ကျမြဲ၊ အိမ်ပြန်မိုးချုပ်မြဲ။ ကျွန်တော့်ရဲ့ ဦးစီးမှူးကိုယ်တိုင်ကလည်း ဒီရထားနှင့်ပဲ ရုံးတက်တာမို့ ကျွန်တော့်အတွက် နောက်ကျခြင်းကိစ္စက ဘာမှမထောင်းတာသော်လည်း ဘူတာရုံမှ ကုန်သွားသည့်အချိန်တွေအတွက်တော့ နှမြောကြသည်ပင်။ (ဒီလိုဆုံးရှုံးသွားတဲ့အချိန်တွေကို အလုပ်ခွင်ထဲ နစ်မြုပ်လိုက်ချင်တာဟု ကျွန်တော် ကြီးကြီးကျယ်ကျယ် မပြောလိုပါ)

မည်သို့ပင်ဖြစ်စေ ထိုရထားသည်ပင် ကျွန်တော်တို့ရဲ့ ရုံးတက်၊ ရုံးဆင်း အားကိုးရာယာဉ်ပဲ ဖြစ်ပါသည်။ ကျွန်တော့်လို အားကိုးအားထားရသူတွေ အများကြီးရှိပါသေးသည်။ ရုံးဝန်ထမ်းပေါင်းစုံ၊ ကျောင်းဆရာမလေးတွေနှင့် တံတားဦး၊ ပလိပ်၊ မြစ်ငယ်၊ မတ္တရာမှ ကုန်စိမ်းသည်တွေအတွက် ဒီရထားက မဟာကျေးဇူးရှင်လေ။

ကျွန်တော်တို့ရထားမှာ အိမ်သာတွေ အော်ဂလီဆန်စရာကောင်းတာ၊ ခုံတွေမှာ ကြမ်းပိုးတွေ ရှုတက်နေတာ၊ ကြမ်းပြင်ပေါ်မှာ ပိုးဟပ်တွေ၊ ကြွက်တွေ၊ ပြေးလွှားနေတာ၊ အနာကြီးရောဂါသည်တွေ အိမ်လုပ်နေထိုင်ကြတာကတော့ လွန်ခဲ့သော ၄၊ ၅ နှစ်ခန့်ကပင် ရှိနေခဲ့တာမို့ ဒီအတွက်ကြောင့်ဖြင့် အနှောက်အယှက်မဖြစ်နိုင်တော့ပါ။ ပုံမှန်ရထား၊ ပုံမှန်ပြေးလွှားခုတ်မောင်းပေးနေတာကိုပဲ ကျွန်တော်တို့မှာ ကျေနပ်နေရသည်။

ကျွန်တော်တို့ရထားမှာ ကျေးဇူးတင်စရာကောင်းတာတွေ အများကြီးရှိသည်။ ဘဝကြင်ဖော်တို့အတွက် ဒီရထားကြီးက ဖူးစာရေးနတ် လုပ်ပေးသွားတာရှိသည်။ ချစ်သူတို့ ဆုံစည်းမှုကို ဖန်တီးပေးတတ်သည်။

ကျွန်တော်နှင့် ကျွန်တော့်ဇနီးသည်တို့သည် ရထားကို နေ့စဉ်

စီးရင်းကနေ ရင်းနှီးပြီး ချစ်သူဘဝ၊ အိမ်ထောင်သည်ဘဝကို ရောက်ခဲ့တာပဲဖြစ်သည်။

မတ္တရာ သမဦးစီးရုံးက စာရေးနှင့် လက်တောင်းရှာကလေးက မူလတန်းပြ ဆရာမလေးတို့ရဲ့ ဘဝဇာတ်လမ်းမှာ ဒီရထားရဲ့ ကျေးဇူးတွေ အများကြီး ပါဝင်ခဲ့ဖူးပါသည်။

ကျွန်တော်တို့လိုပဲ ချစ်သူဖြစ် လက်ထပ်သွားသူတွေ၊ ချစ်သူဖြစ်သွားသူတွေ၊ ချစ်သူဖြစ်ခါနီးသူတွေ အများကြီးရှိပါသေးသည်။

အိမ်ကစအတွက် သန့်စင်ကြည်လင်သော မျက်နှာလေးတွေနှင့် ချစ်သူတွေ ဒီရထားပေါ်မှာ ဆုံကြသည်။ ခုံလေးပေါ်မှာ တွတ်တီးတွတ်တာပြောရင်း ရင်ခုန်ခွင့်ရနိုင်သည်။ ရုံးအဆင်း၊ ကျောင်းအဆင်းမှာ နွမ်းမောမောမျက်နှာလေးတွေကို တစိမ့်စိမ့်ကြည့်ရင်း ပူးပူးကပ်ကပ် နွေးနွေးထွေးထွေးနေခွင့်ရမည်။ ကျေးဇူးတင်ဖို့ကောင်းတဲ့ ရထားလေးပါပဲ။

ရထားလေးကို ကျေးဇူးတင်ရမည့်သူတွေထဲမှာ ကျွန်တော်တို့ ဝန်ထမ်းတွေ၊ ကုန်စိမ်း၊ နွားနို့၊ ကြက်သား၊ ဝက်သားသည်တွေအပြင် ရထားဈေးသည်တွေနှင့် တစာစာအော်တောင်းတတ်သော၊ သီချင်းဆိုတောင်းတတ်သော သူတွေလည်း ပါဝင်သည်။

ကျွန်တော်တို့က သွားလိုရာခရီးအတွက် ဒီရထားကို ယာဉ်အဖြစ်သုံးသည်။ သူတို့က စား၊ ဝတ်၊ နေရေး စားကျက်အဖြစ်အသုံးပြုမည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ ရထားသည်-

ရုံးအရာရှိကြီးကိုလည်း တင်ဆောင်သွားမည်။

ရုံးလုလင်လေးကိုလည်း တင်ဆောင်မည်ပင်။

မူလတန်းပြ ဆရာမလေးကိုလည်း လိုက်ပါစေမည်ပင်။

အနာကြီးရောဂါသည်တွေကိုလည်း သူငြင်းပယ်မှာမဟုတ်။

သူတောင်းစား အဖိုးအိုလည်း ချန်ထားခဲ့မှာမဟုတ်။
အားလုံးက ကျေးဇူးတင်ရတဲ့ ရထားပါပဲ။

* * *

ကျွန်တော်တို့နိုင်ငံရဲ့ မီးရထားတွေထဲမှာ အချိန်အမှန်ဆုံး၊ အကောင်းဆုံး၊ အသပ်ရပ်ဆုံး ရထားအဖြစ် အမှတ် ၅ အဆန်နှင့် အမှတ် ၆ အစုန်ရထားကို သတ်မှတ်ထားသည်ဟု ကျွန်တော်ကြားဖူးသည်။ 'ကင်း အော့ဖ် သည် ထရိန်း'ဟု ခေါ်ဆိုကြသည်။ အဲဒီ အမြန်ရထားကို ကျွန်တော်ရုံးကိစ္စဖြင့် ရန်ကုန်သွားရစဉ်က တစ်ကြိမ် စီးဖူးသည်။ ထိုင်ခုံတွေ၊ အိမ်သာတွေ သန့်ရှင်းတာ၊ ရထားတွဲထဲမှာ မီးတွေထိန်လင်းနေတာ၊ ဘူတာငယ်ကလေးတွေကို တဝေါဝေါ ဖြတ်သန်းသွားတာတွေအပြင် ကက်ဆက်သီချင်းသံလေးတွေ ငြိမ့်ငြိမ့် ညောင်းညောင်း ထွက်လာတာကအစ စိတ်ချမ်းမြေ့စရာကောင်းလှသော ရထားဖြစ်သည်။ ကျွန်တော်တို့ရဲ့ မတ္တရာရထားနှင့် ကွာချင်တိုင်း ကွာလှပါသည်။ ဆီးစေ့နှင့် မြင့်မိုရ်နှိုင်းလို့ပင် မကောင်းပါ။ ဒါပေမယ့် ကျွန်တော်တို့ မတ္တရာရထားပေါ်မှာ လူကိုယ်တိုင် သီချင်းဆိုပြတာ ကတော့ အမြန်ရထားကြီးထက် သာလွန်လှပါသည်။

အမြန်ရထားကြီးက ကိုယ်နှားထောင်ချင်သော သီချင်းကို ဆန္ဒပြုခွင့်မရနိုင်၊ ကျွန်တော်တို့ရထားရဲ့ အဆိုရှင်တွေကတော့ နှစ်သက်ရာ သီချင်းတောင်းဆိုနိုင်သည်။ ပိုက်ဆံအကြွေအနုတ်လေးတွေ ပေးကမ်း လိုက်ရတာတော့ရှိသည်။

ကျွန်တော်တို့ ရထားရဲ့ အဆိုရှင်တွေထဲမှာ အသံကြည်စူးပြီး ရေဒီယိုအဆိုတော်တစ်ယောက်၏အသံနှင့် ရိုးစွဲလိုက်နေသော မိန်းမ

တစ်ယောက်လည်းပါဝင်သည်။ ထိုမိန်းမသီဆိုသော တေးသီးချင်းကို ခေတ်မီအသံဖမ်းစက်ဖြင့် စနစ်တကျ ဖမ်းယူမည်ဆိုလျှင် ဝါရင့်အဆိုတော်တစ်ယောက်နှင့်ပင် မှားသွားနိုင်လောက်သည်။

ထိုမိန်းမကို ကျွန်တော် စတင်မြင်ဖူးချိန်မှာ ကိုယ်ဝန်ဆောင်ကြီးနှင့်ဖြစ်ပြီး ၄ နှစ်အရွယ် ကောင်လေးကတစ်ဖက်၊ ခါးထစ်ခွင်ချီထားသော ကလေးမလေးက တစ်ဖက်နှင့် ဖြစ်သည်။

ထိုမိန်းမက ဆံပင်ကို အုန်းဆီရွှဲရွှဲ ပိပိရိရိ ဖီးသင်ထားပြီး သနပ်ခါး ညီညီညာညာနှင့်ဖြစ်သည်။ တရုတ်ပိတ် အင်္ကျီဖြူသန့်သန့်၊ လုံချည်အရောင်အသွေးစိုကြွဆဲကို ဝတ်ဆင်ထားသည်။ သူ့ကလေးလေးနှစ်ယောက်ကလည်း အင်္ကျီဘောင်းဘီ သန့်သန့်လေးတွေ၊ သနပ်ခါးပါးကွက်လေးတွေနှင့်ဖြစ်ပြီး ဝဝကစ်ကစ်လေးတွေမို့ ချစ်စရာကောင်းလှသည်။

သူမတို့ မိသားစုကို ကျွန်တော် ခရီးသွားမည့်သူများဟု အစက ထင်ယောင်မှားမိသေးသည်။ ရထားကြမ်းပြင်ပေါ်ကို လက်ဆွဲခြင်းတောင်းလေးထဲမှ ပုဆိုးဟောင်းလေးခင်းပြီး ကလေးနှစ်ယောက်နှင့်အတူ ဒူးတုတ်ထိုင်သည်။

နောက်တော့ ချွင်ချပ်ဆိုသော စည်းဝါးသံလေးနှင့်အတူ 'ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါမည်…' ဆိုသော သီချင်းသံ ပီပီပြင်ပြင် ကြည်ကြည်လင်လင် ထွက်လာတော့ ကျွန်တော့်မှာ အံ့ဩလို့မဆုံးတော့။ သူမ အဆင်အပြင် သန့်ရှင်းသပ်ရပ်မှုတို့ကြောင့် ဘယ်လို့မှ တောင်းစားသူဟု မထင်ခဲ့။

နေ့စဉ်ရက်ဆက်ပဲ သူမတို့ မိသားစုလေး ရထားပေါ်လိုက်တတ်သည်။ သီချင်းလေးတွေက ထပ်တလဲလဲမနေ။ သီချင်းလေးတွေကို သီးသီးသန့်သန့် စုဆောင်းပြီး ဆိုတတ်သည်။ သူသီချင်းတွေ အားလုံး

က ရင်ခုန်စရာလည်းကောင်းသည်။

'ခွဲ… ကိုပင်တည်… မြကြဖို့ စိတ်ရင်းကောင်းနှင့်အညီ… အမျိုးသား၊ အမျိုးသမီးတို့သည် အရာရာမျိုးကိုကြံစည်ကာတိုး ကြံစည်ကာတိုး…'ဆိုသည့် သီချင်းကိုဆိုတုန်းက ကျွန်တော်မှာ ကြက်သီးလေးတွေပင် ထလာဖူးသည်။

ထိုမိန်းမ သီချင်းဆုံးသောအခါ သူ့ကလေးကြီးလေး ကိုင်ထားသော ဒန်ချိုင့်ပြောင်လက်လက်လေးမှာ ငွေစလေးတွေ ပြည့်ပြည့်ဝဝဖြစ်သွားတတ်သည်။ တစ်ခါတော့ ထိုမိန်းမ ၃ ပတ်ခန့် ပျောက်သွားဖူးသည်။ နောက်ပြန်ပေါ်လာသော ရက်သားအရွယ် ကလေးကို ရင်ခွင်ထဲပိုက်လျက်။ ခုတော့ ထိုကလေးလေးပင် တောက်တောက် တောက်တောက်နှင့်ပြေးနေပြီ။ သူလည်း နောက်ထပ်ကိုယ်ဝန်ဆောင်ထားပြန်ပြီ။ အကြီးကောင်လေးကတော့ ပါမလာတော့။ ကျောင်းလိုက်နေသည်ဟု ကြားရသည်။

ကျွန်တော့်ဇနီးသည်ကတော့ ထိုမိန်းမကို ပေးဖို့ အကြွေလေးတွေကိုပင် ရှာရှာဖွေဖွေ စုဆောင်းထားတတ်နေလေပြီ။

* * *

ထိုမိန်းမလိုပဲ ကျွန်တော်တို့ရထားပေါ် နေ့စဉ်လိုက်သည့် စာကလေးခွေသည်ကြီးကလည်း စိတ်ဝင်စားစရာကောင်းသည်။

ဆံပင်မွေး နီကြောင်ကြောင်ကို မဖြီးမသင်ပဲထားသဖြင့် အမြဲတမ်းပွယောင်းယောင်းနှင့် ဘိုသီဘတ်သီ။ ပြီးတော့ အင်္ကျီလည်း မဝတ်၊ ချည်ကြမ်းပုဆိုး မဲညစ်ညစ်ကြီးတစ်ထည်ဖြင့် ခန္ဓာကိုယ်အပေါ်ပိုင်းကို ပတ်စည်းထားသည်။

သူ အဝတ်မဝတ်သလို သူကလေးလေးတွေကလည်း ကိုယ်လုံးတီးလေးတွေနှင့်ပင်။ ကလေးမလေးတစ်ယောက်သာ ရှုံ့တွ၊ လိပ်တက်နေသော ဘောင်းဘီလေးကို ဝတ်ထားတတ်သည်။ ကလေးမလေးနှင့် ရွယ်တူ ကောင်လေးရော၊ အကြီးကောင်လေးရော ဘာမှမဝတ်၊ ဒီအတိုင်း။ ကြေး(ဂျီး)ကြောင်းတွေနှင့် ညစ်တူးနေပြီ။ နဂို မည်းကျုတ်ကျုတ် အသားလေးက ခုတော့ ပိုလို့ ညစ်မှောင်နေတတ်သည်။ ကောင်မလေး ကတော့ ညစ်တီးညစ်ပတ်လေးပေမယ့် အသားဖြူသည်။ သူ့အစ်ကိုတွေနှင့်မတူ။ ဒီလို မတူတာကလည်း အကြောင်းရှိသည်။

မိုးကြီး သည်းသည်းထန်ထန်ရွာတဲ့ နေ့တစ်နေ့မှာ မတ္တရာဘူတာထဲကနေ ဒီကလေးမလေးကို စာကလေးခွေသည်ကြီး ကောက်ရခဲ့တာပဲဖြစ်သည်။ အဲဒီတုန်းက ကလေးမလေး ၄ လသားလောက်ပဲရှိဦးမည်။ ဖြူဖြူပါးပါးလေး။ သစ်တောဦးစီးက တောခေါင်းကြီးမွေးစားချင်လို့ တောင်းတာကို စာကလေးခွေသည်ကြီးက ခါးခါးသီးသီး အော်ဟစ်ဆဲဆိုဖူးသည်။ သူ အရင်တွေ့တာ၊ သူနှင့်ထိုက်တာဟုကျယ်လောင် ကျယ်လောင်နှင့် အော်ဟစ်ပြီး ကလေးလေးကို အတင်းပွေ့ပိုက်ထားခဲ့သည်။

ခုတော့ ကလေးမလေးပင် ၂ နှစ်လောက်ရှိရော့မည်။ တောခေါင်းကြီးလည်း တခြားပြောင်းသွားခဲ့ပြီ။ အခုနေများ ကလေးမလေးကို တောခေါင်ကြီးတွေ့ရင်တော့ ပိန်လှီသေးကြုံ့နေတာကို စုပ်တသတ်သတ်ဖြစ်ပြီး စာကလေးခွေသည်ကြီးကို ငါနှင့်ကိုင် ဆဲလေမလား။

ကျွန်တော် စာကလေးခွေသည်ကြီး ဘယ်မှာနေသည်ကို တိတိကျကျမသိ။ ပလိပ်၊ မြစ်ငယ်ဘက်ကဟု ထင်သည်။ တံတားဦး

ကလည်းဖြစ်နိုင်သည်။ မတ္တရာဘက်ကတော့မဟုတ် ညနေရုံးပြန် ရထားမှာ စာကလေးခွေသည်ကြီးတို့ မိသားစု ပြန်ပါလာတတ်သည်။

ခက်သည်က ထိုမိန်းမကြီး ပစ်စလက်ခတ် နေထိုင်မှုပင်။ ရထားကြမ်းပြင်ပေါ် တစ်မိသားစုလုံး ပယ်ပယ်နယ်နယ် အိပ်တတ်သည်။ ခုံလွတ်တွေရှိလည်း ခုံတွေပေါ် တက်မအိပ်။ စာကလေးခွေ ဗန်းကြီးသာ ခုံလွတ်ပေါ်တင်ပြီး သူတို့ကတော့ ကြမ်းပြင်ပေါ် တုံးခန် ပဲ။ ပိုးဟပ်တွေ၊ ကြွက်တွေ သူတို့ပေါ် ပြေးသွားလည်း တုတ်တုတ်မျှ မလှုပ်။

မတ္တရာရောက်ရင်တော့ ရေချောင်းကလေးမှာ သူတို့မိသားစု ရေချိုးတတ်သည်။ ပြီးတော့ ရေစိုထမီကြီးနှင့်တွဲ ပေါ်တက်လာသည်။ ကလေးတွေကလည်း ရေစက်လက်နှင့်။ အဆိုးဆုံးကတော့ အကြီးဆုံး ကောင်လေးက ၆ နှစ်သားတောင် မကတော့ပေမယ့် ခုထိ ဘောင်းဘီ မဝတ်။ ရထားစီးတဲ့သူတွေက မနေနိုင်လို့ ဘောင်းဘီလေးတွေယူလာ ပေးလည်း ဒီကောင်လေးကတော့ အမြဲတမ်း ကိုယ်လုံးတီးလေး။

* * *

ဒီကနေ့ ရထား အိုးဘိုဘူတာကထွက်တော့ အဆိုရှင်မိန်းမနှင့် စာကလေးခွေသည်ကြီး မိသားစုတို့ ကျွန်တော်တို့ တွဲလေးပေါ်မှာ ဆုံမိကြသည်။

ထုံးစံအတိုင်းပါပဲ။ စာကလေးခွေသည်ကြီးက ကျွန်တော်ထိုင်သည့် ခုံဘေး ကြမ်းပြင်ပေါ်မှာ အိပ်လို့။ ကလေး ၃ ယောက်ကတော့ မအေ့ကျောကိုမှီပြီး ရထားကြမ်းပြင်ကို ဖနောင့်နှင့်ပေါက်ပြီး ဆော့နေကြသည်။

သီချင်းဆိုတောင်းသည့် မိန်းမကလည်း ကလေးနှစ်ယောက် လက်ဆွဲ ကြမ်းပြင်ပေါ် ပုဆိုးလေးခင်း၊ ဒူးထောက်ပြီး စည်းဝါးလေး မထုတ်ဘဲ သီချင်းဆိုဖို့ ပြင်ဆင်သည်။ ဒီနေ့ ဘာသီချင်းဆိုမှာပါလိမ့်ဆို တာကို ကျွန်တော်ဖြင့် စိတ်ဝင်စားတတ်နေပြီ။

သူ့ သီချင်းသံကြားလိုက်တော့ ကျွန်တော့်မှာ ဖြန်းခနဲ ကြက်သီးထပြီး ခေါင်းနပန်းကြီး ဆံပင်တွေထောင်သွားသည်ဟု ထင် သည်။ ကျွန်တော်တို့ တွဲလေး သီချင်းသံမှလွဲပြီး အခြားအသံ မကြားရ ဘဲ ငြိမ်သက်သွားသည်။ သီချင်းလေးက မြိုင်မြိုင်ဆိုင်ဆိုင်ဆိုဖို့ ကောင်းသည်။ ကျွန်တော်တောင် နှုတ်ထွက်မဆိုဖြစ်ပေမယ့် စိတ်ထဲက 'ရာဇဝင်' ဆိုသည့်အပိုဒ်ကို လိုက်ဆိုနေမိသည်။ ကျွန်တဲ့သူတွေရော… ကျွန်တော်လိုပဲ ဖြစ်မည် ထင်သည်။

သီချင်းဆုံးသွားတော့ ထိုမိန်းမရဲ့ ဒန်ချိုင့်လေးထဲမှာ ခါတိုင်း ထက် ကျပ်တန်လေးတွေ ပိုလျှံသွားလေသည်။

သူမတို့ ပုဆိုးလေး ခေါက်သိမ်းပြီး မတ်တပ်ရပ်လိုက်ကြသည်။ ခဏနေတော့ အပေါက်ဝမှီရပ်နေသည့် ရေခဲချောင်းသည်လေးဆီက ရေခဲချောင်းဝယ်တာကို မြင်ရသည်။ သူ့ကလေးနှစ်ယောက်ကို ရေခဲ ချောင်းတစ်ချောင်း မျှစားခိုင်းပြီး ကျန် ၃ ချောင်းကို စာကလေးခွေ သည်ကြီး၏ ကလေး ၃ ယောက်ကို တစ်ယောက်တစ်ချောင်း ဝေပေး တော့ ကျွန်တော်ဖြင့် ကြည်ကြည်နူးနူး အံ့ဩလို့မဆုံး။

* * *

အနားကနေကပ်ပြီး စည်ခနဲ ဟစ်ငိုလိုက်သံ ကြားတော့ ကျွန်တော်အပြင် ငေးကြည့်နေရာမှ အလန့်တကြား လှည့်ကြည့်လိုက်

မိသည်။

စာကလေးခွေသည်ကြီး၏ မွေးစားကလေးမလေးက အသံကုန်ဟစ်ငိုနေသည်။ အကြီးဆုံးကောင်က သူ့ရေခဲချောင်း အရင်ကုန်တာနှင့် ကောင်မလေးဆီက စားလက်စကို လုယူလို့ ငိုတာပါပဲ။

စာကလေးခွေသည်ကြီး ခေါင်းထောင်ထလာပြီး ကလေး ၃ ယောက်လုံးကို ခေါင်းတစ်ချက်စီ ခေါက်ပြီး ပြန်အိပ်သွားသည်။

အမှတ်တမဲ့နှင့် သီချင်းဆိုကောင်းသည့် မိန်းမကို ဖျတ်ခနဲ ကြည့်မိတော့ ရေခဲချောင်းလုစားသည့် ကောင်လေးကို နှုတ်ခမ်းကိုကိုက်လျက် စူးစူးရဲရဲ ကြည့်နေလိုက်တာ…။

ထိုမိန်းမ၏ မျက်လုံးအရောင်ကြောင့် ကျွန်တော်တို့တွဲလေး ပြာဖြစ်သွားနိုင်လောက်ပါသည်။

ရွှေဝတ်မှုန်၊ အမှတ် ၇



# လူသစ်တွေ

စပယ်ဖြူမဂ္ဂဇင်း၊ ၁၉၈၅၊ စက်တင်ဘာ

စာရေးသူ၏ ပထမဦးဆုံးပုံနှိပ်ဖော်ပြခံရသော ဝတ္ထုတိုဖြစ်ပါသည်။

## လူသစ်တွေ

အများအားဖြင့် လူတိုင်းဟာ အသစ်အသစ်ကို ခုံမင်မက်မော ကြမှာပါပဲ။ ကိုယ့်ကိုယ်ကို အဟောင်းမဖြစ်ချင်ကြဘူး။ ဒါပေမယ့် ကျွန်တော်ဗျာ၊ ကျွန်တော်ကတော့ အသစ်မဖြစ်ချင်ပါဘူး။ အဟောင်းပဲ ဖြစ်ချင်တယ်လေ၊ လူဟောင်းပဲဖြစ် ချင်တယ်။ အဟုတ်တကယ်ပြော နေတာပါ။ ဒီလိုပြောရတာလည်း ကျွန်တော့်အတွေ့အကြုံကြောင့်ပေါ့။

* * *

'သရီးအပ်ဆိုက်ပြီကွ'

ဘာကို ဆိုလိုမှန်းတော့မသိ၊ ရန်ကုန် နေ့အမြန်ရထားကို သရီးအပ်လို့ပဲ သူများခေါ်သလို ခေါ်သည်။ ရောင်စုံပန်းပွင့်တွေ၊

ကြိုသူတွေ၊ နှုတ်ဆက်သူတွေကို တငေးတမော ကြည့်ဖို့ထက် ဘယ်သွားကြမှာလဲ။ မြင်းလှည်းငှားမှာလား၊ ဆိုက်ကားငှားမှာလား၊ ဒါကို သိရဖို့ အရေးကြီးသည်။ သို့မဟုတ် အရေးမကြီးဆိုသည်မှာ ကျွန်တော့်အတွက် ပြဿနာဖြစ်မလာ။ အစကတည်းက မြင်းလှည်း လူကြိုဖို့ စောင့်နေတာပဲလေ။

'အစ်ကိုရေ စိန်ပန်းတဲ့ဗျ၊ သုံးယောက်တည်း၊ အိတ်သုံးလုံး၊ လက်ဆွဲတစ်ခြင်း၊ ခုနစ်ကျပ်နဲ့'

'လိုက်မယ်ကွ၊ ရော့… မင်းအတွက်'

'အစ်ကိုကတော့လုပ်ပြီ၊ ငါးမူးတည်း၊ တစ်ကျပ်ပေးခဲ့ဗျာ'

'ဟ… မင်းအရင် လူဟောင်းတောင်မှ အလွန်ဆုံးရရင် တစ်ကျပ်၊ မင်းကလူသစ်ပဲ၊ တော်ရော့ပေါ့ကွ'

တဂျုံးဂျုံး တဂျိုင်းဂျိုင်းနှင့် မြင်းလှည်းထွက်သွားသောအခါ ငါနှင့်ကိုင်တုပ်ပစ်လိုက်သည်။

* * *

မြစ်ကြီးနားရထား ဝင်လာသည်နှင့် တွဲပေါ်ရောက်ပြီးပြီ။ ဒီကောင်တွေ အတော်လျင်သည်။ သူတို့လိုမသွက်ပေမယ့် ရထားမရပ်ခင်၊ တွဲတစ်တွဲ ပေါ်ရောက်အောင်တော့ ခိုတက်လိုက်နိုင်သည်။ 'ငါ ဘယ်ဆိုးလို့လဲ'ဟု ကျွန်တော့်ကိုယ် ကျွန်တော် မချီးမွမ်းနိုင်သေး။ ပစ္စည်းများစွာ ပါသူများထံ မျက်လုံးကို ဦးတည်ပေးနေရသည်။ ပါးစပ်မှလည်း-

'အလုပ်သမား ငှားမလား၊ အထမ်းရမယ်'ဟု အော်နေရသေးသည်။

လေးလံပြီး အဝန်းအလျားရှည် သံသေတ္တာကို ကျောပေါ်တင် လျှောက်ရသည်၌ ကျွန်တော့် ခန္ဓာကိုယ်သည် ၂ ကိုစောက်ထိုးလုပ် ထားပုံနှင့် တူနေပေလိမ့်မည်။

'ဂိတ်ဖြတ်… ဂိတ်ဖြတ်… ၂ ကျပ်'

'အာ… ဦးလေကလည်းဗျာ၊ မလုပ်ပါနဲ့၊ တစ်ကျပ်လောက် လုပ်ပါ၊ ကျွန်တော်ရတာမှ သုံးကျပ်တည်း…'

'ထုံးစံပဲမောင်၊ မင်းတို့လူသစ်တွေ တံဆိပ်ရှိတာမဟုတ်ဘူး၊ မင်းဘာသာ ဘယ်လောက်ရရ၊ နှစ်ကျပ်တော့ဖြတ်'

မျက်စောင်းတစ်ချက်ထိုးပြီး အံကြိတ်ပြလိုက်သည်။ ဒါကို သူမမြင်နိုင်မှန်း မတွေးဆ၊ မကျေနပ်တာကို ဒင်းကြီး သိစေချင်တာပဲ ရှိသည်။ ကိုယ်တိုင်လည်း ဝင်မထမ်းဘဲ၊ တကယ်ထမ်းရသူတွေဆီက ဖြတ်ယူသေးသည်။

'သူတောင်းစားကြီး…'

ဒေါသဖြစ်ဖြစ်နှင့် သူ့မြင်ကွင်းမှ ကျွန်တော်ပျောက်ချိန် လောက် တွင် ပျစ်ပျစ်နှစ်နှစ် ဆဲပစ်လိုက်သည်။

* * *

'ဟေး…'

ညာသံပြိုင်လျက် တိုးဝှေ့နေရာယူလိုက်သော လူတန်းရှည်ကြီး ထဲမှ နံဘေးလွှင့်စဉ်မသွားအောင် သိပ်တော့ မကြိုးစားရ။ ရှေ့မှ အမျိုးသမီးပခုံးကို ဆုပ်ကိုင်ထားလိုက်သည်။ မျက်စောင်းလှလှ သို့ မဟုတ် မျက်စောင်းစူးစူး ထိုးလိုက်လိမ့်မည်ဟု ကျွန်တော်မမျှော်လင့်။ ထိုအမျိုးသမီး ဘာမှပြန်မပြောသလို၊ ကျွန်တော့်မှာလည်း ဘာတစ်ခုမျှ

ထူးထွေခံစား ရခြင်းမရှိ။ ရင်တော့ ခုန်နေသည်။

'ငါ့ အလှည့်မရောက်ခင် တိုကင်ပြတ်သွားမလား'ဟု…

ခေါင်းကို ဘယ်ညာထုတ်ကြည့်ရင်း၊ တစ်ခါတစ်ရံ ရှေ့တူရူသို့ ခြေဖျားထောက်ကြည့်ရင်း၊ နောက်လူကိုတံတောင်နှင့်တွက်ရင်း၊ ရှေ့လူကိုဖိတိုးရင်း၊ လက်မှတ်ပေါက်ရောက်သောအခါ စာရေးဆီမှ တိုကင်နှစ်ခုကို အမြန်ယူလျက် ပျော်ရွှင်စွာဖြင့် လူတန်းရှည်ကို နှုတ်ဆက်လိုက်သည်။

ရှေ့က ကောင်တွေနောက်လိုက်သွားပြီး တိုကင်ဝယ်နေသည့်သူကိုကျွန်တော်ကလည်း တိုကင်နှစ်စောင်ထိုးပေးလိုက်သည်။တိုကင်နှစ်စောင်ကိုယူပြီး ချက်ချင်းပိုက်ဆံမပေးသည်ကိုမကျေနပ်။ ကျွန်တော့်ကို မမြင်ဖူးသလို စူးစူးစိုက်စိုက်ကြည့်တာကို ပိုမကြိုက်။ ကျီးကြည့်ကြောင်ကြည့်နှင့် လူပုံမလည်သေးသည့် ကျွန်တော့်ပုံကပဲ သူ့အတွက် အသစ်အဆန်းဖြစ်နေသလားလို့တော့ ကျွန်တော် မသုံးသပ်တတ်။

'ရော့… လေးကျပ်'

'ဟာဗျာ… ဟိုကောင်တွေကျတော့ ငါးကျပ်ပေးပြီး'

'ဟ… သူတို့က လူဟောင်းတွေ၊ ငါ့ဖောက်သည်ကွ၊ မင်းက လူသစ်ပဲ၊ ဒီလောက်ပဲ ရမှာပေါ့…..'

သူ့ရှေ့မို့သာ နို့မို့ရင် တောက်တစ်ချက် ပြင်းပြင်းထန်ထန် ခေါက်လိုက်ချင်သေးသည်။

* * *

'ဟေ့ကောင်တွေ၊ ထ… လစ်တော့'

တဝုန်းဝုန်းပြေးလွှားသံများကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်

ပျော်နေရာမှ လန့်နိုးသွားသည်။ ကွေးခြုံထားသော ပုဆိုးကို ပြင်ဝတ်ရင်း ဘာကြောင့် ပြေးလွှားကြတာလဲကို မစဉ်းစားမိ မျက်လုံးကို ပွတ်သပ်နေလိုက်သည်။

'ဟိတ်ကောင်… ပြေးလေ၊ ဒီလူသစ်တော့ ဒုက္ခပါပဲ'

ကျွန်တော့်ကိုပြောသည်ဟု အထင်ရှိသည်နှင့် တောင်ဘက်သို့ ပြေးမိတော့သည်။ ပလက်ဖောင်းမှမြေသို့ ခြေချမိသည် ခဏ၊ မျက်လုံးသို့ စူးရှသော ဓာတ်မီးရောင် အလင်းတန်းကြောင့် တုန့်ခနဲရပ်လိုက်သောအခါ လက်နှစ်ဘက်ကို တင်းကျပ်စွာ ချုပ်ဆီးခြင်းခံရသည်။ ဝန်းကျင်ကို မျက်စိကစားလိုက်သောအခါ ကျွန်တော့်လို ၄၊၅ ယောက်လည်း ဖမ်းချုပ်ခံထားရသည်။

'မှောင်ရိပ်ခိုတွေ လိုက်ဖမ်းတတ်တာကို ဒီလူသစ်တွေက အထာမသိဘူးလေကွာ'

ကျွန်တော့်အရွယ် ဒါမှမဟုတ် ကျွန်တော့်ထက် သိပ်မငယ်နိုင်သော ဆေးလိပ်သည်နှစ်ယောက် ပြောဆိုသံကို ကားကြီးပေါ် မတက်ခင် ကြားလိုက်ရလေသည်။

'လာပြီဟေ့… လူသစ်တွေ'

ထို့နောက် အခန်းကျဉ်းလေးအတွင်းသို့ မည်သို့ရောက်သွားသည်မသိ။ အနီ၊ အဝါ၊ အပြာကြယ်ပွင့်တို့ မြင်နေရခြင်းအကြောင်းကိုတော့ ကျွန်တော်စဉ်းစားလိုက်နိုင်သည်ကို သိနေသည်။ ရီဝေတုန်ခါသော ကျွန်တော့်ဦးနှောက်များ လှုပ်ရှားနေဆဲဟုတော့ ကျွန်တော်ယုံကြည်နေသည်။ အကြားအာရုံက သတင်းပို့သည်ကို ဘာသာပြန်ပေးနေခြင်းကြောင့်ပင်ဖြစ်သည်။

'လူသစ်ဆိုတာ ဒီလိုနှိမ်ရတယ်ကွ'


'လူသစ်တွေတော့ မနက်ဆို ဝပ်နေတော့မှာ…'

'လူသစ်...'

ဒါဆို သိရောပေါ့။ ကျွန်တော်လူဟောင်းဖြစ်ချင်တာ၊ ကျွန်တော့် လက်ရှိ အခြေအနေက လူဟောင်းဖြစ်တာ အကောင်းဆုံးပဲ မဟုတ်လား။ ဘုရားကြီးရောက်တဲ့အခါ ကျွန်တော်ကတော့ ဆုတောင်းရဦးမယ်။

'နေရာတိုင်းမှာ တပည့်တော်သည် အဟောင်းဟု သတ်မှတ်ခံရပါလို၏ ဘုရား' လို့ပေါ့ဗျာ။

စပယ်ဖြူ၊ ၁၉၈၅၊ စက်တင်ဘာ



အထူးရထား

မဟေသီ၊ ၁၉၉၂၊ အောက်တိုဘာ

# အထူးရထား

သူတွေးမိတဲ့အတိုင်း မှန်နေသည်။ နန့်စီးအောင်-မော်ဟန် မှာဖြစ်ခဲ့တဲ့ကိစ္စက ပေါ့သေးသေးမဟုတ်။ လူအသေအပျောက်ရှိသည်။

ဒါကြောင့်…

ဌာနရဲ့ အကြီးအကဲ၊ ဌာနခွဲအကြီးအကဲတွေ နေ့မကူးဘဲ ရောက်လာကြသည်။ သူတို့ဌာနရဲ့လူကြီးတွေက ဖင့်လေးသူတွေ မဟုတ်ကြ။

လမ်းသစ်ဖောက်တဲ့နေရာ၊ တံတားသစ်ဆောက်တဲ့နေရာတွေကို တစ်လတည်း နှစ်ကြိမ်၊ သုံးကြိမ် ရောက်ချင်ရောက်လာတတ်သည်။

သူတို့တိုင်းအတွင်းမှာ ခုံးကျော်တံတားတစ်ခု တည်ဆောက်နေတာလည်းရှိသည်။ တောင်ရှမ်းဘက်မှာက အောင်ပန်း-လွိုင်ကော်ရထားလမ်းသစ် ဒေသခံတွေအတွက်တော့ သွားလာရေး အဆင်ပြေကျေနပ်ဖွယ်ရာကောင်းသွားမည်ထင်သည်။ မကျေနပ်ချင်တာကတော့ သူ့ကုသိုလ် သူ့ကံကြမ္မာပဲဖြစ်သည်။

ခုဆို မကြာခင်မှာ… လူကြီးတွေလာတော့မည်။ နန့်စီးအောင်-မော်ဟာန် အပြန်ခရီးမှာ မိန်းလမ်းက သူတို့ဘူတာလေးတွေဆီဝင်လာလိမ့်မည်။ သူ့မှာ လူကြီးလာလို့ စိတ်ကျေနပ်ဖွယ်ရာ သပ်သပ်ရပ်ရပ်ဝတ်စုံမရှိ။ ရှပ်အင်္ကျီအဖြူကလည်း မီးလောင်ပေါက်ဗရပွ။ ဘောင်းဘီက ခုခေတ်စားနေတဲ့ ၃၀၁၀ အစမပြောနဲ့ တရုတ်ပိတ်တောင်မှမရှိ။

ဟိုအရင်က နေခဲ့ရတဲ့ ဘူတာတွေမှာ နည်းနည်းပါးပါး စိုပြည်တုန်းက ချုပ်ခဲ့တဲ့ ဘောင်းဘီတွေကလည်း အစုတ်အပြဲနှင့် အဖာတစ်ရာ။ ဇင်ပြာဘောင်းဘီကြီးကိုပဲ… အကောင်းလုပ် ဝတ်နေရသည်။

လက်ရှိ သူ့ဘူတာက ဝတ်စုံအသစ်ချုပ်ဖို့ နေနေသာသာထုတ်ဆန်ကိုတောင် လဝက်လောက်ဆို ငွေသွင်းနိုင်ဖို့ခက်ခက်ပင်။

မြို့နယ်လေးရဲ့ ဘူတာပေမယ့် ဒေသခံတွေက ကားကိုသာဦးစားပေးသည်။ ဓာတ်ဆီဈေးတွေ ခေါင်ခိုက်ပေမယ့် ကားခကတက်မလာဘဲ လူသာနှစ်ဆတိုးတင်သည်။

ဘယ်လောက်ပဲ ကျပ်နေပါစေ ဥဒဟို ပြေးလွှားနေသောကားကိုပဲ သူတို့စီးတတ်ကြသည်။ ဒေသထွက်ကုန်ကလည်း မယ်မယ်ရရ ရှိတာမဟုတ်တော့ သူ့ဘူတာက ခမ်းချင်တိုင်းခမ်းနေသည်။ ရထားဝင်ငွေမရှိတော့လည်း သူ့ဘူတာလေးကို (၁) အဆန်၊ (၂)

အစုန်စာပို့ရထားတောင်မရပ်တော့။ လော်ကယ် တစ်စင်းတည်းသာ ရပ်သည်။ ဒီလော်ကယ်ကိုတောင်မှ ခရီးသည် ၄၊ ၅ ယောက်ဆင်း၊ ၄၊ ၅ ယောက်တက်နှင့် ဘူတာက တကယ့်ကို ကျိုးနဲ့ဖုတ်ဖုတ်။

သူ ဒီဘူတာလေးမှာ ၃ နှစ်နီးပါးရှိပြီ။ ၃ နှစ်အတွင်းမှာ အရင်ဘူတာတွေတုန်းက စုမိရမိတာတွေလည်းကုန်ပြီ။ သူငယ်ချင်း၊ ဆွေမျိုးတွေဆီမှာ ချေးရ၊ ငှားရတာကလည်း စာရင်းတို့ကြည့်ရင် ဗလာစာရွက်နှင့် အပြည့်။ သူ့လို ရုံပိုင်ကြီးတစ်ယောက်တောင် ဒီလောက်ချွတ်ခြုံကျနေပြီဆိုမှတော့ သူ့အောက်ဝန်ထမ်းငယ်တွေအဖို့ ဆိုဖွယ်မရှိ။

ဒီအထဲမှာ လမ်းခွဲကိုင်ကြီး ဦးမြမောင်ကိုတော့ သူ အံ့သြသည်။ အလုပ်စဝင်ကတည်းကနေ ပင်စင်ယူတဲ့အထိ ဒီဘူတာကနေ မပြောင်းရ။ ကလေးတွေကတစ်အုံတစ်ဖွဲ့နှင့် ဆင်းရဲချင်တိုင်း ဆင်းရဲနေသည်။

စားရေးအတွက် လုံးပန်းနေရချိန်မှာ ဝတ်ရေးဘက်က မလှည့်အား။ ဝန်ထမ်းအားလုံး ဒါဝတ်၊ ဒါချွတ်။ အင်္ကျီက ကျောကွဲ၊ ဘောင်းဘီကဖင်ပြဲ အောက်နားဖွာရရာ။

လာတော့မည်...

အထူးရထားကြီးက ဘူတာစဥ်ဆက်ရပ်နားမည်။ ဖြစ်ခဲ့တဲ့ မော်ဟာနိကိစ္စနဲ့ပတ်သက်ပြီး လူကြီးတွေက ရှင်းလင်းပြမည်။ မတော်တဆမှု အန္တရာယ်ကြိုတင်ကာကွယ်ဖို့ ဆွေးနွေးမှာကြားကြမည်။

သူ ဘာလုပ်ရမလဲ။

သူ့ဝန်ထမ်းတွေကို ဌာနအကြီးအကဲတွေလာမယ့်အကြောင်း

ပြောပြလိုက်ရင်ကောင်းမလား။ ပြောပြလိုက်ရမှ အစိုးရိမ်လွန်ပြီး ပုံမှန်လုပ်နေကျ အလုပ်တွေပင် ဇာယောင်ချောက်ချားနှင့် လွဲချော်နိုင်သည်။

ပြီးတော့…

အလုပ်ခွင် တူညီဝတ်စုံကိစ္စ။

သူ့ဝန်ထမ်းငယ်လေးတွေမှာ စောစောကပြောသလို လဲစရာမှမရှိတာ…။ ဝတ်စုံကိစ္စထောက်ပြလာပါကသူပဲခေါင်းခံတော့မည်။

'ကျွန်တော့် ဝန်ထမ်းတွေကို ကြိုတင် အကြောင်းမကြားအသိမပေးတာပါ… ဒါကြောင့် ယူနီဖောင်းမသေမသပ်ဖြစ်မှု အပေါ်အပြစ်ပေးပါက ကျွန်တော့်ကိုသာပေးပါ'ဟု သူပြောမည်။

ဖြစ်လိုရာ ဖြစ်စေတော့ သူ့ဘူတာလေးရဲ့ ပကတိ အနေအထားကို မြင်သွားစေချင်သည်။ သူနှင့်သူ့ဝန်ထမ်းတွေ ချို့တဲ့နွမ်းပါးမှုကိုလည်း မြင်စေချင်သည်။

ဟော…

ကြေးနန်းခေါက်ပြီ။

သူ တထိတ်ထိတ်နှင့် စောင့်နေသော ရထားကြီးအတွက် လမ်းရှင်းတောင်းပြီ။ သူအချက်မှန် ကြေးနန်းပြန်ရိုက်ပြီး အထူးရထားကြီးဝင်လာဖို့ လမ်းရှင်းကြောင်းပြန်ကြားလိုက်သည်။ လမ်းခွဲကိုင်တွေကို ပွိုင့်ခွဲဖို့၊ အချက်ပြခေါ်သွင်းဖို့ ညွှန်ကြားသည်။

ဦးမြမောင်က 'ဘာရထားလဲ'ဆိုတော့ 'အထူးရထား'ဟု သူမပွင့်တပွင့်ဖြေသည်။

'ဘယ်သူတွေလာမှာလဲ… ဆရာ'ဆိုပြီး ဦးမြမောင်က

ထပ်ကွန့်တော့ သူခေါင်းယမ်းပြလိုက်သည်။ အမှန်အတိုင်း မပြော လိုက်၍ သူ့မှာအပြစ်ရှိနေပြီလားလို့ သူ မတွေးချင်တော့။

* * *

သူ လက်ကလေးနောက်ပစ်ပြီး ရပ်လိုက်တော့ သူ့ဝန်ထမ်း ငယ်တွေကလည်း သူ့အတိုင်း လိုက်ရပ်သည်။

သူ့နဘေးရှိ လမ်းခွဲကိုင် တင်ထွန်းက 'အမ်ဒီလားဆရာ' ဆိုတော့ သူ အသာလက်ကုတ်ပြီး ငြိမ်ငြိမ်နေဖို့ တိုးဖွဖွပြောသည်။

ရထားတွဲ ကုမ္ပဏီတံဆိပ်ပါ စပို့ရှပ်ဖြူဝတ်ထားသူရဲ့ ကြည် ကြည်လင်လင်အပြုံးကိုမြင်တော့ သူ့ခုန်နေသော ရင်က မသိမသာ ပြေကျသွားသည်။

'ရုံပိုင်ကြီး… ကျွန်တော်တို့ ရထားကို ဦးစားပေးစရာမလို ဘူး… လူစီးရထားကို ဦးစားပေးလွှတ်ပါ။

သူ 'ဟုတ်'ဟု သံပြတ်ဖြေသည်။

'ကိစ္စကတော့ ရုံပိုင်ကြီးတို့လည်း… ကြားပြီးရော့မယ်… နန့်စီးအောင်-မော်ဟန်မှာ ဖြစ်ခဲ့တဲ့ကိစ္စ… ရထားတွဲပြတ်ပြီး အောက် ပြန်ကျရာမှာ သဲလမ်းဖွင့်မထားတော့… တွဲပြတ်က သဲလမ်း ထဲဝင် မလာဘဲ အောက်ဘူတာက ရထားကိုတိုက်မိရော… ခရီးသည် ၈ ယောက်သေတယ်…

ကျွန်တော်တို့ဝန်ထမ်းဖြစ်တဲ့ ဘရိတ်ထိန်းတစ်ယောက်လည်း အသက်ဆုံးရှုံးခဲ့ရတယ်…

ဒါ ဘာကြောင့်ဖြစ်လဲဆိုတော့… ပေါ့ဆတာ… ဟိုတုန်း

ကလည်း ဖြစ်လေ့ဖြစ်ထရှိဖူးတယ်… သဲလမ်းသာ ဖွင့်ထားမယ်ဆိုရင် ဒီအန္တရာယ်ဟာ လွတ်သွားမှာပဲ…

ခုတော့…

အပြစ်မဲ့ ပြည်သူတွေရော၊ ဝန်ထမ်းတစ်ယောက်ပါ ဆုံးရှုံးရတယ်….

ဒီ့အပြင် ရထားလမ်းပိတ်သွားတယ်ဆိုတော့…

'ရထားကိုသာ အားကိုးရတဲ့ အဲဒီဒေသမှာ ကုန်စည်စီးဆင်းမှု ပြတ်တောက်ပြီး ကုန်ဈေးနှုန်းတွေလည်း အဆမတန် တက်ကုန်တာပေါ့'

ဌာနအကြီးအကဲရဲ့ စကားကို သူတို့မမှိတ်မသုန် နားထောင်နေသည်။

'အခုက ပြောချင်တာကတော့ အလုပ်အပေါ် အာရုံစူးစိုက်ဖို့ပါပဲ… ကျွန်တော်တို့သိတယ်… စက်ကိရိယာတွေ အိုမင်း ဟောင်းနွမ်းနေပြီဆိုတော့… ဒါပေမယ့် အသစ်ပြန်လည် မတပ်ဆင်နိုင်သေးတဲ့အချိန်မှာ ရှိတာလေးနဲ့ပဲ ဂရုတစိုက် ဆောင်ရွက်ကြရမှာပါပဲ…

'အထူးသဖြင့် နှုတ်ရွတ်ဆိုမှု လုပ်ပါ… ဒါဟာ ဖြစ်လာမယ့် အန္တရာယ်ကို မဖြစ်လာနိုင်အောင် ကိုယ့်ကိုယ်ကို သတိပေးနေတဲ့ သဘောပဲ'

စကားဆုံးတော့ ဘူတာလေးက တိတ်ဆိတ်လို့သွားသည်။ သူတို့အားလုံးဆီကို ဝေ့ဝဲကြည့်တော့ ဝတ်စုံတွေ စုတ်ပြဲနေတာ၊ မသပ်မရပ်ဖြစ်နေတာကို သိသွားပြီး အပြစ်ဖွဲ့လေမလားဟု စိုးရိမ်ပြီး သူ့ရင်တထိတ်ထိတ် ခုန်လာပြန်သည်။

'ဝတ်စုံတွေလည်း သိပ်အခြေအနေဆိုးနေပါလား… ဝတ်စုံ

အသစ်ထုတ်ပေးနိုင်ဖို့ ကြိုးစားစီစဉ်ပေးပါမယ်…

ကဲ… ခင်ဗျားတို့ဘက်ကလည်း လိုအပ်တာ အခက်အခဲရှိတာကို ပြောပြပါ'

လမ်းဖွင့်ပေးပေမယ့် သူတို့အားလုံးဆီက ဘာသံမှထွက် မလာ။

'မရှိဘူးလား၊ ရှိတော့ရှိမှာပေါ့…ကဲ…ဦးမြမောင်ပြောပါဦး'

ဦးမြမောင်ရဲ့ ရင်ထိုးတံဆိပ်က အမည်ကိုကြည့်ပြီး ပြောလိုက်သော်လည်း ဦးမြမောင်ဆီက 'မရှိပါဘူး' ဟုသာ ထွက်လာသည်။

သူကတော့ သူ့ဝန်ထမ်းတွေရဲ့ အခက်အခဲတွေကို ပြောပြစေချင်သည်။ သို့သော် သူကိုယ်တိုင်ကပင် ဘာပြောရမှန်းမသိ။ အခက်အခဲ… အဲဒီအခက်အခဲကိုလည်း သူကရေရေရာရာ ရှာမရဖြစ်နေပြန်သည်။

'ဦးမြမောင်… အသက်ဘယ်လောက်ရှိပြီလဲ'

သူတို့ဘူတာလေး ပြန်လည်အသက်ဝင်လာသည်။

'၆၀ ပါခင်ဗျ…ပင်စင်ကျပါပြီ… ရုံပိုင်ကြီးက လူစားမလာခင် ကူပါဦးဆိုလို့ ကူနေတာပါ'

ဦးမြမောင်အသံက လိုသည်ထက်တောင် ပိုကျယ်သည်ဟု သူထင်သည်။

'ဩော်… ပင်စင်တောင် ကျပြီကိုး… လုပ်သက်ဘယ်လောက်လဲ… အလုပ်ဝင်ကတည်းက ဒီဘူတာမှာဘဲလား'

'လုပ်သက် ၃၂ နှစ်ပါခင်ဗျ….အလုပ်ဝင်ကတည်းက ဒီဘူတာမှာပါပဲ…တစ်နှစ်ပဲ ရုံပိုင်နဲ့မတည့်လို့ ရှမ်းပြည်နယ်ဘက်ရောက်သွားပါတယ်'

ရုံပိုင်နဲ့ မတည့်လို့ဆိုတဲ့ စကားကိုကြားတော့ အားလုံးပြုံး

မိသွားသည်။ ဦးမြမောင်ကြီးရဲ့ ပွင့်လင်းရိုးသားစွာပြောဆိုမှုအပေါ် လူကြီးများ ကျေနပ်ဟန်ရှိသည်။

'သားသမီးရှိလား'

'ရှိတာပေါ့၊ ၁၀ ယောက်တောင်၊ ကျား ၆၊ မ ၄ ဆိုပြီး လက်ချောင်းတွေပါ ထောင်ပြတော့ ထပ်ပြီး ရယ်ကြပြန်သည်။

'လခနဲ့စားလောက်လား'

'ဟာ… ဆရာကြီးနှယ် ဘယ်လိုလုပ်လောက်မတုံး၊ သား သမီးတွေ လယ်အငှားလိုက်၊ ဆိတ်ကျောင်း၊ နွားကျောင်း ပညာမထွန်း ပေါက်ဘူး… အဲ နံပါတ် ၄ အကောင်ပဲ ၁၀ တန်းအောင်တယ်… ဒါတောင် ဒီကောင်က အလုပ်ကမရသေးဘူး… မိန်းမနဲ့…'

ဦးမြမောင်က မကြောက်မရွံ့ ခပ်တင်းတင်းဖြေနေတာကို သူ သဘောကျသွားသည်။ သူ့မေးရင်တောင် ဦးမြမောင်လို သူဖြေတတ် မှာမဟုတ်။

'ကဲ… ဦးမြမောင်… ဦးမြမောင်နေရာမှာ ခုန ၁၀ တန်း အောင်တဲ့သားကို အလုပ်ခန့်ပေးမယ်ဆိုရင်… လုပ်မလား'

သူ့ကြက်သီး မွေးညင်းထသွားသည်။

မီးရထားမှာ ပို့ဆောင်ရေးဌာနခွဲက တော်တော်နှင့်အလုပ် မခေါ်တတ်။

ခေါ်ပြန်တော့လည်း… တော်တော်တန်တန် ရဖို့ကမလွယ်။ အခုတော့ ဦးမြမောင်သားလေးကို အလုပ်ခန့်ပေးတော့မည်။ သူ… ဦးမြမောင်အစား ကြည်နူးဝမ်းမြောက်မိသည်။

'လုပ်ချင်ပြီလား… ဆရာကြီးရယ်၊ ကျွန်တော့်မှာ ဒီ

ကလေးတစ်ယောက်ပဲ ထွန်းပေါက်စရာရှိတာပါ'

'ကောင်းပြီ… တိုင်းရုံးကို ခုပဲစက်ကနေ ပြောပေးမယ်… သားက အရက်သောက်တာ လောင်းကစားတာမရှိပါဘူးနော်'

'မရှိပါဘူး… မရှိပါဘူး'

ပျာပျာသလဲ ဖြေဆိုသော ဦးမြမောင်ကို ကြည့်ပြီး သူပြုံးမိသွားသည်။

ဦးမြမောင်ကြီးသားကို အလုပ်ခန့်ပေးလိုက်သည့်… သတင်းက ဘူတာစဉ်ဆက် ချက်ချင်းပျံ့နှံ့သွားသည်။

အထူးရထားကြီးအထွက်မှာ ကြေးနန်းခလုတ်လေးတွေက တစ်ဘူတာချင်း သတင်းပို့ပြီး ဖြစ်သွားလေသည်။

* * *

(…………)ဘူတာစကြံပေါ်ရှိ ငရုတ်အိတ်အပုံကြီးကို ဘူတာနောက်ကျော မမြင်ကွယ်ရာသို့ချက်ချင်းပြောင်းပစ်လိုက်သည်။

ကျူးနစ်ကုတ် ဖြူဖြူသန့်သန့် မီးပူကျ ယူနီဖောင်း၊လက်ပနေသော ရှူးဖိနပ်တို့ဖြင့် သေသပ်ကြော့မော့နေသော ရုံပိုင်ကြီး၊ ရုံပိုင်လေးနှင့် စာရေးလေးတို့က ပုံမှန်ဝတ်နေကျ ဝတ်စုံများနှင့် ပြန်လဲရမလား စဉ်းစားတွေဝေနေသည်။

လမ်းခွဲကိုင်ကြီး ဦးကျော်ခိုင်ကတော့ ကျောကွဲ အင်္ကျီဟောင်းကြီးကို ပြန်လဲပြီး ဝပ်ရှော့ပညာသင်လိုလို… ဘထ္ထရီအိုးပြင်လိုလိုနှင့်ယောင်နနဖြစ်ပြီး လေနေသော သူ့သားကြီးကို သူ့အနားခေါ်ထားသည်။

(……)ဘူတာက ဂိတ်ပိတ်ကြီး ဦးကျောက်ကတော့ အင်္ကျီ

ကျောက်ကွဲမရှိသဖြင့် စွပ်ကျယ်လက်စကကြီးကို ဝတ်ထားလိုက်သည်။ ရှစ်တန်းသုံးခါကျ သားကို စကားလိမ္မာယဉ်ကျေးဖို့ သွက်သွက် လက်လက်ဖြေဖို့ သွန်သင်နေသည်။

(……)ဘူတာက ကုန်ရုံစောင့်ကြီး ဦးဘိုသန်ကတော့… ‘သားမရှိတာ ဒီနေရာမှာ နာသကွာ’ ဟု တဖွဖွညည်းနေသည်။

………ဘူတာလေးများ အထူးရထားကြီး ရောက်အလာ ကို မျှော်နေကြလေသည်။

မဟေသီ၊ ၁၉၉၂၊ အောက်တိုဘာ


MOAT
THONE
2009

ဘူတာရုံကလေး

ပေဖူးလွှာမဂ္ဂဇင်း၊ ၁၉၉၁၊ မေ

# ဘူတာရုံကလေး

ဖျတ်ခနဲမှာပဲ သူလဲမှီရာ ကုလားထိုင်ကလေးမှ ထပစ်လိုက်သည်။ တောင်ဘက်လမ်းပိုင်း မော့စ်ရိုက်သံက တထောက်ထောက်နှင့် အဆက်မပြတ်မြည်နေသည်။ ဒီဇယ်မီးခွက် မှိန်လှဲ့လှဲ့အောက်မှာ သူ့ရဲ့ အိုးရီးရင့်နာရီအိုကလေးကို စူးစူးစိုက်စိုက်ကြည့်လိုက်တော့ ၄ နာရီ မိနစ် ၂၀။ ၅ အဆန် အမြန်လမ်းတောင်းတာပဲ။ သူ့ မော့စ်ရကြောင်း အချက်မှန်ပြန်ရိုက်ပြီး တယ်လီဖုန်းကိုင်၊ တစ်ဘက်ကိုလှမ်းစကားပြော၊ ဟိုဘက်ဘူတာကြီး ရထားလွှတ်ချိန်မှတ်၊ သူ့ဘက်က အဆင်သင့်ဖြစ်သွားပြီ၊ သူ့ရဲ့ဘူတာလေးကို မိနစ်ပိုင်းအတွင်းမှာ မီးထိန်ထိန်အမြန်ရထားကြီးက တဝေါဝေါဖြတ်သန်းသွားတော့မည်။ အိပ်မောကျနေတဲ့ ခရီးသည်တွေကတော့ ဒီနေရာလေးမှာ ဘူတာငယ်လေးတစ်ခုရှိတာတောင် သိလိုက်မှာ မဟုတ်ပါဘူး။

သူ ဂျူတီကျ လမ်းခွဲကိုင်နှစ်ယောက်ကို လှမ်းကြည့်တော့ ခုံတန်းလျားလေးတစ်ခုတည်းမှာ နှစ်ယောက်သား ပူးပူးကပ်ကပ် ကွေးအိပ်နေကြသည်။ တစ်ယောက်က လုပ်သက်ပြည့်အနားယူတော့မည့် အဘိုးအိုလေး၊ တစ်ယောက်က ပိန်လှီနွမ်းယဲ့ဖျော့တော့နေတဲ့ လူငယ်လေး။ သူကရောတဲ့၊ မီးပူနဲ့ဝေးတဲ့ မလျှော်မဖွပ်ဖြစ်တဲ့ ယူနီဖောင်း မွကြေကြေ၊ ဆီဝေးဆံပင်နီကြောင်ကြောင် တကယ့်ကို ဖိုသီဖတ်သီ။

သူတာဝန်ကျဘူတာ မရခင်မှာ အလုပ်သင်ဘဝနဲ့ နေခဲ့တုန်းက 'ရှိုး'ကို သတိရနေသည်။ အင်္ကျီဖြူဖွေးဖွေး၊ မီးပူကျဘောင်းဘီ နက်ပြာ၊ ပြောင်လက်နေတဲ့ရှူးဖိနပ်နဲ့ သူ မြူးမြူးကြွကြွနေခဲ့တာပါ။ အခုလာမယ့် အမြန်ရထားကြီးရဲ့ အထက်တန်းတွဲတွေနားမှာ အလုပ်မရှိဘဲ ရစ်သီရစ်သီလုပ်ပြီး ရှိုးပြခဲ့သေးတာ၊ ကြည့်စမ်း အခုတော့ သူ··· သူ့အကြောင်း သူတွေးမိပြီး ပြုံးမိသွားသေးသည်။

လမ်းရှင်းစာရွက်လေးပေါ် လိုအပ်တာတွေ ဖြည့်သွင်းပြီးတော့ စာရွက်လေးကို ကြိမ်ကွင်းကြီးမှာ ကိုယ်တိုင်ချည်သည်။ ဒါတွေဟာ လမ်းခွဲကိုင်တော့ လုပ်ရမှာပေမယ့် သူ နှစ်နှစ်ခြိက်ခြိက် အိပ်မောကျနေတဲ့ကောင်းလေးနဲ့ ဘကြီးကို နှိုးမခိုင်းချင်၊ တစ်မိနစ်လေးပဲဖြစ်ဖြစ် အိပ်ခွင့်ရပါစေလေ။

သူ နာရီ ဖျတ်ခနဲ ကြည့်လိုက်ပြန်သည်။

သူ ကောင်လေးကို မနှိုးရက်ပေမယ့် နှိုးရတော့မှာပဲ။

"ကောင်လေး ထတော့ကွာ၊ ပိုင်းလော့ခေါ်ရမှာ ထကွာ"

သူ ကောင်လေးပခုံးကို ပုတ်နှိုးတော့ ကောင်လေး ပြူးတူးပြတဲနှင့် ထထိုင်သည်။ လက်ခုံဖြင့် မျက်လုံးကို ပွတ်သပ်နေတော့ သူ စိတ်မကောင်း။ ကောင်လေး အိပ်ချင်ရှာမှာပဲ။

ကောင်လေး ဓာတ်မီးလေးကိုင်၊ လမ်းရှင်းကြိမ်ကွင်းဆွဲပြီး

ထွက်သွားတော့ သူ သက်ပြင်းဖွဖွချမိသည်။ ကောင်လေး အိပ်ချင်မူးတူးနဲ့ သံလမ်းအတိုင်း လျှောက်သွားမှာလားဆိုတာကို တွေးမိတော့ ဘူတာအပြင်ထွက်၊ ဓာတ်မီးနှင့် လှမ်းထိုးကြည့်သည်။ သံလမ်းဘေးကနေ ကောင်လေး ငိုက်စိုက်ငိုက်စိုက်နဲ့သွားနေတာတွေတော့မှ သူ စိတ်ချသွားသည်။ သံလမ်းအတိုင်း အိပ်ချင်မူးတူးလျှောက်ရင်း ရထားတိုက်သွားတာတွေက ဖြစ်ခဲ့ဖူးတာမို့ သူစိတ်မချတာလည်း မဆန်း။

ရထားဘူတာဖြတ်ခွင့် အချက်ပြအလံတွေ ပျက်ချင်တိုင်း ပျက်နေချိန်မှာ ကောင်လေးတို့ လမ်းခွဲကိုင်တွေ ပိုင်းလော့ခေါ်(ရထားကြို) ရတာကတော့ ပင်ပန်းလွန်းသည်။ ဒီလို မိန်းလမ်းမှာက ရထားတွေက တစ်နေ့တစ်နေ့ စုန်ဆန်ရထားတွေက ၁၀ စင်းအထက်မှာရှိသည်။ လမ်းခွဲကိုင်တွေခမျာ ဂျူတီလည်းပြီးရော ကိုယ်လက် မသယ်ချင်တော့။ ကယ်ဗြီဗင်(သံလမ်းပြောင်းမျှော်စင်)ကနေ ပွိုင့်(လမ်းပြောင်းလမ်းလွှဲ) ခွဲရတော့သည်။ လက်ဖျံကြွက်သားတွေ ခါနေအောင် ခွဲရတာမို့ ပင်ပန်းတာပါပဲ။

ဟော… စက်ခေါင်းသံကြားပြီ။ ကောင်လေး လမ်းရှင်းမီးစိမ်းပြနေရော့မည်။ သူ လမ်းခွဲကိုင် အဘိုးကြီးကို နှိုးမည်ပြုပြီးမှ အိပ်ပါစေတော့အတွေးဖြင့် မနှိုးတော့။ မော့စ်ရိုက် စက်ခုံပေါ်မှ ဓာတ်မီးလေးနှင့် ပုလင်းကွဲဖန်ပြား အစိမ်း အနီလေးကိုင်လျက် ဘူတာအပြင်ထွက်သည်။

ပုလင်းကွဲ ဖန်ပြားအစိမ်းကို အသေအချာရွေးပြီး ဓာတ်မီးမှန်နှင့် ကပ်ထားလိုက်သည်။ ရထားကြီး တဖြည်းဖြည်း နီးလာတော့ ဓာတ်မီးခလုတ်ကလေးနှိပ်လိုက်သည်။ အားကုန်စ ဓာတ်ခဲဆီက မီးရောင်စိမ်းစိမ်းလေးက ရထားတစ်စင်း ဘူတာငယ်လေးတစ်ခုကို ဖြတ်ကျော်နိုင်လောက်အောင်တော့ စွမ်းဆောင်လိုက်တာပါပဲ။

အမြန်ရထားကြီးလည်း ဖြတ်သွားပြီးရော သူတို့ဘူတာလေးက တိတ်ဆိတ်လို့သွားသည်။ ရထားနောက်ဆုံးတွဲ မီးနီလေး ဝေးဝေးသွားပြီး နောက်ဆုံးအလင်းပြောက်သွားတော့ ပိုင်းလော့ခေါ်တဲ့ကောင်လေးလည်း ပြန်ရောက်လာသည်။ ကောင်လေးက ခတ်မီးပါလျက်နဲ့ ခတ်မီးမထိုး။ ဒီအတိုင်းပဲ စမ်းတဝါးဝါး လျှောက်လာတာမို့ သူ ကောင်လေးကို ဒေါပွသွားသည်။

"မင်းအဘတဲ့…၊ မြွေပါးကင်းပါးနဲ့ ခတ်မီးလေး ထိုးလာမှ ပေါ့ကွ"

"ဟာ… ပိုင်လေးကလည်း ခတ်ခဲတစ်လုံး ၈ ကျပ်၊ ချွေတာရတယ်"

ကောင်လေးအဖြေကြားတော့ သူ… နှမ်းမောသွားသည်။ ကောင်လေးပြောတာလည်း ဟုတ်တာပါပဲ။ ခတ်ခဲတွေက တဖြည်းဖြည်းခေါင်ခိုက်လာသည်။ ဒီအတွက် ချွေတာသုံးစွဲရတော့ မြွေကိုက်မှာတောင် ဂရုမစိုက်နိုင်တော့တဲ့ဘဝတွေ သူ့ရင်ထဲ နင့်ခနဲဖြစ်လို့သွားသည်။

သူမောသွားတာလေးကို ဖြေလျော့ဖို့ သောက်ရေအိုးထဲကနေ ရေတစ်ခွက်ခပ်တော့ ရေအိုးထဲမှာ ရေက ဖင်ကပ်။ သူ တစ်ငုံစာလောက်ပဲ ခပ်သောက်သည်။ သောက်ရေတွဲ မလာသေးတာကို သတိရ၏။ ရထားတွေ ရှင်းသွားရင်တော့ ရွာထဲကနေ သောက်ရေတစ်အိုး ထမ်းခိုင်းရဦးမည်။ ဘူတာနဲ့ ရွာလေးကလည်း တစ်မိုင်လောက် ဝေးတာမို့ ရေခပ်ရတာလည်း မလွယ်ပါဘူး။

* * *

(၃၂)အစုန် ပါဆယ်ရထားကို သူ ၁ လိုင်း သွင်းထားခိုင်းလိုက်သည်။ တစ်ရက်ပျောက်နေတာတောင်မှ နောက်ကျဝင်လာတဲ့

(၁)အဆန် စာပို့ရထားကို မိန်းလမ်း ၂ လမ်းကနေ တောက်လျှောက် ဖြတ်သန်းသွားဖို့ သူ စီစဉ်ညွှန်ကြားလိုက်သည်။ လမ်းခွဲကိုင်တွေ ပါဆယ်ရထား အလံပြခေါ်သွင်း၊ ပါဆယ်ရထားဝင်လာတော့ တစ်ယောက်က မိန်းလမ်းပွိုင့်ခွဲထား၊ ဟိုဘက်ဘူတာကြီးကနေ ယာယီလာဆင်းပေးနေရသည့် လမ်းခွဲကိုင် ကိုသောင်က (၁)အဆန်ရာထား ဖြတ်သွားနိုင်ဖို့ တောင်ဘက်အလံတိုင်ထိပ် လမ်းရှင်းကြိမ်ကွင်းကိုင်လျက် ပြေးလို့သွားသည်။

သူ သူ့တာဝန်ချိန်နှင့် တွဲဖက်လှုပ်ရှားနေတဲ့ လမ်းခွဲကိုင်တွေရဲ့ အလုပ်ပေါ် တာဝန်ကျေမှု၊ မခိုမကပ် ညီအစ်ကိုစိတ်မွေးမှုတွေအပေါ် ကျေနပ်ပီတိဖြစ်သွားသည်။

ဒါပေမယ့် သူတို့တွေနဲ့က အမြဲတမ်း တွဲခွင့်ရတာမဟုတ်။ ဒီကနေ့ပဲ ရက်စေ့လို့ ကိုသောင်က ဘူတာကြီးဆီ ပြန်တော့မည်။ ဒီလိုပါပဲ ၁၅ ရက်လာဆင်း၊ တစ်ယောက်လဲကြ။

သူတို့တစ်တွေ ဘူတာကြီးဆီ ပြန်ချင်နေတာလည်း အပြစ်တော့မဆိုသာပါဘူး။ ဒီဘူတာရုံလေးမှာက ရေတောင် ဝအောင်သောက်ရတာမဟုတ်တော့ သူတို့အမြဲတမ်း တာဝန်နဲ့ ဘယ်နေချင်ကြမှာတဲ့လဲ။

ပါဆယ်ရထားကြီး ၁ လမ်းဝင်လာတဲ့အခါမှာ ရထားလိုက်စာရေးလေး တွဲပေါ်ကနေ ဖျပ်ခနဲခုန်ဆင်းပြီး ကိုယ်လက်အညောင်းဆန့်တာကို သူငေးနေမိသည်။ စာရေးလေးဝတ်ထားတဲ့ ထောင်ကျော်တန် သားရေဂျာကင်၊ ကက်ဂလုပ်ဖိနပ်၊ ရေဘင်မျက်မှန်နဲ့ ကြွကြွရွရွလေး ဖြစ်နေတာကို သတိထားမိပြီး သူ့ကိုယ်သူ ပြန်ငုံ့ကြည့်တော့ သိမ်ငယ်သလို ခံစားမိသွားသေးသည်။

ဟော… (၁)အဆန် စက်ခေါင်းဥသြသံ။ သူ အလံတုတ်ကိုင်လျက် ပါဆယ်ရထားတွဲ ချိတ်ကြားကနေ ၂ လမ်းဘက် ခုန်ကူး

သွားလိုက်သည်။ စက်ခေါင်းကြီး ဥသြသံ ဆူဆူညံညံနှင့် အဆက်မပြတ်ဆွဲလာတော့ အလံစိမ်းတုတ်ကို ထောင်ထားပေးလိုက်သည်။

ခဏလေးမှာပဲ (၁) အဆန်စာပို့ရထားကြီး ကမူးရှူးထိုး အော်ဟစ်ဖြတ်ပြေးပြီး သူတို့ကို ထားရစ်ခဲ့ပြန်ပြီ။ သူ တာဝန်မပြီးသေး။ ဟိုဘက်ဘူတာကို (၁)အဆန် ဖြတ်သွားချိန်ပေး။ ဘူတာကြီးဘက်ဆီ ပါဆယ်ရထားလွှတ်ခွင့် ထပ်တောင်း။ လမ်းခွဲကိုင်ကောင်လေးကို ပြိုင့်ပြန်ခွဲခိုင်းထား။ သူ တရစပ်ပဲ လှုပ်ရှားပစ်လိုက်သည်။

ပါဆယ်ရထားထွက်ခွင့်ရပြီး စက်ခေါင်းကြီး စက်နှိုးလိုက်ချိန်မှာ လမ်းခွဲကိုင် ကိုသောင် တောင်ဘက်အလံတိုင်ကနေ ပြန်ရောက်လာသည်။ ဘူတာထဲဝင်၊ သူ့အဝတ်အိတ်နှင့် အိပ်ရာလိပ်လေးဆွဲပြီး သူ့ကို နှုတ်ဆက်သည်။ ကိုသောင် ပါဆယ်ရထားနှင့် ပင်မအလုပ်ရှိရာ ဘူတာကြီးဆီ ပြန်တော့မည်လေ။

"ပိုင်လေး ဘာမှာဦးမလဲ၊ အားမနာနဲ့ပြော"

သူ ကိုသောင့်ကို ခေါင်းရမ်းပြမိသည်။

"ဒီလိုလုပ် ပိုင်လေး၊ မနက်ဖြန် ဆဲဗင်းအပ်ကို စောင့်၊ ကျွန်တော် ပိုင်းလေးတို့အားလုံးစားဖို့ မုန့်ထည့်ပေးလိုက်မယ်"

သူ ကိုသောင့်ကို အားနာနေသည်။ ကိုသောင့်မှာလည်း သားသမီး တစ်ပုံတစ်ပင်နဲ့မို့ သိပ်အဆင်ပြေလှတာမှ မဟုတ်တာ။

"နေပါစေတော့ဗျာ"ဟု သူငြင်းသည်။

"ပိုင်လေးတို့နဲ့စာရင် ကျွန်တော်တို့က ဘူတာကြီးမှာ နည်းနည်းပါးပါး အဆင်ပြေသေးတယ်။ ကဲ…မနက်ဖြန် စောင့်သာနေ။ သွားမယ် ပိုင်လေး။ ဟော့ကောင်ကြီး သွားပြီကွ"

ကိုသောင် သူ့ကို နှုတ်ဆက်ရင်းကနေ ခွေခေါက်အိပ်နေသော သူတို့ရဲ့အဖော် ခွေးအိုကြီးကိုပါ ခြေဦးနဲ့ တို့ နှုတ်ဆက်သည်။

ပါဆယ်ရထားကြီး ထွက်သွားပြီး ကိုသောင် လက်ပြသွားတော့ သူ့ရင်ထဲမှာ ဆို့ဆို့နင့်နင့် ဖြစ်သွားသေးသည်။ ၁၅ ရက်လောက် အတူနေထိုင်စားသောက်လုပ်ကိုင်ခဲ့၊ တရင်းတနှီးနေခဲ့သူတစ်ယောက်နဲ့ ခွဲခွာရဦးမှာပဲ။

ကိုသောင်က နောက် ၄-၅ လလောက်မှ ဒီဘက်ကို အလှည့်ပြန်ကျမှာပါ။ သူ တစ်ချက်ပြန်တင်းလိုက်သည်။ သူနဲ့ သူ့ဘူတာလေးဟာ အတူတူပါပဲ။ ဘူတာလေးကို ရထားတွေ ဖြတ်သွားထားခဲ့သလို သူ့ကိုလည်း အချိန်တန်တော့ ထားခဲ့ကြတာပဲ မဟုတ်လား။

* * *

(၇) အဆန် အမြန်ရထားကြီး သူတို့ဘူတာလေးကို ဖြတ်ကျော်တော့မယ်အချိန်၊ သူ အလံလေးကိုင် စောင့်ချိန်မှာ အရှိန်နဲ့ ပြေးလာတဲ့ ရထားကြီးရဲ့စက်ခေါင်းပေါ်က အိတ်လေးတစ်လုံး ဝေ့ရမ်းပြတာမြင်တော့ ကိုသောင်ပေးလိုက်တဲ့ မုန့်ပဲဆိုတာကို သူ ချက်ချင်းစဉ်းစားမိသွားသည်။

စက်ဗိုလ်ကြီးရဲ့ အကူ ဆီလောင်းက အထုပ်လေးကို သူ့ဆီလှမ်းပစ်တော့ သူ မကောက်အားသေး။ ရထားကြီးအနှောင့်အယှက်မရှိဖြတ်သန်းသွားဖို့ သူအလံပြချိန်မှ မပြီးဆုံးသေးတာ။ သူအလံပြလျက်ကနေ အထုပ်လေးဆီ ဖျပ်ခနဲကြည့်မိသည်။ မုန့်တီသုပ်လား၊ ချပါတီနဲ့ အာလူးဟင်းလည်းဖြစ်နိုင်သည်။

ပဲပလာတာလည်း ဖြစ်နိုင်တာပဲ၊ သူတံတွေးတောင် မျိုမိသွားသည်။ ဒီအချိန်မှာပဲ...

သူ ထိတ်ခနဲ ဖြစ်သွားသည်။ စက္ကန့်ပိုင်းလေးမှာပဲ အဖြစ်အပျက်တို့က မြန်ဆန်လွန်းသည်။ သူ ဘာလုပ်ရမလဲ။ အလံတုတ်နဲ့ ပစ်ပေါက်လိုက်ရမလား။ သံလမ်းဘေးကကျောက်ခဲနဲ့ပဲ ပစ်ထုလိုက်

ရမလား။

"ဟော့ကောင်… သွား… ရန့်လုံသွားစမ်း"

သူ အစွမ်းကုန် အော်ဟစ်ပစ်လိုက်ပေမဲ့ အထုပ်ကခွေးအို ကြီးပါးစပ်မှာ ပါသွားလေပြီ။

ရထားထိန်းတွဲလည်း သူ့ကိုဖြတ်သွားလေရာ သူ မနေသာ တော့။ ခဲ လေးငါးလုံးကောက်ပြီး ရန့်လုံနောက် အပြေးလိုက်ရင်း အော်သည်။

ကြောင်ငေးနေသော လမ်းခွဲကိုင်ကောင်လေးနှင့် အဘိုးကြီး လည်း ရုတ်တရက်သတိရဟန်ဖြင့် ဝုန်းခနဲထလိုက်ကြသည်။ ခဲနဲ့ထု၊ ဝိုင်းဝန်းခြောက်လှန့်တော့မှ ခွေးအိုကြီးက အထုပ်ထားပြီး ထွက်ပြေး သွားသည်။

ကောင်လေး အထုပ်ကို ပြေးကောက်၊ သူ့ကိုပေးတော့ သူ အထုပ်ကို ကမန်းကတန်းဖြေကြည့်သည်။ အရသာတောင် မေ့ချင်နေပြီ ဖြစ်သော သူသိပ်ကြိုက်တဲ့ ပဲပလာတာတွေ။ ပုံ့ရွဲ့လျက် ခွေးအိုကြီး ပါးစပ်ထဲ တချို့တစ်ဝက် ပါသွားပြီထင်သည်။

* * *

သူ နှုတ်ခမ်းတစ်ဝိုက် ပေကျံနေသော ပဲပြုတ်အစအနများကို ပွတ်သပ်ပြီး ရေတစ်ဝသောက်သည်။

ကောင်းလေးနှင့် အဘိုးကြီးကို ကြည့်လိုက်တော့ ပလုပ် ပလောင်းနှင့် သူ့ကို ပြုံးပြတော့ သူလည်း ပြုံးမိသွားသည်။ စောစော က ပင်ပန်းနွမ်းနယ်မှုတွေ၊ စိတ်သောကတွေအားလုံး မေ့လျော့ကုန် သွားသည်လေ။

**ပေဖူးလွှာ မဂ္ဂဇင်း၊ ၁၉၉၁၊ မေ**



နိမ့်မြင့်သံစဉ်

ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်း

# နှမ်းမြင့်သံစဉ်

သူ ခြံတံခါးထိပ်စွန်းရှိ သံကွင်းလေးနှင့် တံခါးပွင့်ဟမနေအောင် ထိန်းထားလိုက်ပေမယ့် စိတ်မချသည့်အလား ခဏမျှ စောင့်ကြည့်ပြီးမှ လက်ဖျောက်တစ်ချက်တီးရင်း ခြေလှမ်းစသည်။ ခြေဦးအရှေ့က ဘူတာလမ်းလေးပေါ်ရောက်တော့ သူ ရှက်ရွံ့ရွံ့ပြုံးသည်။ အိမ်က ထွက်လာစမှာ ဘာမှ မည်မည်ရရ သွားစရာမရှိ။ ရည်ရွယ်ချက်မဲ့။

ဒါပေမယ့်လည်း ခုတော့ သူ ဘူတာသွားလမ်းလေးအပေါ် ရောက်နေခဲ့ပြီ။ တကယ်ပါပဲ… လှည်းတပ်မြင်းတွေ ဇက်ကြိုးအထိန်းအကွပ်မရှိပါပဲလည်း သွားနေကျလမ်းလေး သိနေသလိုပင် သူ့ခြေထောက်များကလည်း သိနေသည်။ အကျင့် စွဲပဲပေါ့။ သူသည် လမ်းလေးပေါ် အချိန်ကိုက်သွား၊ ပြန်လျှောက်လှမ်းခဲ့တာကိုက နှစ်

၄၀ နီးပါးလေ။ သူလေချွန်လိုက်သည်။ ဂျင်မ်ရိပ်ရဲ့ အိုင်ဖောလ် တူဝိ(ခ်) တေးသွားအလိုက်လေး အလိုလိုပေါ်လာသည်။

အသက် ၆၀ ရွယ် ပင်စင်စားအဖိုးကြီးက ရုပ်လက်ရှည် အဖြူ၊ ကချင်ပုဆိုးကွက်စိတ်ဝတ်ပြီး လေတချွန်ချွန်နဲ့မို့ မိတ်မှကောင်း သေးရဲ့လားဆိုပြီး လမ်းလေးမှာ သူနဲ့ရှောင်တိမ်း ဆုံတွေ့သွားတဲ့သူ တွေက ယူဆမှုဖြင့်ဆိုသည့် စိုးရိမ်စိတ်လေးဝင်လာတော့ ဖျတ်ခနဲပဲ လေချွန်သံလေးရပ်ပြီး ညှိုမောင်းမောင်း အသားအရေက မည်းညို့ သွားသည်။

ခဏလေးပါပဲ။ လွတ်လပ်ပေါ့ပါးသော သူ့မူအတိုင်း မြူး သွက်သွက်ပြန်ဖြစ်သွားလေသည်။

သူ ဘူတာအုတ်လှေကားထစ်လေးတွေပေါ် ရောက်ချိန်မှာ ဘယ်အရင်ဝင်ရမလဲ စဉ်းစားသည်။ လက်မှတ်ခန်း၊ ပါဆယ်၊ လပ် ဂိတ်(လက်ဆွဲတန်ဆာ) တစ်ခုခုကိုတော့ဝင်ရမည်။ ဒီဌာနက စာရေး ချုပ်ကြီးတွေ၊ စာရေးကြီးတွေ၊ စာရေးလေးတွေက သူနှင့်မနိုင်ရင်ကာ ရင်းနှီးပြီး ဌာနထဲပါမက အိမ်တွေထိပင် ထဲထဲဝင်ဝင် ရောက်ဖူး သည်။ ပြောရရင် သူ့မှာ လည်စရာအိမ်တွေကလည်း ခဲခဲပြွတ်ပြွတ် တစ်ရက်တစ်အိမ် လည်ရင်တောင်မှ လကုန်တောင်အိမ်မစေ့ဟု သူက ပျမ်းမျှသချာသဘောကို ခြုံငုံတွက်ချပစ်လိုက်သည်။ စာရင်းစစ်ကြီး ပဲလေ။ ပတ်သက်ရာ ပတ်သက်ကြောင်း ရထားဝန်ထမ်းတွေက အပုံ အပင်။ သူ ကျေနပ်စွာ ပြုံးသည်။

ဖေးဖေးမမ ကိုင်တွယ်စစ်ဆေး အချိန်ပေးခဲ့လို့ ကုလားထိုင် လေးမြဲ။ ကလောင်လေးကိုင်နေရဆဲ ရှိနေသူများကို သူ စဉ်းစားကြည့်ဖို့ စိတ်ကူးသော်လည်း ဖြတ်သန်းခဲ့သည့် ခရီးရှည်ထဲမှာ ရေရေရာရာ မမှတ်မိတာတွေက များနေတာမို့ အာရုံကို လွှဲဖယ်ပစ်လိုက်သည်။

'ဆရာ'

သူ လှည့်ကြည့်လိုက်သည်။

သူ အစစ်ဆေးဝင်တိုင်း ဆရာ ဆိုသည့်ဝေါဟာရက စီးစီးပိုင်ပိုင်ကြားရ သာယာခဲ့မင်ခဲ့တာမို့ ဆရာဆိုရင်ပဲ သူ့ကို ခေါ်တာလားဟု အောက်မေ့နေဆဲပင်။

ပခုံးက တွန့်ခနဲဖြစ်သွားသည်။ သူ့ကို ခေါ်တာမှမဟုတ်ဘဲ။ ရှပ်အဖြူ၊ ဘောင်းဘီနက်ပြာနှင့် ဗိုက်စူစူ လက်မှတ်သိမ်းလေးကို ခရီးသည် ဒါမှမဟုတ် ကုန်သည် ဖြစ်ဟန်တူသည့်လူက ခေါ်တာပေပဲ။

ဆရာတွေ သိပ်ဖောင်းပွတာပဲဆိုသည့်အတွေးနှင့် နှုတ်ခမ်းတွန့်ရုံ ပြုံးမိသွားလေသည်။

လူတွေ ဘာဖြစ်ကုန်ပြီလဲဟု သူ ပစ်ပစ်ခါခါ ပြောလိုက်ချင်သည်။

ပတ်သက်ခဲ့သူတွေ၊ မကင်းရာ၊ မကင်းကြောင်း ဖြစ်ခဲ့သူတွေ၊ တစ်ဆရာတည်း ဆရာ ဆရာနှင့် အနားက မခွာခဲ့သူတွေ။ ခုတော့ အားလုံးက မသိကျိုးကျင်။

နှစ်ပရိစ္ဆေဒမကြာသေး။ လပိုင်းလေးမျှနှင့်ပင် အားလုံးရဲ့စိတ်ရင်းများက ထင်းထင်းပြတ်ပြတ်ပေါ်လာသည်။ လုပ်ပိုင်ခွင့်တွေကပဲ လူ့ထက်တန်ဖိုးရှိသလားတဲ့။

သူ့ရဲ့ ပျော်ပျော်နေတတ်သော ဉာဉ်မှာ အနှောင့်အယှက်နတ်ဆိုးများ ပရမ်းပတာ ပူးဝင်လာသည်။ ဘာတဲ့.... ဒီအဘိုးကြီးအလုပ်မရှိဘဲ ဘူတာမှာ လာကပ်စားနေတာတဲ့။ တောက်...ဘာမှအဆင့်မရှိတဲ့ ဘူတာမှာ အနိမ့်ဆုံးအဆင့်ကောင်က ပြောတာ။

ရင်ထဲမှာ တစ်ခါမျှ မဖြစ်ဖူးသော စိတ်ခံစားမှုများ ဝရုန်း

သုံးကား ဖရိုဖရဲဖြစ်ပြီး နှလုံးအိမ်က စည်းချက်မမှန် တုန်ခါနေသည်။

အငြိမ်းစားဘဝကို သူ ရှင်းရှင်းထင်းထင်းတွေ့ကာ အရမ်းဝမ်းနည်းသွားသည်။ အလုပ်ထဲမှာကတည်းက သူ့စိတ်ကို အမြဲချိုးနှိမ်ပြီး အငြိမ်းစားယူတဲ့အခါ စိတ်ဓာတ်အင်အား မလျော့ပါးသွားအောင် ကြိုးစားနေထိုင်ခဲ့တာတောင်မှ သူ ဝမ်းနည်းကြေကွဲခဲ့ရပြီ။ ဒါဟာ မနေတတ် မထိုင်တတ်လို့ အပြောခံရတာလားဆိုသည့် အတွေးဝင်လာတော့ ဝမ်းနည်းစိတ်ကနေ ဒေါသစိတ်ကို ကြွတက်လာစေသည်။

သွားစမ်းပါ ဘာဖြစ်လဲ။ ဘူတာသွားတာ ဘယ်သူ့ ဂရုစိုက်ရမှာလဲ။ ဘယ်တော့မှ အချုပ်အချယ်မခံနိုင်။ အပြစ်မဲ့ လူတစ်ယောက်ကို နှုတ်အမူအရာနဲ့ ချုပ်ချယ်ဦးတော့ အမှားအယွင်းတစ်ခုကို မိုက်မဲစွာ လုပ်ကိုင်သူပဲ၊ သွားမယ်။ ဘူတာကို ပုံမှန်အတိုင်း သွားမယ်။ ဟိုက ဒီက ကျွေးတဲ့မုန့်လေးတွေ၊ လက်ဖက်ရည်လေးတွေကိုလည်း လုံးဝမစားမသောက်တော့ဘူး။ မာနကြီးစွာ နေပြလိုက်မည်။ စားရမဲ့သောက်ရမဲ့မှမဟုတ်တာ။ သူတို့ အဘိုးကြီးနဲ့ အဘွားကြီး၊ သမီးကြီးက ပို့ထားတဲ့ မြေးအလတ်တို့ သူ့ပင်စင်လစာနဲ့ ဗိုက်ရိုက် စားစမ်းပါလေ့ဟု ခပ်တင်းတင်းတွေးသည်။

သူ့ဘဝမှာ ငွေကြေးနဲ့ပတ်သက်ပြီး တပ်မက်ခုံမင်စွာ မနေခဲ့ဖူးပေမယ့် အထိုက်အလျောက်ရသော လခပြင်ပငွေလေးတွေကိုတော့ မငြင်းမပယ်ယူခဲ့ဖူးသည်။ ပေးတဲ့သူက အသားမျှင်မဲ့ အရိုးသက်သက်ဖြစ်ခဲ့ပေမယ့် မတော်လောဘတော့ သူမလုပ်ခဲ့။ ပေးတာကိုပဲ သူက ကျေးဇူးတင်ချင်သေးသည်။ ဒါကြောင့်လည်း သူ့အစစ်ဆေးခံ ပုဂ္ဂိုလ်များ အခြေတကျနေထိုင်ခွင့် ကြိုးပမ်းပြီး ပိုင်ပိုင်ဆိုင်ဆိုင် အိမ်ခြံမြေတို့ ရှိပြီးချိန်မှာ သူကတော့ လုပ်သက်ခံစားခွင့်ငွေ ငါးထောင်ကျော်သာ ထုပ်ပိုက်မိနေသည်။ ဒီအတွက်လည်း သူက ဝမ်းနည်းနေမည်

မဟုတ်။ အချိန်တန်တော့ဆိုသော စကားရပ်နှင့်ပင် သူ့ဘဝ ပိတ်ကား ပေါ်မှာ ထင်ဟပ်လာမည့် အနာဂတ်ပုံရိပ်ကို မထိတ်မရွံ့စောင့် ကြည့်ဖို့ စိတ်ကူးရှိသည်။ ဒါဟာ မိုက်မဲတာပါ ဆိုဦးတော့ သူမလိမ္မာချင်။ ကိုယ်ပိုင်အိမ်လေးတစ်လုံးကို ဘယ်တော့မှပိုင်ဆိုင်ခွင့်ကြုံမည်မဟုတ်။ ကိုယ့်ကိုယ်ကို ညှိုးဖျင်းနုံ့နဲ့စွာ တွေးခဲ့ပြီးသားလေ။

တကယ်တမ်းရင်ဆိုင်ကြုံတွေ့ရပြီဆိုတော့လည်း သူတုန်လှုပ်ရပြီ။ သူ့အစားဝင်လာသော စာရင်းစစ်ကြီး (သူကတော့ သူ့တပည့်ဖြစ်ဖူးသည်ဟု ထင်နေသည်) ရောက်လာပြီမို့ တစ်လအတွင်း အိမ်ဖယ်ပေးဖို့စကားဆိုလာချေပြီ။

သူဘာလုပ်ရမလဲ။ သမီးကြီးဆီလိုက်နေရင်ကော…၊ ခေါင်းကိုလေးတွဲစွာ ခါရမ်းပစ်လိုက်သည်။

သမီးကြီးပင် မူလတန်းကျောင်းအုပ်လစာ၊ သားမက် အလယ်တန်းပြဆရာလစာနှင့် ကသီလင်တဖြစ်နေကြတာမို့ ကလေး ၅ ယောက်ထဲက တစ်ယောက်ကို သူ့ဆီပို့ထားသည်ပဲ။

လက်ရှိနေထိုင်ခွင့်ရ အိမ်ကြီးမှ ဖယ်ရှားပေးရတော့မည်ဆိုတော့ အိမ်လေးတစ်လုံးတော့ သူငှားရမ်းရတော့မည်။ သူ့လုပ်သက်ခံစားခွင့်ငွေနှင့် အဘွားကြီးရွှေကြယ်သီးလေးရောင်းပြီး အိမ်ငှားနေဖို့ စိတ်ကူးသည်။ ဒီကိစ္စကို သူ့အဘွားကြီးနှင့်တိုင်ပင်တော့ အဘွားကြီးက မျက်ရည်တစမ်းစမ်း။

သားမက်ရှိရာမြို့ကို သမီးကြီးပြောင်းဖို့ ကြိုးစားတာနဲ့ မိဘဆရာအသင်း ရန်ပုံငွေထဲက တချို့တစ်ဝက်ဖဲ့သုံးထားတာတွေ ပြန်ထည့်ဖို့ ကြယ်သီးလေးပေးလိုက်ရတာ သုံးလတောင်ရှိပြီဆိုတော့ သူမောလျှနွမ်းနယ်သွားသည်။ လုပ်သက်ခံစားရငွေကလည်း သုံးသုံးစွဲစွဲနှင့် တစ်ထောင်ပျော့ပျော့သာကျန်တော့သည်ဆိုပြန်တော့ သူ ရှူးရှူး

ရှဲရှဲနှင့် ယမ်းပုံမီးကျ၊ ပင်စင်လစာလည်း အကုန်အပ်ပါလျက်နဲ့ ဒီအထဲက လျှော့ပါးရကောင်းလားဆိုပြီး အပြစ်ဖို့တော့ အဘွားကြီးက မျက်ရည်တစမ်းစမ်းဖြစ်ရာမှ လှောင်ရယ် ရယ်လေသည်။

ကုလားထိုင်လေးပေါ် အရုပ်ကြိုးပြတ် လှဲမှီရင်း စိတ်က ယောက်ယက်ခတ်နေသည်။

ဘယ်လိုလုပ်ရမလဲ၊ ဘာလုပ်ရမလဲ၊ ဘယ်သွားနေရမလဲ… အလကားကောင်၊ ငါဟာ အလကားကောင် အိမ်လေးတစ်လုံးတောင် ကိုယ်ပိုင်ရှိအောင် မစွမ်းဆောင်နိုင်တဲ့ကောင်…။

သူ့နှုတ်ဖျားဆီမှာ ဖွာလန်ကြဲနေသော စကားလုံးများ တရှုရှု ဖြစ်နေသည်။ တကယ်ပါပဲ… ဘူတာက ကောင်လေးတစ်ယောက် ပြောသလို သူဟာ အလုပ်မရှိတဲ့ အဘိုးကြီးလေ။

* * *

'အင်း…နေပေါ့၊ ပြဿနာဖြစ်ရင်တော့ ကျွန်တော်နဲ့မဆိုင်ဘူးနော်'

အသစ်ရောက်စာရင်းစစ်ကြီးစကားက တင်းပြတ်မာထန်လှပေမယ့်'နေပေါ့'ဆိုသော စကားလုံးလေးက နားထဲမှာချိုမြနေသည်။

မာန၊ အရှက်၊ သိက္ခာ… အားလုံးကိုစွန့်လွှတ်၊ ကုန်ဆုံးသွားပြီးချိန်မှာ သူ့နေရာရောက် စာရင်းစစ်ကြီးကို ရိုကျိုးစွာ တောင်းဆိုခဲ့သည့်အတွက် နေစရာကျောခင်းစရာ အိမ်ငယ်လေးတစ်လုံး ယာယီ အဆင်ပြေသွားပေပြီ။

အိမ်ကြီးပေါ်ကနေ ခြံဝင်းထဲရှိ အလုပ်သမားတန်းလျားထဲက အခန်းလွတ်ကလေး (စာရင်းစစ်ကြီးက ပိုင်ဆိုင်ခွင့်ရှိသော အိပ်ခန်းကလေး)ဆီ ပြောင်းရတော့ သူ မျက်ရည်ကျခဲ့ရလေသည်။

သူ့ရင်က လှိုက်လှဲတုန်ယင်နေသည်။ ပါဆယ်စာရေးကြီး ပြော

လာသောစကားများကို အံ့အားသင့် မယုံကြည်စိတ်ဖြင့် နားထောင်နေပေမယ့် တကယ်ပြောတာဖြစ်ပါစေဟု ဆုတောင်းနေမိသည်။

တကယ်ပြောတာလားဗျာ ဆိုတော့ စာရေးကြီးက ရယ်ဟာဟ ပြုသည်။ အဲဒီအရယ်မှာ အထင်သေးခြင်းများ စုခဲနေမလားဟု သူ ရွံ့ကြောက်စွာ တွေးမိသော်လည်း ဖျတ်ခနဲမေ့ဖယ်ပစ်လိုက်နိုင်သည်။

'တကယ်ပါဗျ၊ ကျွန်တော်က လူမှုရေးကိစ္စတွေမှာပါနေရတော့ အောက်ခြေသိမ်းမလုပ်နိုင်ဘူး၊ ညဘက်ငွေစာရင်းသွင်းချိန်၊ တန်ဆာကုန်စာရင်းသွင်းချိန်လောက်မှာ ကူစေချင်တာပါ၊ ဖြစ်ပါတယ်နော်၊ တစ်လ ၂၀၀ ကျပ် မနည်းဘူးမဟုတ်လား'

'အို····အို မနည်းပါဘူး၊ ကျေးဇူး၊ ကျေးဇူးတောင်တင်ရမှာပါဗျာ'

သူ့အသံက လှိုက်လှဲတုန်ယင်နေသည်။ စာရေးကြီးကပေးမယ့် ၂၀၀ ကျပ်ရယ်၊ သူ့ပင်စင် ၃၀၀ ကျပ်ရယ်၊ ပါဆယ်မှာ ထိုင်ရင်ကုန်လာတင်နေကျ နို့ဆီဖိုရှင်တွေ၊ ကုန်စိမ်းသည်တွေက နည်းနည်းပေးကမ်းမှာနဲ့ဆို တစ်လ ၇၀၀ ကျပ်တော့ အနည်းဆုံးပဲဟု သူတွေးမိတော့ စာရေးကြီးကို နောက်ထပ်ကျေးဇူးစကားဆိုရကောင်းမလားစဉ်းစားမိလေသည်။

စာရေးကြီးက စီးကရက်ဘူးကို တိုက်ပုံအင်္ကျီထဲက ထုတ်လိုက်ချိန်မှာတော့ သူပျာပျာသလဲနှင့် မီးခြစ် ထယူပေးသည်။ စာရေးကြီးက စီးကရက်ကို သူ့ ထုတ်မတိုက်ဘဲ စီးကရက်ဘူးကို အိတ်ကပ်ထဲပြန်ထည့်သွားတာကို သူ အပြစ်မမြင်ချင်တော့။ ဟိုတုန်းကအခြေအနေမှာ 'ဆရာ'ဆိုပြီး ဘူးလိုက်၊ ကာတွန်းလိုက် ဖွတ်ပေးသွားတာကို ပြန်မြင်ယောင်သည်။ ထားပါတော့လေ···· ပြီးခဲ့ပြီပဲ။ အခု သူက စာရေးကြီး ထပ်ဆင့်ငှားထားတဲ့ အငှားစာရေးလေးလေ။

'ဘိုးတော် ခင်ဗျားဆရာ ဘယ်သွားလဲ'

သူ တန်ဆာစာရင်းများကို ပေါင်းနေရာမှ မော့ကြည့်လိုက်သည်။ ကုန်သည်ဖြစ်ဟန်တူသည့် သူတစ်ယောက်။

သူ ထိုသူ့ကို ပြန်မဖြေ။ မျက်မှန်ထူထူအောက်မှ မှိန်ဖျော့နေသော မျက်လုံးကို အစူးရဲဆုံးအနေအထားဖြစ်အောင် ကြိုးစားပြီး ကြည့်ပစ်လိုက်သည်။ အံကိုတင်းတင်းကြိတ်သည်။ ဖောင်တိန်ကိုင်ထားသော လက်ဖျားလေးများက တုန်ခါလျက်။

ဘာ…ဆရာလဲ၊ ဘယ်သူကဆရာလဲ….မြည်ဟည်းနေသောအသံက အပြင်ထွက်မလာ။

နှုတ်ခမ်းများကစေးကပ် ထုံအ နေသည်။ဝမ်းနည်းအားငယ်စိတ်၊ ဒေါသစိတ်တို့ကြောင့် သူ့မျက်နှာက မည်းညို့ခက်ထန်လာသည်။ ပြောရမည်၊ တစ်ခုခုတော့ ပြောကိုပြောရလိမ့်မည်။

သူ့နှုတ်ခမ်းများ တရွရွဖြစ်ပြီး ဖွင့်ပိတ်လှုပ်ရှားတော့ လည်ချောင်းမရှင်းသည့် အက်ကွဲကွဲ၊ ပြာတာတာအသံက တုန်တုန်ခါခါဖြင့် ထွက်လာသည်။

'ဆရာ….ဆရာလေး အပြင်ကို ခဏသွားပါတယ်'

ပြောပြီးချိန်မှာ နာကျင်နေသော နှလုံးအိမ်က ကျဉ်ခနဲဖြစ်လို့နေပြန်သည်။

**ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်း**



ဆင်ပြိုင်တန်ဆာ

·····မဂ္ဂဇင်း၊ ၁၉၈၈၊ ဇွန်

# ဆင်ပြင်တန်ဆာ

ဘူတာလေးသို့ ရထားဝင်လာသည်။ စက်ခေါင်းအိုကြီးက သွေးမှဖြတ်ကာ ပန်းနာသည်အဖိုးကြီး ချဲ့ဟပ်သံကဲ့သို့အားမာန်မပါ တဂီးဂီးမြည်လျက် ထိုးရပ်သွားသည်။ ရထားကြီးကို စေ့စေ့စပ်စပ် ကြည့်လျှင် လူလှိုင်းလုံးကြီး တစ်ခုပြေးဝင်လာသလိုရှိသည်။ ပြတင်း ပေါက်ဘောင်ပေါ်ထိုင်လျက် ပါလာသူများ၊ ရထားခေါင်မိုးပေါ်ပါလာ သူများနှင့် ရထားတွဲကြားတွင် ပါလာသူများကတော့ တွဲတိုင်း၊ တွဲ ကြားတိုင်းတွင် ရှိနေသည်။ ရထားတွဲတံခါး အတက်အဆင်းခြေနင်း ခုံတွင်လည်း တွဲလွဲတွဲလောင်းပါလာသူများလည်းရှိနေသည်။ ခရီးသည် စီးရန် မဟုတ်သည့်နေရာတွင်ပင် ခရီးသည်များဖြင့် ပြည့်ညပ်နေလျှင် ခရီးသည်စီးရန် တွဲအတွင်းတွင် ပို၍ပြည့်ညပ်ခြေချစရာမရှိ ဖြစ်နေနိုင် ပါသည်။ တွဲအတွင်း တစ်ထိုင်စာနေရာရဖို့ ကိစ္စရပ်သည် ကြီးကျယ်

ခမ်းနားသော လှုပ်ရှားစွန့်စားရမည့် အနေအထားဖြစ်နေသည်။

တွဲတံခါးပေါက်မှနေ၍ မရမက ဇွတ်အတင်းတိုးဝင်မည်ဆို လျှင်လည်း တံခါးဝရှိ ခရီးသည်များများ၏ ပြုံစုစောင်း မြောင်းခြင်းကို ပထမဦးစွာခံရမည်ကတော့ သေချာလှသည်။ ထိုတံခါးဝလွန်အပြီး တွဲအတွင်းသို့ တစ်နေရာစာခြေချနိုင်ရန် (ထိုင်ခွင့်ရဖို့တော့ မစဉ်းစား နိုင်ပေ)အတွက် စိတ်ကူးမည်ဆိုလျှင် ခြင်းတောင်းများ၊ အိတ်ကြီးများ၊ ပန်းစည်း၊ ထင်းရှူးဆီ စည်းများနှင့် ဆောင့်ကြောင့်ထိုင် ဆေးလိပ်ဖွာ နေသူများကို ဖြတ်သန်းရပေမည်။ ထိုအရာ၊ ထိုသူများကို ကျော်ဖြတ် တိုးဝှေ့ပြီး ရပ်စရာနေရာတစ်ခုကို တံတောင်၊ ပခုံး၊ ဒူးစသော ကိုယ် ခန္ဓာအစိတ်အပိုင်းတစ်ခုခု (သို့မဟုတ်) အားလုံးကို အစုလိုက် အပြုံ လိုက်သုံးစွဲမှသာ ခြေဖျားခြေချောင်းများ ကုတ်ဖွဲ့စရာတစ်ထွာမျှနေရာ လေးကို ပိုင်ဆိုင် ရဖို့ပဲဖြစ်သည်။ ဖိနပ်ကိုတော့ တာယာနောက်မြီးပါး ဖြစ်စေ၊ ဆင်ခြောက် ကောင်ကတ္တီပါပဲဖြစ်စေ ခါးကြားထိုးထားရပေ မည်။ စီးလျက် တိုးဝှေ့မည် ဆိုလျှင်တော့ ပတ်ကြမ်းတိုက်ခံရမည်က တော့ သေချာသည်။

ဒီလိုဖြစ်ပျက်၊ ကျပ်ခဲနေသော ခရီးသည်အထု၊အထွေးသည် အထက်တန်းတွဲ တစ်တွဲမှလွဲ၍ ကျန်ရှိးရိုးတန်းတွဲအားလုံးတွင် ရှိနေ ပေသည်။ ဂါတ်မိုလ်ကြီး၏ တွဲလေးတွင်လည်း ကြက်ခြင်းများ အပုံ အပင်မို့ ဂါတ်မိုလ်ကြီးပင် အောက်ဆင်း ရတော့မည့် အနေအထား သို့ ရောက်နေရှာသည်။

အန္တရာယ်အလွန်များလှသော တွဲကြားတွင်ပင် လူကရှိနေပြန် သည်။ ရှိနေသည်မှာ တွဲကြားတိုင်းတွင်....ရှိနေသည်။ တွဲနောက်ပိတ် နံရံကို ကျောမှီပြီး တွဲဆက်ချိတ်ကြီးကို ခြေထောက်နှင့်ကန်ထားရ သည်။ နောက်တစ်ယောက်ကလည်း ထိုကဲ့သို့ အနေအထားနှင့်ပင်

မျက်နှာ ချင်းဆိုင်ရှိနေသည်။

တွဲကြားက စီးမည်ဆိုက ရထားခုတ်မောင်းနေလျှင် အောက်ကို ငုံ့မကြည့်ဖို့ကတော့ အထူးသတိထားရမည်။ တရိပ်ရိပ် နောက်ပြန်ပြေးနေသည်ဟု ထင်ရသော သံလမ်းသည် မျက်စိကို မှုန်ပြာလာစေပြီး မူးဝေလာစေမည်မို့ အမှတ်မထင် အချိန်မျိုး၌ အောက်ပြုတ်ကျပြီး ခန္ဓာကိုယ် ၃ ပိုင်းအဖြစ် ကြေမွသွားပေမည်။ အောက်ငုံ့မကြည့်ဘဲ ဘုရားဂုဏ်တော်တစ်ခုခုကို ရွတ်ဆိုနေလျှင်တောင်မှ သတိလက်လွှတ်အိပ်ငိုက်၍မရပေ။ ချောင်းကူးတံတားများကိုဖြတ်လျှင် ရထားတွဲများလှုပ်ခါနေ၍ အိပ်ငိုက်သတိမဲ့နေပါက ပြုတ်ကျသွားမည်ကတော့ မလွဲပေ။ ကံကောင်းလွန်လွန်းမှသာ သံလမ်းပေါ် ကန့်လန့်ဖြတ်မကျဘဲ၊ ဇလီဖားတုံးနှစ်ခုကြား အလိုက်သင့်ကျပြီး တံတားအောက် ရေမဲ့သဲပြင်ကြီးပေါ် ကျရောက်သွားပေမည်။ ရထားတွဲကြားထဲက စီးမည်ဆိုလျှင်······

တစ်။ အိပ်မငိုက်၊ အတွေးမလွန်အောင် ဂရုပြု။

နှစ်။ သံလမ်းကို ငုံ့ကြည့်ချင်စိတ်ပယ်။

သုံး။ အခါမသင့်၍ လိမ့်ကျနိုင်ဖွယ်ဖြစ်လျှင် တွေ့မီရာ အကိုင်အတွယ်တစ်ခုကို အမြန်ဆုံးဆွဲ။

အချက်သုံးချက်ကို သူစဉ်းစားပြီး ပခုံးတွန့်သွားသည်။ အတွေးမလွန်အောင် ဂရုပြုရဖို့ကိုပဲ မလိုက်နာနိုင်လောက် အောင်ဖြစ်သည်။ သူတွေးပြီး ရထားစီးသွားချင်သည်။ ဟိုမှာ ပန်းရံလုပ်နေသော အစ်ကို ဆီမှတစ်ရာမျိုး၊ ငါးဆယ်မျိုး ချေးငှားတောင်းရမ်းပြီးရလာလျှင် မိန်းမကို ဘာရောင်းခိုင်းရကောင်းမလဲဆိုတာကို အကြံထုတ်ချင်သေးသည်။ နေ့စား ထရံရက်တာထက်ကိုက်တဲ့ အလုပ်ကလေးများကိုလည်း စဉ်းစားနေလိုသေးသည်။ သားအကြီးနှစ်ကောင် သင်္ကန်းစည်းပေးဖို့

အချိန်လည်းကျနေ ပြီဆိုတာကလည်း မဆီမဆိုင် တွေးမိပြန်သည်။ မဖြစ်၊ တွဲကြားကတော့ စီးလို့မဖြစ်သေး။ အခြားတစ်နည်း စဉ်းစားရဦးမည်။ ဓွတ်ပေမိုက်၍ စီးကြည့်လျှင်တော့ သူ့အရင် ဖြစ်ပျက်ခဲ့သူတို့ကဲ့သို့ မရှုမလှ ဖြစ်သွားနိုင်သည်ကိုတော့ သူသိသည်။

သူ ခေါင်းကိုခါရမ်းလိုက်ပြီး တွဲကြားက စီးမည့်ကိစ္စကို လုံးဝ ပယ်ဖျက်လိုက်ကာ ခေါင်မိုးပေါ်တက်စီးဖို့ ကြံစည်သည်။ ဆောင်းနေ ပေမယ့် တစူးတရဲရှိလှသော အပူဒဏ်ကိုတော့ လည်စင်းခံရမည်။ ဖြတ်တိုက်လာသော လေပူကြောင့် မျက်လုံးများကျိန်းစပ်ပြီး အသား များ အက်ကြောင်းထလာမှာကိုတော့ သူမကြောက်ပေ။ နေပူတာ လောက်ကတော့ သူ့အတွက် ထီးဆောင်းထားသလိုပင်။

သေမင်းတမန်တံတားဟု အမည်ပေးထားသော အရိုးအိုး တံတားကြီး၏ ဘောင်တန်း နိမ့်နိမ့်များကိုတော့ သူကြောက်သည်။ ခြေကားယား လက်ကားယားဖြင့် ပြားပြားဝပ်လျှင်တောင် ထူထဲသော ဆံပင်ရှိသူအတွက် ဆံပင်ဖျားများနှင့် သံဘောင်များတိုက်ခတ်သွား သည်ကို သူကြားဖူးသည်။ သွေးထဲမှာပင်စိမ့်လာပြီး လက်တွင် ကြက်သီးလေးများပင်ထလာသည်။ ခေါင်မိုးကို ကြောက်ရွံ့စွာလှမ်း ကြည့်လိုက်မိသည်။ ခေါင်မိုးပေါ်တွင် အေးအေးဆေးဆေးထိုင်လျက် စကားဖောင်ဖွဲ့နေသူများကိုတော့ သူ အံ့ဩအားကျနေပြန်သည်။

ခေါင်မိုးနှင့်တွဲကြားကို စွန့်လွှတ်ပြီးမှတော့ တွဲထဲအရောက်ဝင် နိုင်ဖို့ကိုပဲ စိတ်ကူးတော့သည်။ အန္တရာယ်အလွန် ကြီးမားသော နေရာ များနှင့်စာလျှင် အော်ဟစ်၊ ဆဲဆို၊ မေတ္တာပို့သံကမှ တော်ဦးမည်ဟု တွေးသည်။ သူတွေးနေစဉ်မှာပင် ဂါတ်ဗိုလ်ကြီး၏ဝီစီသံကို သဲ့သဲ့ကြား ရသည်။ အလံစိမ်းကို ဝှေ့ရမ်းပြနေသည်ကတော့ အထင်းသားမြင်ရ သည်။ စက်ခေါင်းအိုကြီးကလည်း ဥဩဆွဲပြီး စက်ရှိန်ကို ဝေါခနဲမြှင့်

သည်။ မတတ်နိုင်ပြီ၊ မှီရာတွဲပေါ် ခုန်တက်လိုက်ရတော့သည်။

ခြေနင်းခုံတွင် ခြေတစ်ဖက်စာသာ နေရာရသည်။ ဘယ်ဘက်လက်က လက်ကိုင်ကို မိမိရရဆုပ်ကိုင်မိ၍သာ တော်တော့သည်။ ညာဘက်လက်တွင်ရှိ လေးထောင့်ရှည်အိတ်စိမ်းကို လက်မောင်းရင်းသို့ လျှိုသွင်းလိုက်သည်။ အိတ်ကျသွားလို့ အိတ်ထဲပါလာသည့် တိုက်ပုံပေါင်းနှင့် ချည်ကြမ်းပုဆိုးဆုံးသွားသည်က အရေးမကြီး။ အိတ်ဆုံးသွားမှာကိုပဲ သူ စိုးရိမ်သည်။ အစည်းအရုံးနံပါတ်ပါ အိတ်လေးကို သူ့အိမ်ဘေးက ကိုညိုမြဆီမှာ တောင်းတောင်းပန်ပန်နှင့် ငှားခဲ့ရတာဖြစ်သည်။ ကိုညိုမြကလည်း သူ့ဦးလေးဝမ်းကွဲတစ်ယောက်က စွန့်ကြဲထားသည့် အိတ်မို့ မြတ်မြတ်နိုးနိုးရှိသည်။ ဒီအိတ်သာ ကျသွားလျှင်တော့ ကိုညိုမြက ငါနဲ့ကိုင်တုပ်မှာကတော့ သေချာသည်။

ရထားက နောက်တစ်ဘူတာပင် မရောက်သေး။ ဘက်ဘက်ခြေထောက်က တောင့်တင်းလာသည်။ ဘယ်ဘက် လက်ခုံသည်လည်း ပြိုင်းပြိုင်းထအကြောများ မြုပ်ပျောက်သွားမတတ် ခံနေရသည်။ ဒီကြားထဲ ကျောကယားသလိုလို၊ ပုဆိုးက ကျွတ်ချင်သလိုလို ဖြစ်နေသေးသည်။

'တောက်'သူ တောက်ခေါက်ပစ်လိုက်သည်။ ဒေါသလည်း ထွက်လာသည်။ ကားစီးနိုင်လို့ကတော့ ကားနဲ့ပဲသွား လိုက်ချင်သေးသည်။ ကားခကလည်း သူ့အစ်ကိုဆီတောင်းလို့ ရလာနိုင်သည့် ပိုက်ဆံနီးပါးမို့သာ ကားစီးချင်စိတ်ကို လျှော့ထားရခြင်းဖြစ်သည်။

'ဟူး… ရထားကလည်း ကျပ်ပ၊ ကားကျတော့လည်း ကားခက အဆမတန်'

သူ့နံဘေးရှိ ချည်ထည်မျက်နှာသုတ်ပဝါကို ခေါင်းပေါင်းထားသူက အဖော်ညှိပြောသည်။ သူပြောချင်သည်ကို နံဘေးလူကပြော၍

ကျောနုပ်ပီတိဖြင့်ခေါင်းညိတ်သည်။ ရထားကအရှိန်ရလာသည်။ ချောင်းကူးတံတားငယ်တစ်ခုကို ရထားဖြတ်တော့ ယောင်းယမ်း အောက်ကြည့်ပြီး ကြက်သီးဖြန်းဖြန်းထသွားသည်။

'မဖြစ်တော့ဘူး၊ ရှေ့ဘူတာရောက်ရင် ဆင်းပြီး တွဲပြောင်းဦးမှ၊ အသိတွေ့လို့တွေ့ငြား၊ နေရာရလို့ရငြားပေါ့ . . .'

သူစဉ်းစားရင်း တံခါးလက်ကိုင်ကို တင်းကျပ်သည်ထက် ကျပ်အောင် ဆုပ်ကိုင်ထားလိုက်လေသည်။

အုပ်၊စိပ်၊ သိပ်သည်းသော အရွက်များဖြင့် စိုလဲ့ဖြောင့်သန်သော သစ်ပင်ကြီးများနှင့် မြေနီစွန်းပေ··· ထုံးကျောက်တောင်များကို ကွေ့ပတ်တက်ဆင်းလျက် မနိုင်ဝန်ထမ်းထားရသော ရထားအိုကြီးသည် စက်ရှိန်လျှော့ ဘရိတ်ဆွဲသံ (သံတုံးနှင့်ဘီးပွတ်တိုက်သံ)များကြားရပြီး ငြိမ့်ငြိမ့်လေးသွားနေ၍ ဘူတာတစ်ခုကို ဝင်တော့မည်ကို ခန့်မှန်း၍ရနိုင်သည်။ ခရီးသည် အတက်အဆင်းမရှိသော ဘူတာလေးပေမယ့် သူဆင်းလိုက်ပြီး ရထားတွဲပြောင်းဖို့ ကြံစည်လိုက်သည်။

မျက်လုံးအစုံကို အထက်တန်းတွဲသို့ရွှေ့သည်။ အထဲဝင်ရလျှင်တော့ ကောင်းမည်။ အစိမ်းရောင် ကူရှင်ကြီးပေါ် မထိုင်ရပေမယ့် (ထိုင်ရအောင် မထိုင်ရဲပါ) ဘေးစကြံလေးနားထိုင်ရလျှင်ပင် အတော်လေး သက်သောင့်သက်သာရှိမည်။ ဒီအတွက် တွဲစောင့်ထံချဉ်းကပ်လျှင် ရနိုင်မလားမသိ၊ သူ စဉ်းစားနေစဉ်မှာပင် ရထားစက်ခေါင်းဥဩသံကို စူးစူးရဲရဲ ကြားရပြန်သည်။ ဂါတ်ဗိုလ်ကြီးကို လှမ်းကြည့်လိုက်တော့ အလံစိမ်းပြနေပြီ။

သူ အထက်တန်းတွဲဘက်ပြေးပြီး ခြေနင်းခုံပေါ်တွင် တက်လိုက်တော့ သူ့လိုပင် အခြားတစ်ယောက်ကလည်း ရှိနေသည်။ သူနှင့်အကြံတူသူလား။ သူ့ထက် အကြံဦးသူလား စဉ်းစားမနေနိုင်ပေ။

နီကယ်ရောင်ပျက်ပြီး သံချေးစွဲနေသော လက်ကိုင်ကိုသာ အမိအရ ဆုပ်ကိုင်ထားလိုက်သည်။

'နည်းနည်းလောက်'

သူခေါင်းငဲ့ပြီး အသံကြားရာ လှည့်ကြည့်သည်။ တစ်ဖက် ရိုးရိုးတန်းတွဲမှ အထက်တန်းတွဲသို့ကျွမ်းကျင်စွာကူးလာသော ကွမ်းယာ၊ ဒူးယား၊ ဆေးလိပ်သည်လေးကို တွေ့သည်။ ဆီးထုပ်၊ နေကြာစေ့၊ ဆေးလိပ်၊ ကွမ်းယာပစ္စည်းများ အစုံအလင်ထည့်ထားသော ခြင်းတောင်းကို လက်တစ်ဖက်က ဆွဲထားသေးသည်။ သူ့ခြေထောက်ကို အနည်းငယ်ပြင်ပြီး ကိုယ်ကိုတိမ်းပေးတော့ ဈေးသည်လေးက ဖျတ်ခနဲ ကူးလာသည်။ ဘယ်ဘက်က သံလက်ကိုင်ကို လျှိုသွင်းပြီး တံခါးကို ခေါက်သည်။ တံခါးသံဆန်ခါကွက်ကြားမှ တွဲစောင့်မျက်နှာပေါ်လာသည်။ တံခါးချက်ကို ဆွဲလှည့်သံကြားရသည်။ တွဲစောင့်က တံခါးကို လူတစ်ကိုယ်စာဖွင့်သည်။ ကွမ်းယာသည်လေးက ခြင်းတောင်းတစ်ဖက်နှင့် ခက်ခက်ခဲခဲတိုးဝင်သည်။ သူလည်း လိုက်ဝင်မည်ပြုသောအခါ တံခါးခြိမ်းကနဲပိတ်သွားသည်။ သူ ဒေါသထောင်းခနဲ ထွက်လာ၍ တံခါးကိုညာခြေဖြင့် အသံမြည်အောင်ပင် ပိတ်ကန်ပစ်လိုက်သည်။

'ဘာလုပ်တာလဲ၊ လှေကားရင်းကနေတောင် မောင်းချလို့ရတယ်၊ ဘာမှတ်နေလဲဟင်'

တွဲစောင့်က တံခါးဖွင့်ခေါင်းထွက်လာပြီး ဟောက်သောအခါ သူမသိချင်ယောင်ဆောင်လျက် တစ်ဘက်သို့ ငေးနေလိုက်သည်။ သူ့နံဘေးမှလူက 'ဘာမှမလုပ်ပါဘူးဆရာရယ်၊ တံခါးက သူ့ဘာသာမြည်တာပါ'။ တွဲစောင့်က မျက်နှာမှုန် ကုပ်ကုပ်ဖြင့် တံခါးကို ဆောင့်ပိတ်လိုက်လေသည်။

သူ့ရင်ထဲ တနုန့်နုန့်ဖြစ်လာသည်။ အထက်တန်းတွဲ စကြံလမ်းကြားလေးထဲထိုင်ပြီး အိပ်ငိုက်လိုက်ပါနိုင်ခွင့် နည်းပါးနေပြီကိုလည်း ခံစားသိသည်။

ရထားက နောက်ပြန်လွန်းထိုးနေပေပြီ။ ရထားအမှုထမ်းများ၊ ခရီးသည်များ နေ့ခင်းစာ စားသောက်ပေ့ရှိသည့် ဘူတာဖြစ်၍ အနည်းငယ်ကြာမည်။ သူလည်း ထမင်းစားဖို့စိတ်ကူးသည်။ စိတ်ကူးနှင့်ပင် ဗိုက်ကဆာလာသည်။ မနက်ခင်းက ရထားစီးဖို့ စိတ်စောနေသဖြင့် ရေနွေးတစ်ခွက်ပဲ သောက်ခဲ့ရသည်။ ထမင်းကြမ်းလျော်လေးပင် မစားခဲ့ရ။

ရထားစက်မသတ်ခင်မှာပင် သူခုန်ချလိုက်သည်။ ထမင်းဆိုင်တစ်ခုသို့ အမြန်ပြေးပြီး အဆင်သင့် ဟင်းပုံထားသော ထမင်း တစ်ပန်းကန်ကို အလျင်အမြန်ယူပြီးစားသည်။ ပဲဟင်းရွှဲရွှဲ၊ ဆိတ်သားဟင်းအနှစ်၊ သရက်သီးသနပ်တို့ကို အကုန်ရောမွှေပြီး ပလုတ်ပလောင်းစားသည်။ စားရခဲသော ဆိတ်သားဟင်းဖြစ်၍ ဖြည်းဖြည်းချင်းဇိမ်နှင့်လွေးချင်သော်လည်း ရထားရပ်ချိန် သိပ်မရှိ၍ ပြီးလွယ်၊ မြန်လွယ်စားရသည်။ ရထားနေရာ ရထားသူတွေကတော့ ထမင်းထုပ်မှာပြီး အေးအေးဆေးဆေးစားရုံပင်။ သူ့မှာက လိမ့်မကျအောင်ကိုပင် ဂရုစိုက်နေရသည့် အနေအထားမို့ ဆိုင်မှာပဲ ပြီးပြတ်အောင် စားရသည်။ သူ့လိုပဲ စားနေကြသူများကလည်း ဆိုင်ထဲအပြည့်ပင်။ ပြိုင်ပွဲဝင်နေသည့်အလား ထင်ရသည်။

သူ ထမင်းစားပြီးတော့ သောက်ရေလည်းဖြစ်၊ လက်ဆေးရေလည်းဖြစ်သော လှိုင်းတက်အိုးထဲမှ ရေတစ်ခွက်သောက်ပြီး ကျန်ရေဖြင့် လက်ဆေးသည်။ လက်ကမပြောင်သေးသော်လည်း နောက်ထပ်တစ်ခွက် ထပ်မံခပ်ပြီး ဆေးဖို့စိတ်ကူးရှိရန် မတူတော့ပေ။ တိုင်တစ်တိုင်

တွင် ပတ်ချည်ပြီး တွဲလောင်းချထားသော ပုဆိုးဟောင်းဖြစ်ဟန် တူသည့် မည်းညစ်ညစ် လက်သုတ်ပဝါဖြင့် လက်သုတ်သည်။ ပါးစပ်တစ်ဝိုက်ပေနေသော ပဲဟင်းအစအနများကိုလည်း ပွတ်သပ်ပစ်လိုက်သည်။ စားသောက်၍ နေသာထိုင်သာရှိသွားသည်နှင့် ရထားသို့ပြန်လာသည်။ သူ့အဖို့ကတော့ ရထားမထွက်ခင်မှာ နေရာမှမရှိဘဲ။ ရထားအေးပလက်ဖောင်းပေါ်တွင် ငုတ်တုတ်ထိုင်နေလိုက်သည်။

သူ့နံဘေးသို့ လူတစ်ယောက်လာထိုင်၍ လှည့်ကြည့်လိုက်တော့ သူနဲ့အတူ အထက်တန်းတွဲ ခြေနင်းခုံမှာ စီးသည့်သူ ဖြစ်နေသည်။

'ခင်ဗျား စဉ်းစားကြည့်ဗျာ၊ လူလူချင်း ကိုယ်ချင်းစာပေါ့ဗျာ၊ ခုတော့ တွဲစောင့်လူပါးဝတာ'

'မဟုတ်သေးဘူးလေ၊ သူ့မှာက တာဝန်ဆိုတာ ရှိသေးတာကိုး'

'ရှိရှိပေါ့ဗျာ၊ ကျုပ်သာဆို ဘယ်သူလာလာ တက်ပစေပဲ၊ တွဲထဲမှာ နေရာရှိနေတာပဲဟာ'

သူက ဒေါပွပြီးပြောနေသော်လည်း သူ့နံဘေးမှ လူကထပ်မပြောတော့ဘဲ ဆေးလိပ်ဖွာနေသည်။

တောင်ပေါ်ခရီးကို စတင်တော့မည့် ရထားကြီးက စက်နှိုးပြန်ချေပြီ။ ရွှေဘူတာ နှစ်ဘူတာပြီးရင် တောင်ပေါ်ဒေသ၏ အလှပဆုံးဘူတာ၊ နောက်သုံးဘူတာ၊ နောက်လမ်းဆုံးခရီး၊ သူဖြတ်သန်းရမည့်ခရီးကဝေးနေသေးသည်။ အထက်တန်းတွဲ ခြေနင်းခုံပေါ်ရပ်လျက်တန်းလန်းနှင့် ၄ နာရီနီးပါး စီးရဦးမည်။ သူ ဒေါသဖြစ်လာပြန်သည်။

သူ့နံဘေးလူကလည်း သူနှင့် အလိုက်သင့်စကားမပြော၍ ပြောချင်တာများက နှုတ်ဖျား ယားကျိကျိဖြစ်နေသော်လည်း ငြိမ်နေလိုက်ရသည်။

လေက တစ်ချက်ဝေ့ခနဲတိုက်သည်။ တောင်ပေါ်ဒေသဖြစ်၍

စိမ့်အေးသော အာရုံကိုခံစားရသည်။ သူလက်ဆွဲ အိတ်ထဲမှ အင်္ကျီကို ဆွဲထုတ်လိုက်ပြီးဝတ်သည်။ အတွင်းရှပ်ကော်လံကို သပ်သပ်ယပ်ယပ် ဖြစ်အောင်ပြင်ပြီး အောက်ချထားသော အိတ်ကိုကိုင်ထားလိုက်သည်။ ရထားက ဥသြဆွဲသည်။ ဂါတ်ဗိုလ်ကြီးက အလံစိမ်းပြသည်။ ခရီး သည်များ သက်ဆိုင်ရာတွဲဆီပြေးသည်။ သူနှင့်သူ့နံဘေးလူလည်း အထက်တန်းတွဲဆီပြေးပြီး ခြေနင်းခုံပေါ်တက်သည်။ တွဲအပေါက်ဝ တွင်ရှိ တွဲစောင့်က သူ့ကို တအံ့တသြကြည့်သည်။

'ဝင်မလို့လား၊ ဝင်လေ'

သူ အံ့အားသင့်သွားပြီး အတွင်းသို့ဝင်လိုက်သည်။ သူ့နံဘေးက လူကလည်း လိုက်ဝင်မည့်ဟန်ပြုသောအခါ တွဲစောင့်ကတံခါးပိတ် သွားသည်။

သူအထဲ ရောက်သွား၍ လုံခြုံသက်သောင့်သက်သာရှိသော နေရာသို့ရောက်သွားပြီအသိဖြင့် ကျေနပ်နေသည်။ သူ့လက်ဆွဲ အိတ်ထဲ မှ ဆေးလိပ်ထုတ်ပြီး အပေါ်အင်္ကျီထဲမှ မီးခြစ်ဖြင့်မီးညှိဖွာသည်။ ဆေးလိပ်မီးခိုးများကို ဖြည်းညင်းစွာ မှုတ်ထုတ်ရင်း တွဲစောင့် သူ့အပေါ် ချက်ချင်းလက်ငင်း သဘောထားပြောင်းသွားသည်ကို စဉ်းစားသည်။ သို့သော် အဖြေမရဘဲ ဒိုက်မျဉ်းလာသည်။

အပြင်တွင် ကျန်ရစ်ခဲ့သူကို သတိမရတော့။

...မဂ္ဂဇင်း၊ ၁၉၈၈၊ ဇွန်


nov 7
2009

သက်ငြိမ်ဘူတာ

မဟောသီ၊ ၂၀၀၉၊ ဇွန်

# သက်ငြိမ်ဘုရား

ဘုရားရုံကလေးတစ်ခုပါ။

အဲဒီဘုရားရုံကလေးက ရန်ကုန်-မန္တလေးလမ်းမကြီးမှာရှိပါတယ်။ အောက်ဘက်ကမဟုတ်ပါ၊ အထက်ပိုင်း အညာဒေသက ဘုရားရုံကလေးပဲ ဖြစ်ပါတယ်။ သူနဲ့ကပ်လျက် အဆန်ဘက်မှာ ဘုရားအကြီးကြီးရှိပြီး၊ အစုန်ဘက်မှာတော့ အတော်အသင့်ကြီးတဲ့ တစ်နည်းပြောရရင် ရုံပိုင်ကြီးအုပ်ချုပ်တဲ့ ဘုရားရှိတယ်။ ဘုရားကလေးကတော့ ရုံပိုင်တစ်ယောက်၊ လမ်းခွဲကိုင်နှစ်ယောက်သာရှိတဲ့ ဘုရားသေးသေးလေးပေမယ့် လုပ်ငန်းတာဝန်တွေက များပြားလွန်းလှပါတယ်။ မီးရထားမှာ ဒီလို ဘုရားလေးတွေ အများကြီးရှိတာပါ။ အကြောင်းရင်းက သွားလာရေးလုပ်ငန်း ချောမွေ့ရေးအတွက် ထားရှိတာပါပဲ။ ခရီးသည် အတက်၊ အဆင်း ပါဆယ်ကုန်ပစ္စည်းတင်/ချ

မယ်မယ်ရရ မရှိပေမယ့် ရထားတွေ ဆုံ/ကျော်ကိစ္စအတွက် အရေး ပါတဲ့ 'မရှိမဖြစ်'လေးတွေပဲ ဖြစ်ပါတယ်။

ဒီဘူတာကလေးကတော့ ရန်ကုန်-မန္တလေး လမ်းမကြီးနဲ့အတူ ပေါ်ပေါက်လာတာမို့ သူ့သက်တမ်းက ရင့်နေပါပြီ။ ဝန်ထမ်း အဆက် ဆက်ပြောင်းလဲသွားပေမယ့် ဘူတာကလေးကတော့ ထူးထူးခြားခြား ပြောင်းလဲမသွားခဲ့ပါဘူး။ တံ့ကင်နဲ့ နှိပ်တင်ရတဲ့ ရေငန်တွင်းလေးတစ်ခု တိုးလာတာကလွဲပြီး ခြောက်သွေ့ညှိုးနွမ်းဆဲပါပဲ။ ရွာကလေးနဲ့လည်း အလှမ်းဝေးတာမို့ ပိုက်ဆံရှိရင်တောင် ဝယ်စားစရာမရှိတဲ့ နေရာလေး ပါ။ တစ်မိနစ်သာ ရပ်တန့်တဲ့လော်ကယ်ရထားမှာလည်း ခရီးသည် တက်ဆင်းမရှိတာမို့ ဝန်ထမ်း ၃ ယောက်သာ စကားမပြောရင် တိတ် ဆိတ်နေတော့တာပါ။

အဲ… တစ်ခါတစ်ရံမှာ အမြန်ရထားချင်းဆုံရင်တော့ ဘူတာ ကလေးက အသက်ဝင်လှုပ်ရှားသွားတတ်ပါတယ်။ ပထမ ရပ်တန့် ထားတဲ့ အမြန်ရထားကြီးရဲ့ ခရီးသည်တွေက ရထားပေါ်ကနေ ဘူတာ လေးရဲ့စင်္ကြံမှာ ဆင်းရင်းလမ်းလျှောက် ခြေလက် ခါးဆန့် အညောင်း အညာဖြေတဲ့ အချိန်လေးမှာပေါ့။ ဒီလိုအခါမျိုးမှာ ရထားကြီး နဲ့လိုက်ပါလာတဲ့ ဈေးသည်လေးတွေရဲ့ ဈေးရောင်းသံတစာစာက လည်း စင်္ကြံလေးမှာ စည်ဝေနေတတ်ပါတယ်။ ဈေးသည်လေးတွေက တစ်ဘက်ကနေ တောက်လျှောက် ခုတ်မောင်းသွားမယ့် ရထားကြီးနဲ့ ပြန်လိုက်ပါဖို့ တာစူရင်း ဈေးရောင်းကြတာပါ။ ဘူတာဝန်ထမ်းတွေ အတွက် ဆေးလိပ်၊ ကွမ်းယာလေးတွေ ပေးသွားတတ်ကြတယ်။ ၁၀၀ ကျပ်ဖိုး၊ ၂၀၀ ကျပ်ဖိုး မတွက်ဆကြပဲ ပေးသွားကြတာပါ။ ဘူတာ ကလေးကို သူတို့ရဲ့ဈေးကွက် စီးပွားရေး အထောက်အကူပြုစခန်း လေးအဖြစ် သတ်မှတ်တာလည်း ဖြစ်နိုင်ပါတယ်။

ဘူတာကလေးမှာ ရေငန်ထွက်တဲ့ ရေတွင်းလေးကလွဲပြီး ဘာမှ စိုစိုပြည်ပြည်မရှိတော့ ဘယ်သူမှလည်း ဒီဘူတာ ကလေးမှာ မနေလို ကြပါဘူး။ ဆိုတော့ ဒီဘူတာကလေးကို ရောက်လာတဲ့သူတွေက အပြစ်တစ်စုံတစ်ရာ ကျူးလွန်လို့ အပြစ်ပေး ပြောင်းရွှေ့ခံထားရတဲ့သူ တွေပဲဖြစ်ပါတယ်။ တိုင်းမန်နေဂျာတွေကလည်း ညှာပါတယ်။ တစ်နှစ် လောက်ပဲ ဒီဘူတာကလေးမှာထားပြီး ရေချိုလေးလောက်တော့ သောက်ရတဲ့ ဘူတာကြီးတွေဆီပြန်ပြီး ပြောင်းရွှေ့ပေးကြတာမို့ ဘူတာ ဝန်ထမ်းတွေဟာ ဖြတ်သန်းရမယ့် တစ်နှစ်ကာလမှာ အပြစ်အနာအဆာ မရှိအောင်နေရင်း ဘူတာကလေးရဲ့ လုပ်ငန်းယန္တရားကို လည်ပတ်စေ တာပါ။ နွေရာသီ အပြောင်းအရွှေ့ကာလ မရောက်မချင်း အောင့်အည်း သည်းခံ၊ ပြက္ခဒိန်တွေ လက်ချိုးရေတွက်၊ ရထားတွေခုတ်မောင်းဖြတ် သန်း၊ ဆုံ၊ ကျော်၊ ရပ်.... ဘူတာကလေးက သက်ငြိမ် တစ်ခုမဟုတ် တာကတော့ သေချာလှပါတယ်။

* * *

ဒီဘူတာလေးရဲ့ လမ်းခွဲကိုင်နှစ်ယောက်ဖြစ်တဲ့ စံမြင့်နဲ့ ကျော်ငွေတို့ကတော့ အပြစ်ကိုယ်စီနဲ့ ပြောင်းရွှေ့ခံထားရတာပါ။ စံမြင့်ဟာ တောင်ပေါ်ဒေသ သရက်၊ လိမ္မော်၊ ပြောင်းစတဲ့ ကုန်တွေ အများကြီးတင်ရတဲ့ ဘူတာမှာ စိုစိုပြည်ပြည်ဖြစ်နေတာကို မနေတတ်၊ မထိုင်တတ် ရုံပိုင်ကြီးနဲ့ ရန်ဖြစ်လို့ ရာထူးချပြောင်းရွှေ့ခံထားရတဲ့ သူပေါ့။ ကျော်ငွေကတော့ ဟိုဘက်အူတာကြီးကနေ ပြောင်းလာရတာ။ လုပ်ငန်းခွင် ပေါ့ဆမှုလေး၊ တွဲတွေ ရှန်တိန်လုပ်ရင်း လမ်းဆုံး ကဒုတ်ကျော်ပြီး တွဲလမ်းချော်ကျတဲ့အမှုနဲ့ ပြောင်းလာရတာပါ။

သူတို့နှစ်ဦးရဲ့ တူညီမှုတွေကတော့ တော်တော်များပါတယ်။ ဆင်းရဲတာ၊ ကလေးတွေအများကြီးမွေးတာ၊ မိသားစုတွေ တစ်ဘက်

ဘူတာရုံအကြီးကြီးမှာ ရေရောင်း၊ ရေနွေးရောင်း၊ ဈေးရောင်း လုပ်စား နေရတာကအစ အတန်းပညာပါ တူညီကြပါတယ်။ သူတို့ဖြတ်သန်း ကြီးပြင်းလာတာကလည်း ဘူတာကြီးရဲ့ ဝန်ထမ်းငယ်လိုင်းခန်းလေး ကနေ အစပျိုးလာတာပါ။ ပြောရရင်တော့ သူတို့နှစ်ယောက်လုံးဟာ မွေးကင်းစကတည်းက အတူတူကြီးပြင်းလာတဲ့ ငယ်သူငယ်ချင်း အရင်းတွေပဲ ဖြစ်ပါတယ်။ အခုမှ တိုက်တိုက်ဆိုင်ဆိုင် အပြစ်ကိုယ်စီနဲ့ ဒီဘူတာရုံကလေးမှာလာ ဆုံကြရ၊ အတူလက်တွဲကြရတာမို့ တစ် ယောက်နဲ့တစ်ယောက် ဖေးဖေးမမ လက်တွဲလုပ်ကိုင်ကြတာမို့ ရုံပိုင်က ကျေနပ် သဘောကျတာပေါ့။ အစုန်ဘက် လမ်းလွှဲပွိုင့်၊ အဆန်ဘက် လမ်းလွှဲပွိုင့် တာဝန်ခွဲထားပေမယ့် သူ့ပွိုင့်ကိုယ့်ပွိုင့်မခွဲခြားဘဲ အားတဲ့ သူကလုပ်ပေးတာ။ ဈေးသည်လေးတွေပေးတဲ့ ကွမ်းယာ၊ ဆေးလိပ် မျှဝေစားသောက်ကြတာကတော့ မဆန်းပါဘူး။ သူငယ်ချင်းအရင်း တွေမို့ တွက်ကပ်တာလည်း ရှိဟန်မတူပါဘူး။

သူတို့နှစ်ယောက်မှာ တူညီမှုတွေ အများကြီးရှိသလို မတူညီ တဲ့စရိုက်သဘာဝတွေလည်း အများကြီးရှိနေပါတယ်။ ကျော်ငွေက ရောင်စုံဘောပင် ၃ ချောင်းနဲ့၊ ခွင်ကျကိန်းဂဏန်းလေးတွေကို စိတ် လှုပ်ရှားအောင် တွက်ချက်ပြတတ်တာမို့ ရထားဆုံတဲ့အခါမှာ ဈေးသည် လေးတွေ၊ ရထားဝန်ထမ်းတွေဖြစ်တဲ့ လက်မှတ်စစ်၊ တွဲစောင့်၊ ဂါတ် ဗိုလ်ကြီးတွေက ရတဲ့ အချိန်လေးမှာ ကျော်ငွေနားမှာ ဝိုင်းနေတတ်ပါ တယ်။ ရထားကြီးတွေ ထွက်ခွာပြီးရင်တော့ ကျော်ငွေဆီမှာ ကွမ်းယာ၊ စီးကရက်ဖူး၊ သကြားလုံး၊ အချဉ်ထုပ်တို့ အလျှံပယ်ဖြစ်နေတာပါပဲ။ တစ်ခါတစ်ရံ ရထားပါးတဲ့အချိန်မှာတော့ ကျော်ငွေ တစ်ယောက် ရောင်စုံ ဘောလ်ပင် ၃ ချောင်းနဲ့ ပြက္ခဒိန်ဟောင်းက စာရွက်တချို့ အဖော်ပြုပြီး ခပ်လှမ်းလှမ်းက ရွာလေးဆီ ထွက်သွားတတ်တယ်။

ကိန်းဂဏန်းတွေ တည့်တာ၊ လွဲတာတော့မသိ ဘူတာရုံကလေးဆီ ပြန်လာတဲ့အခါမှာတော့ ဆန်လေး နည်းနည်းနဲ့ အသီးအရွက်ကလေး တွေ ပိုက်ပွေ့ပြီးပါလာတတ်တယ်။ ကျော်ငွေက စံမြင့်လက်ထဲထည့် ပြီးရင် စံမြင့်ကချက်ပြုတ် အတူစားသောက်ကြတာမို့ သူတို့ရဲ့ဆက်ဆံ ရေးက တကယ့်ကို အဖြူထည်လို့ သတ်မှတ်ရမှာပါ။ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုတွေနဲ့ အတွဲအဖက်ညီတဲ့ သူငယ်ချင်းတွေ အဖြစ် သတ်မှတ်လိုက်ရင် လုံးဝ မှားမယ် မထင်ဘူး……။ 'နွေးထွေး ချစ်ခင်ကြတဲ့သူငယ်ချင်းအစစ်တွေ အလွမ်းသင့်လိုက်မိသောသူတွေ၊ မျှတ စွာ ကျင့်ကြံနေထိုင်ကြသူတွေ' လို့ သုံးသပ်မယ်ဆိုရင်တော့ ဘယ်သူမှ လည်း ငြင်းပယ်မှာ မဟုတ်ပါ။

* * *

မိုးနှောင်းကုန်သွားပြီး ပွင့်လင်းရာသီအစ ဆောင်းဦးကာလ လေးမှာ ဘူတာရုံကလေးရဲ့ ရှိနေတဲ့ပြေးလမ်း၊ ၂ လမ်းကနေ တွဲခိုလမ်းလို့ခေါ်တဲ့ ၃ လမ်း တိုးချဲ့ဖို့ တိုင်းအရာရှိကြီးတွေက စီစဉ် ကြပါတယ်။ ရထားသွားလာမှုတွေ ပိုမိုများပြားလာတာနဲ့အမျှ ရထား ကြန့်ကြာတာတွေ နည်းနိုင်သမျှ နည်းအောင် စီစဉ်တာမို့ အမြန်ဆုံး အကောင်အထည်ဖော်ဖို့ ဆောင်ရွက်ကြတယ်။ လမ်းဗိုလ်ကြီး ကြီးကြပ် ဆောင်ရွက်မှာဆိုတော့ တောင်ပေါ်ဘူတာကြီးမှာ ဆုံတွေ့ခဲ့ဖူးတဲ့ ကျော်ငွေနဲ့ လမ်းဗိုလ်ကြီးတို့ ချိတ်မိကြတယ်။ လမ်းခင်းမယ့်နေရာမှာ တောထနေတဲ့ကန္တာရပင်တွေ ရှင်းလင်းဖို့၊ လမ်းမြေဖို့ဖို့အတွက် တာဝန်ယူ တယ်။ သူ မကြာမကြာသွားတတ်တဲ့ ရွာလေးရဲ့အခြေအနေကို သူသိ တယ်။ 'ခေါင်'တဲ့ဒေသက ရွာကလေးရဲ့ ချို့တဲ့မှုကို သူတွက်ဆပြီး ဖြစ်တာမို့ နေ့စားအလုပ်သမားခေါ်ယူနိုင်ရေးက သူ့အတွက် ပြဿနာ

မဟုတ်ဘူး။ ဒီလိုနဲ့ လမ်းဗိုလ်ကြီးရဲ့ ၃ လမ်း စီမံကိန်းလက်ထောက် တာဝန်ခံ ဖြစ်မှန်းမသိ ဖြစ်သွားတာပေါ့။

'ကဲ… ကိုကျော်ငွေရေ၊ လုပ်ငန်းကို ၂ ရက်၊ ၃ ရက်အတွင်း စချင်တယ်၊ မြေကြီးတူးဖို့၊ ကန္တာရတောကြီးရှင်းဖို့ ဒီနေ့ပဲ ခင်ဗျား လူရှာတော့ဗျာ'လို့ ပြောပြီး လမ်းဗိုလ်ကြီး စက်ထရော်လီနဲ့ ဘူတာကြီး ဆီ ပြန်လည်းသွားရော ကျော်ငွေလည်း ရွာထဲကို တစ်ချိုးတည်း လစ်တော့တာပဲ။ စီမံကိန်းဒါရိုက်တာကြီးတစ်ယောက်လို့ သတ်မှတ် လိုက်ရ အောင်ကို တက်ကြွနေတော့တာပါပဲ။

လမ်းဗိုလ်ကြီး သတ်မှတ်တဲ့ရက်မှာပဲ တာကျင်းတူးမယ့်၊ ခြုံရှင်း မယ့် ယောကျ်ား၊ မိန်းမတွေ ဘူတာကလေးမှာ စုညီနေပါပြီ။ လုပ်သား အင်အားက လိုချင်တဲ့အတိုင်းအတာ ရတာမို့ လမ်းဗိုလ်ကြီးလည်း ပီတိအပြုံးမျက်နှာ၊ ကျော်ငွေလည်း ပျားရည်လူးထားတဲ့မျက်နှာနဲ့ တကယ့်ကို အဆင်ပြေနေတော့တာပါပဲ၊ ကျော်ငွေလမ်းဖောက်၊ ခြုံရှင်း တဲ့ဘက် အလုပ်များနေချိန်မှာ စံမြင့်တစ်ယောက်တည်း အစုန်ပို့ငွင့်၊ အဆန်ပို့ငွင့် လူးလာခေါက်တုံ့နဲ့ မညည်းမငြူ လုပ်ပေးရှာတယ်။ ရထား ဆုံစရာရှိမှသာ ကျော်ငွေကို လှမ်းခေါ်တာပါ။

လုပ်ငန်းစလို့ ၃ ရက်ကျော်အကြာမှာတော့ ကန္တာရခြုံတောကြီး တော်တော်ရှင်းသွားပါပြီ။ ကိုင်းတုတ်တုတ်တွေ၊ ပင်စည်တွေ၊ ကိုင်း ဖျားတွေကို သူ့နေရာနဲ့သူ ပုံထားလိုက်တော့လည်း ကန္တာရဆူးပင် တွေက တန်ဖိုးရှိနေပြန်ပါရော။ အဲဒီနေ့မှာပဲ ဘူတာကြီးဆီထွက်ခွာမယ့် ကုန်ရထားကြီးဝင်လာတော့ လွတ်နေတဲ့ တွဲပက်လက်ပေါ် ကန္တာရ ထင်းတွေတင်ပြီး ကျော်ငွေ ရထားကြီးနဲ့အတူ လိုက်သွားပါတယ်။

'စံမြင့်ရေ ငါ ဒါတွေသွားရောင်းလိုက်ဦးမယ်၊ ရောင်းပြီး ချက်ချင်းပြန်လာမှာပါ၊ ရထားမရှိလည်း ခြေလျင် လာခဲ့မယ်၊ ငါ့ဘက်

ပွိုင့် ကြည့်လုပ်ထားဦး၊ ငါရှံပိုင်ကြီးကို ခွင့်တောင်းပြီးပြီ'

ဘီးလိမ့်နေတဲ့ ရထားကြီးရဲ့ တွဲပက်လက်ပေါ်ကနေ ကျော်ငွေ အော်ပြောတာကို စံမြင့် ဘာမှမတုံ့ပြန်ဘူး။ တွေတွေကြီး ငေးကြည့်နေ တော့တယ်။

* * *

အလုပ်သမားတွေကို ၅ ရက်ပြည့်တဲ့နေ့ ဈေးတစ်ပတ်စာ ငွေရှင်းတော့ ဘူတာရုံကလေးရဲ့စကြံမှာ ရှင်းပေးတာပါ။ စာရင်းစာအုပ် တစ်အုပ်၊ ဘောပင်ရောင်စုံ ၃ ချောင်းနဲ့ ကျော်ငွေ လုပ်ကိုင်နေတာကို စံမြင့်မမှိတ်မသုန် ကြည့်နေရာကနေ ချာခနဲလှည့်ထွက်ပြီး ဘူတာ ရုံးခန်းလေးနဲ့ ရှံပိုင်စားပွဲဆီကို ခြေဦးလှည့်တယ်။

'ပိုင်ကြီး·····၃ လမ်းလုပ်မယ့်နေရာက ကန္တာရပင်တွေက ဘူတာနဲ့ဆိုင်တာမဟုတ်ဘူးလား'

စံမြင့်စကားကို ရှံပိုင်နားမလည်ဟန် ဖြစ်သွားတယ်။

'ဘာဖြစ်လို့မေးတာလဲ ကိုစံမြင့်ရဲ့'လို့လည်း ဆိုရော

'ပိုင်ကြီး စဉ်းစားလေ၊ ဘူတာဧရိယာထဲက အပင်အားလုံးဟာ ဘူတာပိုင်၊ မီးရထားပိုင် မဟုတ်လား၊ တစ်ဦး တစ်ယောက် ကိုယ်ကျိုး အတွက်မှမဟုတ်တာ၊ အဲဒါ ကျော်ငွေက ဘာကိစ္စက ယူသွားရ တာလဲ····'

'ဩော် ကိုစံမြင့်ရယ်၊ ဘူတာအရိပ်ရ၊ အလှစိုက် သစ်ပင် မဟုတ်တဲ့ ခြုံတွေပါ၊ ဘယ်သူခုတ်ခုတ် ရှင်းရှင်းလုပ်ပေးတဲ့ သူတောင် ကျေးဇူးတင်ရမယ့် ကန္တာရပင်တွေပါဗျာ၊ အလကားယူဆိုရင်တောင် မယူတဲ့ ဆူးတွေဗရပွနဲ့ အန္တရာယ်ပေးတဲ့အပင်ပါ။ အခုဟာက ၃ လမ်းဖောက်မှာမို့ ရှင်းလင်းရင်း ထွက်လာတဲ့ထင်းလေ'

'ဟုတ်ပါတယ်၊ ဒါ ကျွန်တော်နားလည်ပါတယ်၊ ခုရလာတဲ့

ထင်းကို ရုံပိုင်ကြီးအပါအဝင် ကျွန်တော်တို့လည်း ဆိုင်တာပေါ့၊ ဒါကို ကျော်ငွေတစ်ယောက်တည်း ယူသွားတာတော့ ကျွန်တော် မကျေနပ်ဘူး'

'ကိုကျော်ငွေရတာ၊ ခင်ဗျားရတာလို့ပဲ အောက်မေ့ပါဗျာ၊ ခင်ဗျားတို့ သူငယ်ချင်းအရင်းတွေပဲဟာ'

ရုံပိုင်က စိတ်ရှုပ်ထွေးဟန်နဲ့ပြောပြီး ဘူတာအပြင်ဘက် ထွက်သွားပါတော့တယ်။

အဲဒီနေ့ညကတော့ ရထားနည်းတာရယ်၊ နေ့ခင်းလမ်းဖောက်ရေးမှာဝင်လုပ်နေရလို့ ပင်ပန်းတာရယ်ရောပြီး ကျော်ငွေတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတယ်။ အိပ်မပျော်နိုင်တာကတော့ စံမြင့်ပဲ။ ညနေက တာတူးအလုပ်သမားတွေ ကိုကျော်ငွေ ငွေရှင်းပေးနေတဲ့ ပုံရိပ်ကိုပဲ မြင်ယောင်နေတယ်။ ပိုက်ဆံတွေ အထပ်လိုက်ကိုင်ပြီး စာရင်းသွင်းလိုက်၊ ငွေရေပေးလိုက်လုပ်ပေးနေတဲ့ ကျော်ငွေရဲ့ပုံရိပ်ကို သူ့မျက်စေ့ထဲက မထွက်တော့ဘူး။ တစ်ခုခုကတော့ ခုလုခုလုနဲ့ သူ့ရင်ဘတ်ထဲ ဝင်ရောက်နေပါပြီ။

မနက်အရုဏ်တက်တော့ တာတူးမယ့် အလုပ်သမားအဖွဲ့တွေ ရောက်နေပါပြီ။ ပေါက်တူးကိုယ်စီ၊ ဒယ်အိုးကိုယ်စီနဲ့ လုပ်ငန်းခွင်ဝင်ကြတော့မယ်။ ကျော်ငွေလည်း လုပ်ငန်းကြီးကြပ်ဖို့ အဆင်သင့်ဖြစ်ပြီထင်ပါရဲ့။ မနက်ခင်းပိုင်းပေမယ့် မြက်ဦးထုပ်ကြီး ဆောင်းထားပြီးပြီ၊ ဇင်ပြာ အင်္ကျီဟောင်းကြီး ဝတ်ထားပြီးနေပါပြီ။

'ဟော့ကောင် ကျော်ငွေ သရီးအပ်သွင်းဖို့ ပွိုင့် ဘယ်သူသွားမှာလဲ'

စံမြင့် လှမ်းအော်တာကြောင့် ခြေလှမ်းနေတဲ့ ကျော်ငွေလည်း ရပ်ပြီး လှမ်းကြည့်တယ်။

'ခရော့ဆင် ရှိလို့လား'

'မရှိဘူး'

'ဒါဆိုလည်း မင်းပဲ သွားလိုက်ပါကွာ'

'မလုပ်ပေးနိုင်ဘူးကွာ၊ မင်းပွဲ့ငွ မင်းသွား၊ ရထားရပ်သွားရင် မင်းဖာသာရှင်း'

လမ်းရှင်း ကြိမ်ကွင်းကြီးကို ဘူတာရှေ့ပစ်ချပြီး စံမြင့် လှည့်ထွက်သွားတော့ ရုံပိုင်လည်း မနေသာတော့ဘူး။

'ကိုကျော်ငွေရေ နောက်မှ ခင်ဗျားတို့ချင်းရှင်းတော့၊ ရထားအပြင်ရပ်သွားရင် ခံနေရဦးမယ်'

ကျော်ငွေ လမ်းရှင်းကြိမ်ကွင်းကြီးကောက်ပြီး ၃ အဆန် ရထားဝင်လာမယ့်ဘက်ဆီ မပြေးရုံတမယ် ထွက်သွားတယ်။ ရုံပိုင်က တော့ မနေ့ကစံမြင့် ထင်းကိစ္စ မကျေမချမ်းလာပြောတာကို မြင်ယောင်ရင်း သက်ပြင်းချတယ်။ လွဲချော် မှုတွေရှိနေပြီဆိုတဲ့ အတွေးလည်း ဝင်လာပုံရတယ်။

'ကိုကျော်ငွေ ခင်ဗျား ခွင့်တစ်လလောက် ယူလို့ရရင်လည်းယူ၊ မဟုတ်ရင်တော့ ဒီတာတူးတဲ့သူတွေ ကြပ်မတ်ဖို့ ခင်ဗျားအဆင်ပြေမှာ မဟုတ်ဘူး၊ ကျွန်တော့်ပါမင့်နစ် အလုပ်သမားအုပ်စုထဲက မယ်ဇလီ တစ်ယောက်ကိုပဲ တာဝန်ပေးရတော့မှာ ခက်တယ်ဗျာ၊ ခင်ဗျားတို့ သူငယ်ချင်းတွေဖြစ်ပြီး…'

လုပ်ငန်းလာစစ်တဲ့ လမ်းဗိုလ်ကြီးကို ကျော်ငွေ ဘာမှပြန် မပြောသာဘူး။ သူ့လက်ထဲမှာရှိတဲ့ ရောင်စုံဘောပင်လေး ၃ ချောင်းကိုပဲ ဟိုလှည့်ဒီလှည့် လုပ်နေတော့တယ်။

* * *


ကျော်ငွေလည်း ခွင့်မတင်ဖြစ်ပါဘူး။ ခွင့်တစ်လကို ဘယ်သူမှ

လည်းပေးမှာ မဟုတ်ပါဘူး။ ၃ လမ်းဖောက်တဲ့နေရာလည်း မသွားတော့ဘူး။ လမ်းဗိုလ်ကြီးရဲ့လက်ထောက်လည်း မဟုတ်တော့ဘူး။ ကိုယ့်ပွိုင့်ကိုယ်သွား၊ ကိုယ်ရတဲ့ကွမ်း၊ ဆေးလိပ် ကိုယ့်အိပ်ထဲပဲ ထည့်လိုက်ကြတယ်။

ဘဝတူ သူငယ်ချင်းကြီးနှစ်ယောက် လုံးဝ စကားမပြော၊ စိမ်းစိမ်းကားကား ဖြစ်သွားတဲ့ကိစ္စပေါ်မှာ ရုံပိုင်က နားလည် သဘောင်ရှိပေမယ့် ဘဝင်မကျဘူး။ တစ်စုံတစ်ခုအတွက် ကြေကွဲသလို ခံစားနေရတယ်။

အခုတော့ ဘူတာကလေးက ငြိမ်သက်၊ တိတ်ဆိတ်လို့နေပါပြီ။ တကယ့် သက်ငြိမ်ပန်းချီကားတစ်ချပ်လိုပါပဲလေ။

မဟေသီ၊ ၂၀၀၉၊ နွေ




ဘယ်, ညာ
မဟောသီ၊ ၁၉၉၄၊ ဩဂုတ်

# ဘယ်, ညာ

နံပါတ် ၁၀ ကတ္တီပါ နီညို ဖိနပ်လေးကို ဘူးနဲ့အသေအချာ ထည့်ပြီး လှမ်းအပေးမှာ အံ့သြလို့သွားသည်။ ဖိနပ်ဝယ်သူ ဦးလေးကြီးက ချိုင်းထောက်နှင့်။ အသေအချာကြည့်မိတော့ ဝဲဘက်ခြေတစ်ဘက်နေရာက လပ်ဟာလို့နေသည်။

သူရင်ထဲ မရှင်း။ မေးသင့်၊ မသင့် စဉ်းစားမိပြီးတော့ အားနာစွာပဲ မေးဖြစ်သွားသည်။

"ဦး စီးဖို့လားခင်ဗျာ၊ ဦးစီးဖို့ဆိုရင် ကျွန်တော် တစ်ဘက်တည်း အော်ဒါချုပ်ပေးနိုင်ပါတယ်ခင်ဗျာ၊ ဒါဆိုရင် ဦးအတွက် ထက်ဝက်သက်သာ . . ."

စကားမဆုံးခင်မှာပဲ ဦးလေးကြီးက လက်ကာပြသည်။ နှစ်လို ဖွယ်ရာ တစ်ချက်ပြုံးသည်။

"ဟုတ်တယ်၊ ဦး စီးဖို့၊ ဦး အမြဲတမ်း တစ်ရှဲဝယ်နေကျ၊ ခါတိုင်းတော့ ဦးတို့မြို့မှာ ဝယ်နေကျပါ၊ ခုတော့ကြုံတာနဲ့ ငါတူတို့ ပင်ရင်းဆိုင်ကို ဝင်ဝယ်တာ"

သူ ဘယ်လိုမှ နားမလည်နိုင်တော့။ ရှူးဖိနပ်ဆိုလည်း တော် သေးရဲ့။ ခြေတုနဲ့စီးလို့ရသည်။ ခုဟာက ကတ္တီပါ ညှပ်ဖိနပ်။

"အဟင်း . . . ငါတူက အံ့သြနေမှာ၊ သိချင်မှာပဲ"

ဦးလေးကြီးအရယ်က ခြောက်သွေ့လှသည်။ ညှိုးသွားသော မျက်နှာကို ပြင်ရင်း...

"ဦးက မီးရထားလက်မှတ်စစ်လေ၊ ခုတော့ လိုက်ဂျူတီနဲ့ လက်မှတ်သိမ်းချုပ်ပေါ့၊ ဟိုတုန်းကဆိုရင် ဦးခြေထောက်တွေ သိပ်တာဝန်ကျေတယ်၊ ရထားတွဲတွေပေါ်ကူးလူး၊ ဟိုဘက်ထိပ် ဒီဘက်ထိပ် ပြေးလွှားခဲ့တာ၊ တက္ကသိုလ်တုန်းကဆို ဘောလုံးတောင် ကစားခဲ့ဖူးတာ၊ တစ်ရက်ပေါ့၊ ၃ အဆန်အမြန်ရထားကို ဦး တာဝန်ကျ တယ်၊ ပျဉ်းမနားကနေ သာစည်ထိ လိုက်ပြီး လက်မှတ်စစ်ရတယ်၊ ပျော်ဘွယ်အထွက်မှာပေါ့၊ အထက်တန်းတွဲက အမျိုးသမီး တစ် ယောက်ရဲ့ ဆွဲကြိုးကို ရထားအောက်ကနေ ဖြတ်ဆွဲတဲ့အကောင် ဦး တွေ့လိုက်ရတယ်၊ အမျိုးသမီးကလည်း အသံကုန်အော်၊ ဦးကလည်း

ရထားပေါ်က ခုန်အဆင်း၊ ဦး ကံဆိုးသွားတယ်ကွယ်''

''ဦး ရယ် . . .''

ဦးလေးကြီးအသံက တိမ်ဝင်သွားသလို၊ သူ့အသံကလည်း အက်သွေ့ခြောက်ကပ်လှသည်။

''ဒီမှာတင် ဦး ဆေးရုံတက်ရတော့ ဦးတို့ မသန်မစွမ်းတွေထဲက ဦးလှကျော်နဲ့ ဦး တော်တော်ခင်သွားတယ်၊ သူက ညာဘက် ဒူးအောက်ပြတ်၊ ဦးက ဘယ်ဘက်ဒူးအောက်ပြတ်၊ သူကကား မှောက်ရာက ဖြစ်တာ၊ ကလေးငယ်တစ်ပြုံတစ်မနဲ့ တော်တော်လေး ချို့တဲ့ရှာတယ်၊ ဦးမှာတော့ သားကြီးသမီးကြီးတွေ အထောက်ပံ့နဲ့မို့ သူ့လောက်တော့ မကသီဘူး၊ အဟင်း . . . ဦးက ဖိနပ်စီးနိုင်သေးတာပေါ့ကွာ၊ ဦးလှကျော်ကတော့ ခက်ခဲရှာတယ်''

ပြောပြီး မောသွားပုံရသည်။ ဦးလေးကြီးက··· ရွှေနှင်းဆီ ဆေးလိပ်လေးကို မီးညှိရင်း ဖိနပ်ဘူးလေးကို သူ့အိတ်လေးထဲ ထည့်သည်။ ချိုင်းထောက်ကို အားပြုသည်။ သူ ဖိနပ်ဆိုင်လေးထဲကနေ ထွက်သွားတော့မည့်ဟန် ပြင်သည်။

''သွားမယ်နော် ငါ့တူ၊ ကိုလှကျော်တို့ရွာ ရောက်မယ့်ကားကြုံ ရှိတယ်၊ သူ့ဖို့ ဖိနပ်လေးတစ်ဘက် ပို့ပေးရဦးမယ်၊ ဦးစီးထားတဲ့ ဖိနပ်တောင် အတော်နွမ်းလှပြီ၊ ခုလောက်ဆို သူ့ဖိနပ်လေး ပြတ်လု ရှာပေါ့''

သူ ကြေကွဲစွာ ငေးမောနေဆဲ။ ဦးလေးကြီးကတော့ ကားတွေကို ရှောင်ကွင်းပြီး လမ်းတစ်ဘက်ကို ကူးသွားခဲ့ပြီလေ။

မဟောသီ၊ ၁၉၉၄၊ ဩဂုတ်


M.DAT THONE
2009.

ချို ခါး ရသ

မဟောသီ၊ ၁၉၉၂၊ ဖေဖော်ဝါရီ

# ချို ခါး ရသ

ပင်စင်စား စာရေးကြီးတစ်ယောက်ရဲ့ ပင်စင်သက် ၃ ၊ ၄ လ မှာပဲ လုပ်ဖော်ကိုင်ဖက် တပည့်တပန်းတွေရဲ့ ခေါ်ပြော၊ စေတနာထားမှု တွေက ဆိတ်သုဉ်းကုန်ပြီတဲ့လား။

အလုပ်ထဲမှာတုန်းက သူလက်ဖက်ရည်ခွက်ပေါင်းများစွာ နေ့စဉ် သောက်ခဲ့ရသည်။ အိမ်ကစအထွက် ရုံးကို မရောက်ခင် တစ်ခွက်၊ ရုံးရောက်တော့ တစ်ခွက်၊ တန်ဆာရေး၊ တန်ဆာရွေးတဲ့ ကုန်သည်တွေ လာတော့တစ်ခွက်၊ နေ့လယ်ရုံးပြန်တက်တော့ ရုံးမရောက်ခင် တစ်ခွက်၊ ရုံးရောက်တော့တစ်ခွက်၊ 'တီးတိုင်းမ်' လို့ သူတို့သတ်မှတ်တဲ့ ညနေ ၃ နာရီမှာ တစ်ခွက်၊ ညပိုင်းကျတော့ တစ်ခွက်၊ တစ်ခါတစ်ရံမှာတော့ ဘယ်နှစ်ခွက်သောက်မိမှန်းပင် မသိတတ်။

ဘယ်အချိန်ဖြစ်ဖြစ် ချိုခါး လက်ဖက်ရည်ကိုတော့ သူက တပ်

မက်ခုံမင်သည်။ ခုတော့ သူ့မှာ တစ်နေ့တစ်ခွက်ပင် မသောက်ရတော့၊ သူ့ပင်စင်လစာကလည်း သူ့ဇနီးသည်ဆီ အပ်လိုက်တာနဲ့ ပြန်လမ်းမရှိ။

သူ ဆေးလိပ်တစ်လိပ် ကောက်ဖွာလိုက်သည်။ ဒါပေမယ့် သူ လက်ဖက်ရည်ချင်ခြင်းက ဘယ်လိုမှမပြေ၊ တံတွေးတွေစိုစွတ်လာပြန်သည်။ မဖြစ်ဘူး သောက်ရမှဖြစ်မယ်၊ နို့မို့ ရင်တုန်လာနိုင်တယ်၊ အာရုံကြောတွေတုံ့ဆိုင်းထိုင်းမှိုင်းသွားနိုင်တယ်။

သူဆေးလိပ်တိုကို ဆေးလိပ်ပြာခွက်ထဲထည့်ပြီး မီးဖိုချောင်ထဲမှာ တကုပ်ကုပ်နဲ့ အလုပ်ရှုပ်နေသောအဘွားကြီးဆီ မယောင်မလည်ကပ်သွားသည်။ ထင်းမီးတောက်အောင် ပြောင်းမှုတ်ပေးရမှာလိုလို၊ ကြက်သွန်ခွဲသင်ပေးရမှာလိုလို ယောင်နန။

အဘွားကြီးက သူ့ကို တစ်ချက် ဖွေကြည့်သည်။

"ဗိုက်ဆာလို့လားဟင် စောစောကပဲ ကောက်ညှင်းချက်လေး စားထားတာ ဆာပြီလား"

"ဟိုဟို ငါ… လက်ဖက်ရည်သောက်ချင်လို့ကွာ အဲဒါ…"

အဘွားကြီး အကြည့်က စူးခနဲ၊ "အလိုတော်၊ လက်ဖက်ရည် တစ်ခွက် ၅ ကျပ် ဗိုက်လည်းပြည့်တာမဟုတ် နမြောစရာ"

သူ သူ့ဇနီးသည် အပြောကို ဘယ်လိုမှ မနှစ်မြို့၊ အော်ဂလီဆန်သွားသည်၊ သူ ပင်စင်မယူခင်က ဒီစကားမျိုးမပြောခဲ့ပါဘူး၊ ခုမှ ပြောတာ ခုမှ ဒီစကားမျိုးပြောတာ ငါမရှာနိုင်တော့မှ ပြောတာ။

သူ ရင်ထဲလှိုက်ခနဲဖြစ်သွားသည်။ မကျေနပ်ဘူး။ ဟိုကောင် ခင်မောင်မြင့်ကိုလည်း မကျေနပ်ဘူး ဒီကောင်တွေ လက်ဖက်ရည်ဆိုင်ထဲကနေ မြင်လျက်နဲ့ ငါ့ကိုမခေါ်တာ၊ ငါ့အပေါ် သဒ္ဓါတရားနည်းကြတယ်၊ တောက်… တစ်သက်လုံးပေါင်းလာတဲ့ မိန်းမကအစ၊

သူ့ဒေါသများ တအိအိနှင့်ကြွတက်လာသည်။ သို့ပေမယ့် အန်ကျမလာ၊ သူ အိမ်ရှေ့ ပက်လက်ကလားထိုင်လေးပေါ် အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။ ဆေးလိပ်တိုလေးကို လှမ်းဆွဲပြီး ပြန်ချလိုက်ပြန်သည်။ ဆေးလိပ်ကလည်း ဘယ်လိုမှ သောက်ရတာအရသာမရှိ၊ လက်ဖက်ရည် တစ်ခွက်သောက်ပြီးမှသာ ဆေးလိပ်ဆိုတာအရသာ။

ခုချိန်မှာ သူအတောင့်တဆုံးအရာကတော့ လက်ဖက်ရည်ချိုခါး တစ်ခွက်ပါပဲ။

သူငွေစာရင်းရုံးထဲကနေ သွက်လက်ပေါ့ပါးစွာ ထွက်လာသည်။ ၉၀ တန် ၅ ရွက်ကို အိတ်ထဲထည့်ပြီး တစ်ရွက်တည်းသော ၅ ကျပ်တန်လေးကို လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ မိတ်ဆွေ ပင်စင်စားအားလုံးကို အမြန်နှုန်းနဲ့နှုတ်ဆက်သည်။

အိမ်လမ်းထိပ်ရောက်တော့ အိမ်ဘက်ဆီ ခြေလှမ်းကို မချိုးဘဲ လက်ဖက်ရည်ဆိုင်လေးဆီ ဝင်သည်၊ ဆိုင်ထဲရောက်တော့ "ချိုခါး" ဟု သူ့ လက်ဖက်ရည်မှာလိုက်သံက လိုအပ်သည်ထက် ပိုမိုကျယ်လောင်သွားသည်မို့ ဆိုင်ထဲမှ လူများရဲ့အကြည့်အားလုံးက သူ့ဆီ ပြုံကြလာသည်။ သူ ဂရုမစိုက်။ အောင်ပွဲရ စစ်သူကြီးတစ်ယောက် မျက်နှာထားမျိုး။

စားပွဲထိုးလေး လက်ဖက်ရည်လာချပေးတော့ တစ်ငုံစုပ်သောက်သည်၊ လျှာဖျားမှာ စိမ့်ခနဲ၊ စိုစိုစွတ်စွတ် တံတွေးတွေက လည်ချောင်းထဲမှာ လျှောခနဲ၊ သူ့အကြောအချဉ်များကလည်း ဖျဉ်းခနဲ။ ကက်ဆက်သီချင်းသံကိုပင် ခြေထောက်က မသိမသာ၊ စည်းလိုက်မိသွားသေးသည်။

ကြည့်စမ်း ဘယ်လောက် ကြည်နူးစရာကောင်းလိုက်ပါသလဲ၊ ယောဒီကမ္ဘာကြီးမှာ လက်ဖက်ရည်ဆိုင်ဆိုတာ မရှိရင် လုံးဝအဓိပ္ပာယ်

မဲ့သွားနိုင်တယ်။ လက်ဖက်ရည်တစ်ခွက်ရဲ့ အကျိုးအာနိသင်ဟာ အများကြီးရှိတယ်၊ သူပျော်ရွှင်စွာတွေးသည်။ ကြည်နူးစွာငေးသည်။

နောက်ဆုံးလက်ကျန်လေးကို မော့ချပြီးတော့ ၅ ကျပ်တန်လေးကို လက်ဖက်ရည်ပန်းကန်ပြားဖြင့်ဖိပြီး ထိုင်ရာမှထသည်။ သွက်လက် ဖျတ်လတ်သော ခြေလှမ်းများဖြင့် ဆိုင်ထဲကနေထွက်လာသည်။ အိမ်အပြန်လမ်းလေးတစ်လျှောက်ဟာ ချမ်းမြေ့ပျော်ရွှင်စွာ တစ်နေ့တာရဲ့ အတောင့်တဆုံးအရာကို သူရခဲ့ပြီလေ၊ သူ့ရဲ့ သွေးလှည့်ပတ်မှုကို စည်းချက်ညီမှန်ကန်စွာ။

အိမ်ထဲရောက်တော့ ဆေးလိပ်ခွက်ထဲမှာ အဆင်သင့်ရှိနေတဲ့ ဆေးလိပ်တိုလေးကို မီးညှိရှိုက်သည်။

ဟား "ချိုခါး" လက်ဖက်ရည်လေးရဲ့ အာခံတွင်းစွဲ အရသာလေးနဲ့ ဆေးလိပ်ဟာ လိုက်ဖက်လှပါကလား၊ သူတွေးရင်း ပြုံးမိသွားသည်။

"တစ်ယောက်တည်း ဘာတွေတွေးပြီး ပြုံးနေတာလဲ"

သူ မေးထားသော မျက်လုံးကို ဖျတ်ခနဲဖွင့်လိုက်တော့ တစ်ဘက်က ခရမ်းသီးတွဲလေးကိုင်၊ တစ်ဘက်က လက်ဖြန့်ထားသော သူ့အဘွားကြီးကို ဘွားခနဲတွေ့သည်။ အင်္ကျီအိတ်ထဲက ၉၀ တန် ၅ ရွက်ကို ဆွဲထုတ်ပေးလိုက်သည်။ အဘွားကြီးက ပိုက်ဆံ ၅ ရွက်ကို လက်တစ်ဘက်တည်းနဲ့ပဲ ပွတ်ဖြန့်သည်။

" ၅ ကျပ် ကော"

သူ ဖျင်းခနဲဖြစ်သွားသည်။ မျက်နှာကို အောက်ချ အသံလေးကို တိမ်ဝင်စွာဖြင့် သူဖြေးလေးစွာဖြေသည်။

"ငါကွာ သိပ်သောက်ချင်လွန်းလို့ လက်ဖက်ရည်တစ်ခွက် သောက်မိတယ်"

အဘွားကြီး ဘာပြန်ပြောလေမလဲဟု သူ ရွံ့ထိတ်စွာနေပေမယ့် အဘွားကြီးဆီက ဘာသံမှထွက်မလာ သူအံ့ဩသွားသည်။ သူ့အဘွား ကြီး သဘောကောင်းလာပြီထင်တယ်ဟုတွေးသည်။

"လက်ဖက်ရည်က ဗိုက်ပြည့်တာလဲမဟုတ်၊ ခုကာလကြီးမှာ ဆီဈေး၊ ဆန်ဈေးကလည်းဟိုခေါင်ဖျားရောက်နေပြီ၊ အသီးအရွက် တောင်မှ သူဌေးစာ၊ အသားဆို ဝေလာဝေး၊ အာဟာရမဖြစ် ဘာ မဖြစ်ကို သူမို့သောက်လာတယ်၊ ဗိုက်ပြည့်တာစားခဲ့ရင် မပြောပါဘူး၊ ခုတော့ အလကား ပိုက်ဆံ ၅ ကျပ် ကုန်တာပဲ အဖတ်တင်တယ်၊ စေတနာမရှိဘူး ပင်စင်စားမို့လို့ ပြောတာဆိုပြီး စကားနာ ထိုးအုံးမယ်၊ ထမင်းအဝစားစမ်းပါ၊ စားချင်တဲ့ဟင်း ပြောစမ်းပါ၊ ဒီက ကောင်မ မရှိ၊ ရှိတာ ပေါင်နှံကျွေးလိုက်အုံးမယ်"

သူ့အတွေး တက်တက်စင်အောင်မှားသွားသည်။ အဘွားကြီးက မီးဖိုချောင်ထဲက တဖျစ်တောက်တောက်။

သူ့အဘွားကြီးကို လက်ဖက်ရည်တစ်ခွက်ရဲ့ အာနိသင်ကို ရှင်းပြ လိုက်ရင် ကောင်းမလား၊ လက်ဖက်ရည်… ဆိုတာလောက်နဲ့တင် အဘွားကြီးက သူ့ကို အော်လိမ့်မည်ထင်သည်။

သူ စိတ်မသက်သာစွာနဲ့ပဲ စောစောက သောက်ခဲ့ရတဲ့ လက်ဖက် ရည်ရဲ့အရသာ၊ ပီတိလေးက ကြွက်ပျောက်၊ ငှက်ပျောက် ဖြစ်သွား သည်လေ။

* * *

သူမနက်အိပ်ရာနိုးလာတော့ ထမင်းစားပွဲမှာ ပဲပြုတ်ပါလေရာ ထမင်းကြမ်းကို တွေ့ရသည်။ သူ နှာခေါင်းတစ်ချက်ရှုံ့သည်။ ဘယ်လို

မှ သူစားချင်စိတ်မရှိ၊ တောက်… လက်ဖက်ရည်တစ်ခွက် သောက်လိုက်ရရင်တော့ကွာ၊ သူ့စိတ်က ကြိမ်းဝါးပစ်လိုက်သည်။ အဘွားကြီးဆီကလည်း သူလက်မဖြန့်ရဲ၊ ကျောင်းသွားဖို့ ပြင်နေသော မြေးအကြီးမကို မျက်စေ့တစ်ဘက် မှိတ်ပြရင်း လက်မနှင့်လက်ညှိုး ဝိုင်းပြသည်။ မြေးမလေးက လက်ညှိုးတစ်ချောင်းပဲ ထောင်ပြတော့ သူတော်တော်စိတ်ညစ်သွားသည်။

ထမင်းကို နှစ်ဇွန်းသုံးဇွန်းစားပြီးတော့ သူမျိုမကျ၊ ပို့တက်လာသည်။ သွား… လက်ဖက်ရည်တစ်ခွက်အရသာနှင့် ဘယ်လိုမှ နှိုင်းမရတဲ့ဟာတွေဟု တွေးသည်။

သူ ထမင်းပန်းကန်လေးကို ရေနွေးကရားအိုးနောက်ကပ်ပြီး ချောင်ထဲတွန်းထည့်ထားလိုက်သည်။

နံရံအင်္ကျီချိတ်ရှိ မီးရထားကုတ် ဇင်ပြာအင်္ကျီကြီးကို ဖြုတ်သည်။ လက်စကက စွပ်ကျယ်လက်တိုပေါ် အင်္ကျီထပ်ဝတ်ပြီး သူအိမ်ပြင်ထွက်သည်။ အိမ်ပြင်ရောက်တော့ နှင်းမှုန်များကွဲပြီး နေအလင်းပင်မန်ကျည်းရွက်၊ ကုက္ကိုရွက်တို့ကို ခွဲကျနေပေပြီ၊ လမ်းလေးထဲမှ ခပ်ကုပ်ကုပ်ဖြင့် လမ်းထိပ်ဘက်ထွက်လာလိုက်သည်။

သူလက်ဖက်ရည်ဆိုင်သွားမည်။ လက်ဖက်ရည်ဆိုင်ထဲ ခပ်တည်တည်ဝင်ပြီး ဒကာရှာမည်။ နောက်ဆုံး လက်ဖက်ရည်ဒကာ မတွေ့ဦးတော့၊ အကြွေးသောက်ပစ်လိုက်မည်။ လတ်တလောမှာ သူခံစားနေရတဲ့ လက်ဖက်ရည်တစ်ခွက် တပ်မက်ခြင်းကို ဖြေရှင်းပစ်မည်။ ဖြစ်လိုက ဖြစ်စေ။

သူလက်ဖက်ရည်ဆိုင်ထဲ ရုပ်ခနဲ၊ ဖျတ်ခနဲကြည့်သည်။ အသိမတွေ့၊ ကိစ္စမရှိ သူဆုံးဖြတ်ပြီးသား၊ လက်ဖက်ရည်တစ်ခွက် ကို ခပ်တည်တည် အကြွေးသောက်ပစ်ဖို့ သူ့စိတ်က စေ့ဆော် နှိုးဆွနေပြီ။

"ဟော့… ကိုမြမောင်ကြီး ဘယ်တုံး" သူ့ကို နှုတ်ဆက်လာ သူကိုကြည့်လိုက်တော့ ခေါင်းဘောင်းဘီအပြာ၊ စစ်ဆွယ်တာအစိမ်း၊ ကင်းဗတ်အဖြူလေးစီးပြီး၊ ဦးထုပ်ပျော့လေးဆောင်းထားသည့် သူ့ မိတ်ဆွေ အငြိမ်းစားဂါတ်ဗိုလ်ကြီး။

"ဟော… ဂါတ်ဗိုလ်ကြီး လမ်းလျှောက်ပြန်လာတာလား၊ လာဗျာ၊ လက်ဖက်ရည်သောက်ရအောင်"

ဂါတ်ဗိုလ်ကြီးက ပြုံးလျက်လက်ကာသည်။

"လက်ဖက်ရည်ဖြတ်ထားတာကြာပြီဗျ၊ ပင်စင်ယူပြီးကတည်းက ပဲ၊ ဟဲ… ဟဲ…"

သူ ခေါင်းကို လေးတွဲ့စွာခါရမ်းပစ်လိုက်သည်။ နေပစေ ငါတစ်ယောက်တည်းပဲ သောက်တော့မယ်၊ စိတ်စေ့ဆော်ချက်အတိုင်းဆိုင်လေးထဲဝင်ထိုင်လိုက်သည်။

"ချိုခါး"

စားပွဲထိုးလေးသူ့ဆီမရောက်ခင်မှာပဲ သူက လက်ဖက်ရည် မှာပြီးပြီ…။ သူ့စားပွဲကရှင်းရှင်းလင်းလင်း။

အငွေ့ တထောင်းထောင်းထ လက်ဖက်ရည်ခွက်လေး သူ့စားပွဲရောက်လာချိန်မှာတော့ သူ့အကြောအချဉ်များက ဖျဉ်းခနဲဖြစ်လာသည်။ လက်ဖက်ရည်တစ်ခွက်ရဲ့ဆွဲဆောင်မှုက အားပြင်းလှသည်။ "သူတပ်မက်စွာပဲ တစ်ငုံသောက်သည် ချိုခါးရသလေးက လျှာဖျားထဲစိမ့်ခနဲ။

နောက်ဆုံးလက်ကျန်လက်ဖက်ရည်လေးကို တစ်ချက်တည်းမော့သောက်ပြီးတော့ ထိုင်ရာကထသည်။ ဆိုင်ရှင်ရှိရာကောင်တာဆီ ခပ်တည်တည်ထွက်သွားပြီး လက်ဖက်ရည်ဖိုး အကြွေးမှတ်ဖို့ သူ ပြောမည်။

"ဦးရဲ့ လက်ဖက်ရည်ဖိုး…"


သူ့စကားမဆုံးခင်မှာပဲ ဆိုင်ရှင်လူငယ်က လက်အုပ်လေး ချီလျှက် "ရှင်းဖို့မလိုဘူးအဘရဲ့ ဒီနေ့ကျွန်တော်တို့ဆိုင်ဖွင့်တာ ၅ နှစ်ပြည့်မို့ သက်ကြီးရွယ်အိုနဲ့ မရှိနွမ်းပါးသူအားလုံးကို ကုသိုလ်လုပ်တာပါ"။

* * *

အိမ်အပြန်လမ်းမှာတော့ ဆိုင်ရှင်လူငယ်လေးရဲ့ "သက်ကြီး ရွယ်အိုနဲ့ မရှိနွမ်းပါးသူအားလုံးကို ကုသိုလ်လုပ်တာပါ" ဆိုသည့် အသံက နားထဲကမထွက်။

နှလုံးကလည်း တုန်ခါလို့နေသည်။ သူကသက်ကြီးရွယ်အိုလား၊ နွမ်းပါးသူလား၊ ဒါမှမဟုတ် နှစ်ခုလုံးပဲလား…။ ဘာပဲဖြစ်ဖြစ် သူ လက်ဖက်ရည် ဖြတ်လိုက်ပါတော့မည်။

**မဟေသီ၊ ၁၉၉၂၊ ဖေဖော်ဝါရီ**



ပေတံ

မဟောသီ၊ ၂၀၁၀၊ ဇန်နဝါရီ

# ပေတံ

ကျွန်တော်တို့ငယ်ငယ်က အဖေ့အရိုက်ခံရတာလေးကို ပြန်ပြောချင်ပါသည်။ ဒီတုန်းက ကျွန်တော် ၁၀ နှစ်မပြည့်တတ်သေးပါ။ ညီမလေး မဂျူး၊ မစူးတို့က ၈ နှစ်နှင့် ၆ နှစ်လောက်စီ ရှိမည်။ မောင်နှမ ၃ ယောက်လုံး အရိုက်ခံရတာကတော့ မှတ်မှတ်ရရပါပဲလေ။

ကျွန်တော်တို့အဖေက ရေဒီယိုဖွင့်တာ သိပ်ကျွမ်းကျင်သည်။ ဒီလိုဆိုတော့ ကိုယ့်အဖေကိုယ် ဂုဏ်ယူလွန်းရာကျ နေမလားမသိ။ ကျွန်တော်ကတော့ အခုချိန်ထိ အဖေ့လို ရေဒီယိုလိုင်းပေါင်းစုံဖွင့်တတ်သူကို မကြုံသေးပါ။ အဖေမို့ ရေဒီယိုဖွင့်ပြီဆိုလျှင် ဘယ်အချိန်ဖြစ်ဖြစ် စိတ်ဝင်စားစရာ လိုင်းတစ်လိုင်းကတော့ မိနေတတ်တာပါပဲ။ မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ကုလား လိုင်းစုံ အသံစုံဖွင့်တတ်သည်။ အဲဒီနေ့က မနက် ၆ နာရီခွဲလာသည့် ရေဒီယိုလိုင်းကို အဖေဖွင့်ပြီးနား

ထောင်နေသည်။ လျှပ်စစ်မီးနှင့်ဖွင့်ရသည့် အဖေ့ရှေးရေဒီယိုကြီးက ဘီရိုလေးပေါ်မှာ စနစ်တကျ တခမ်းတနား။ အဖေက အမေကိုယ်တိုင် ဖျော်သည့် လက်ဖက်ရည်ကျဆိမ့်ဆိမ့်ကို အရသာခံသောက်ရင်း ရေဒီယိုကိုနားစွင့်နေသည်။ နောက်တော့ အဲဒီလိုင်းပြီးသွား၍ အပိတ် တီးလုံးလာတော့ အဖေလက်ဖက်ရည်စားပွဲမှထသည်။ သည်မှာ တင်ပဲ…

စားပွဲပေါ်က နံပြားထောပတ်သုတ်ကို ကျွန်တော်တို့မောင်နှမ သုံးယောက် မတိုင်ပင်လိုက်ရဘဲ လုစားကြသည်။ ရုတ်တရက် ဝုန်း ဒိုင်းကြဲသွားတော့ အဖေက ရေဒီယိုလိုင်းညှိနေရာမှ လှည့်ကြည့်သည်။ ကျွန်တော်တို့မောင်နှမကတော့ နံပြားထောပတ်သုတ်ကို အလု အယက်…။

'ဟာ… မင်းတို့ ဘယ်လိုဖြစ်နေကြတာတုန်း… လာစမ်း… လာစမ်း လက်ပိုက်ပြီးလာခဲ့စမ်း'

ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက် ကြသည်။ ထောပတ်ဆီတွေ၊ သကြားမှုန့်တွေနဲ့ လက်က ပေညစ်နေပြီ၊ တဖြည်းဖြည်းနှင့် အဖေ့ဆီတိုးသွားတော့…

'အဖေစားပြီးတာ၊ မပြီးတာမသိ… မင်းတို့မောင်နှမတွေ မုန့်လုစားတာ မရှက်ကြဘူးလား'

ကျွန်တော်တို့ ၃ ယောက်ခေါင်းကိုသာ တွင်တွင်ငုံ့နေသည်။
'မင်းတို့ ဘာမှမစားရသေးဘူးလား'

'စားပြီးပြီအဖေ အမေက ထမင်းကြော်နဲ့ ကော်ဖီနဲ့'

'သမီးလည်း စားပြီးပြီ' ညီမလေးနှစ်ယောက်က ပြိုင်တူဖြေသည်။

'သားတို့သမီးတို့ ထမင်းကြော်လည်း စားပြီးပြီ၊ ကော်ဖီလည်း သောက်ပြီးပြီ၊ ဒါကို မဝသေးလို့ လုစားတာလား'

ညီမလေး မစူးက ခေါင်းယမ်းပြသည်။ ကျွန်တော်က 'မဟုတ်ဘူး… အပျော်လုစားတာ'

'အပျော်' အဖေ့အသံက ရယ်သံစွက်စွက်နဲ့မို့ ကျွန်တော်က သိပ်မကြောက်တော့

'မင်းတို့အဖေစားတဲ့ နံပြားထောပတ်သုတ်စားချင်ရင် အဖေ့ကို ပြော အဖေဝယ်ကျွေးမှာပေါ့၊ ခုတော့ မင်းတို့စည်းကမ်းမဲ့လွန်းတယ်၊ အဖေမင်းတို့ကို ဒဏ်ပေးရမယ်'

အဖေက ပြောပြောဆိုဆိုဖြင့် ဘီရိုလေးပေါ်မှ သစ်သားပေတံလေးယူပြီး ကျွန်တော်တို့ တင်ပါးကို တစ်ချက်စီ ရိုက်သည်။ သာသာဖွဖွ ရိုက်တာမို့ မနာပါ။ 'နောက်တစ်ခါဆို အရိုးရာထင်အောင် ရိုက်မှာနော်' ဟုပြောအပြီးမှာ ကျွန်တော်တို့ မောင်နှမ အိမ်ရှေ့ကွက်လပ်ကလေးဆီ ပြေးသွားကြသည်။

အဖေရိုက်တာက မနာတော့ တဟီးဟီး တဟားဟားနဲ့ ကျွန်တော်တို့ မောင်နှမ ဟီးလေးတိုက်နေကြသည်။ 'ငါက နှစ်ခု၊ ငါက သုံးခု' နှင့် နံပြားထောပတ်သုတ် လုစားခဲ့တာကို ပြိုင်လိုက်ကြသေးသည်။

ငယ်ဘဝရဲ့ မှတ်မှတ်ရရလေးပါ။

* * *

ဟောဒီ ဘုတာရုံလေးကတော့ ရန်ကုန်၊ မန္တလေးလမ်းမကြီး မှာရှိသည်။ ရုံပိုင်၊ ရုံပိုင်လေး၊ လမ်းခွဲကိုင် ၄ ယောက်နှင့်သာ ဖွဲ့စည်းထားသည့် ဘူတာရုံသေးသေးလေးပဲဖြစ်သည်။ ဒီဘူတာလေးမှာ ခရီးသည်အတက်၊ အဆင်းလည်း မရှိ။ လော်ကယ်ရထားကလည်း ဖျက်သိမ်းသွားပြီမို့ ဘာရထားမှ ရပ်တန့်ရန် သတ်မှတ်မထား။ ရထား များ တောက်လျှောက် ခုတ်မောင်း။ တစ်ခါတစ်ရံ ရထားကြီးကြပ်ရေး အုပ်က ညွှန်ကြားသည့်အတိုင်း ရထားများဆုံရန်၊ ကျော်ရန် ခနတဖြုတ် ရပ်ရုံမှလွဲ၍ ရထားအားလုံး တောက်လျှောက်ခုတ်မောင်းရသည့် သွားလာရေးသက်သက်ဘူတာလေးပဲဖြစ်သည်။ ခရီးသည် မရှိ၊ ကုန် ပစ္စည်းအတင်အချ မရှိသည့် ဘူတာမို့ ဘူတာဝင်ငွေလည်းမရှိ ပါးရှား လွန်းတာမို့ ဝန်ထမ်းများ စိုးထိတ်သည့် ဘူတာလေးလို့ ဆိုနိုင်ပါသည်။

ဒီတော့ ဒီဘူတာလေးကို ရောက်လာသည့် ဘူတာဝန်ထမ်းများ ကို တိုင်းအရာရှိများက တစ်နှစ်သာထားပေးပြီး ခရီးသည်၊ ကုန်စည် စည်ကားရာ ဘူတာကြီးများသို့ ပြောင်းပေးကြပါသည်။ မပြောင်းရမီ တစ်နှစ်ကတော့ ဒုက္ခ၊ သုက္ခတွေ တစ်ပွေ့တပိုက်။ ဒါကြောင့်လည်း ဒီဘူတာလေးမှာ ရုံပိုင်၊ရုံပိုင်လေး ၂ ယောက်တစ်လှည့်စီ ၁၀ ရက် တစ်ဂျူတီ ဆင်းပြီး အားရက်တွေမှာ မိသားစုအတွက် ရန်းကန်ကြဖြင့် တစ်နှစ်တာအချိန်လေးကို ရှမ်းမောစွာဖြတ်သန်းကြရသည်။ ချို့တဲ့သော ဘူတာရုံလေးနှင့် ချို့တဲ့သော အစုအဖွဲ့ကလေးဟု ဆိုနိုင်ပါသည်။

ခုတော့ ဒီဘူတာလေးကို ကျွန်တော်က လာဆင်းပေးနေရပြီ။ အမြဲတမ်းတာဝန်ကျ ရုံပိုင်လေးကိုအောင်စိုး ခွင့်ယူသွားသည်မို့ ကျွန် တော့်မှာ တာဝန်ကျရာ ဘူတာကြီးမှ လာဆင်းပေးရခြင်းဖြစ်သည်။

ကျွန်တော်က ခေတ္တလာဆင်းရသူ ပီပီ စားအိုး၊ စားခွက်မပါ၊ ဆင်းပေးရမည့် ၁၀ ရက်တာအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ဆေးလိပ်၊ ပဲခြမ်း၊ လက်ဖက်တို့ကို ဇနီးသည်က ပြည့်ပြည့်စုံစုံ ထည့်ပေးလိုက်သည်။ ကျွန်တော်ပါသည့် ရိက္ခာအားလုံးကို 'ကိုရေး'အပ်လိုက်ရုံဖြင့် ကျွန်တော့် စားရေးကိစ္စကပြီးပြီ။

ကိုရေးဆိုတာက ဒီဘူတာရုံလေးကိုတွယ်တာ၊ သံယောဇဉ်ရှိသည့် ဆည်ကန်ရွာသားတစ်ယောက်ပင် ဖြစ်သည်။ ဆည်ကန်က ဘူတာရုံလေးနှင့် တစ်မိုင်ခန့်ဝေးသည်။ ဟိုးအရင် ရုံပိုင်အဆက်ဆက်၏ လက်စွဲအဖြစ် ကိုရေးက အရေးပါနေခဲ့သည်။ ရွာမှာ လယ်လေး၊ ယာလေး၊ အမွေရထားတာရှိပေမယ့် ကိုရေးက သူများကိုသီးစားပေးပြီး ဘူတာလေးရဲ့ ဝန်ထမ်းလိုင်းခန်းမှာ ကုပ်ကပ်နေသည်။ မိသားစုပါ ခေါ်လာပြီး အခြေချသည်။ မသိသူတွေကတော့ ကိုရေးကို ဝန်ထမ်းဟုပင်ထင်သည်။ ထင်ရလောက်အောင်လည်း ကိုရေးက လုပ်တတ်ကိုင်တတ်သည်။ ရထားသွင်း၊ ထုတ်၊ ပိုင်းလော့လုပ်၊ တစ်ခါတစ်ရံ ဘီးပွတ်ဖြုတ်ရှန့်တိန့်တောင် စနစ်တကျ ဝင်လုပ်ပေးနိုင်သည်။ တွဲချိတ်၊ တွဲဖြုတ်၊ အချက်ပြအားလုံးကို သင်တန်းဆင်းလမ်းခွဲကိုင်တစ်ယောက်လိုကျွမ်းကျင်သည်။ ရုံပိုင်ကလည်း အားကိုးရ၊ လမ်းခွဲကိုင်တွေကလည်း သက်သာဆိုတော့ ကိုရေးကို အားလုံးကခင်တွယ်နေသည်။

ပြီးတော့ ကိုရေးက အိုးသူကြီးပါ လုပ်လိုက်သေးသည်။ ရုံပိုင်အပါအဝင် လမ်းခွဲကိုင် အားလုံးရဲ့ ထမင်းဟင်းကိစ္စကို ကိုရေးက စီစဉ်ချက်ပြုတ်ပေးသည်။ မိသားစုမပါသော ဝန်ထမ်းများအတွက် စားသောက်ရေးကိစ္စက ကိုရေး၏စီမံခန့်ခွဲမှုအောက်မှာနေတော့၊ ကိုရေး

ချက်ပြုတ်ကျွေးတာစား၊ အထွန့်မတက်။

ကိုရေးကလည်း ရှင်းသည်။ အားလုံးအတွက် ရှိတာလေးနှင့် လောက်ငှမျှတအောင် စီစဉ်ပေးရတော့ ပုံစံနှင့်ပဲ ကျွေးသည်။ ရုံပိုင်ကြီး ဟင်းပိုမရ၊ ကိုယ်တာ(Quota) ထက်မပို။

*　*　*

၅ အဆန်အမြန်ရထားတစ်ဖက်ဘူတာက ချဉ်းကပ်ခွင့်တောင်းတာကို ခွင့်ပြုလိုက်ပြီး တခြားတစ်ဖက်ဘူတာသို့ တောက်လျှောက်ဆက်လက် စေလွှတ်နိုင်ရန်အတွက် လမ်းရှင်းခွင့်ပြုချက်ရယူလိုက်သည်။ အဝင်၊ အထွက် လမ်းရှင်း အပေးအယူအချက်အလက်များကို သက်ဆိုင်ရာ စာအုပ်အသီးသီးတွင်ဖြည့်ပြီး လမ်းရှင်း ကြိမ်ကွင်းမှာ လမ်းရှင်းစာရွက်ချည်ပြီး ဘူတာနံရံထောင်ထားချိန် လမ်းခွဲကိုင် ကိုကျော်ကြီးက ကြိမ်ကွင်းကြီးကို ဆွဲယူပြီး ရထားလာရာဖက်ဆီ စိုက်စိုက်ဖြင့်ထွက်သွားသည်ကိုငေးရင်း ဘူတာတွင်း ပြန်အဝင်မှာ ကိုရေးက ထမင်းပွဲလာချသည်။ ထမင်းတစ်ပန်းကန်၊ ကြက်ဥတစ်ခြမ်းက ခရမ်းချဉ်သီး ရေပေါ်လောထဲမှာ ပက်လက်။ ငရုတ်သီးကြော် ၃၊၄ တောင့်က ထမင်းပေါ်မှာ…။

ကျွန်တော် ကြက်ဥတစ်ခြမ်းကို တစ်ဝက်ပိုင်းလိုက်သည်။ ထမင်းကိုလည်း တစ်ဝက်ပိုင်းလိုက်သည်။

ကြက်ဥတစ်စိတ်၊ ထမင်းပန်းကန်ဝက်၊ ငရုတ်သီးကြော် ကျွန်တော့်ညစာ…၊ ကျွန်တော် ရောင့်ရဲနိုင်ပါသည်။

တစ်ဖက်ဘူတာမှ ရထားထွက်ချိန်ပေးတော့ ထမင်းစားခြင်း

ကိစ္စလည်းပြီးပြီ၊ ရထားကြီးအန္တရာယ်ကင်းရှင်းစွာ တောက်လျှောက်ခုတ် မောင်းနိုင်ခြင်း အချက်ပြ ပြသရန် ခာတ်မီးနှင့် ကော်ပြားအစိမ်းပိုင်းလေးယူပြီး ဘူတာစကြံသို့ ထွက်လာလိုက်သည်။

ရထားကြီးတောက်လျှောက်ခုတ်မောင်းသွားပြီး ရထားထိန်းတွဲဘူတာလေးကိုဖြတ်ကျော်ပြီးချိန်မှာ ဘူတာထဲပြန်ဝင်ပြီး တစ်ဖက်ဘူတာနှင့် ရထားကြီးကြပ်ရေးရုံးသို့ ဖုန်း၊ စက်ဖြင့် ထွက်ခွာချိန်ပေး၊ ရထား စေလွှတ်လိုက်သော ဘူတာသို့ ရောက်သတင်းပေးပြီးချိန်မှာ စားပွဲလေးဆီအကြည့် ဝေ့တော့ ထမင်းပွဲလေးမရှိတော့ ကိုရေးသိမ်းသွားပြီထင်သည်။

လမ်းခွဲကိုင် ကိုကျော်ကြီး ရထားကြီးစက်ခေါင်းမှ ပြန်ပစ်ချခဲ့သော လမ်းရှင်းကြိမ်ကွင်းကြီးကိုင်လျက် ဘူတာထဲ ဝင်လာရင်း 'ဆရာထမင်းစားပြီးပလား' အမေးကို ခေါင်းညိတ်ရာမှ 'ကိုကျော်ကြီးလည်းသွားစားတော့လေ… ခဏနေ ၃ အဆန်လာတော့မှာ' ပြောအပြီးမှာ ကိုကျော်ကြီးက ဘူတာနောက်ဖက် ကိုရေးတို့ အိမ်ခန်းဘေးဆီ ခပ်သုတ်သုတ် ထွက်ခွာသွားသည်။

*　*　*

'မင်း သက်သက် လူပါးဝတာ ဖျံကျတာ အချင်းချင်းလုပ်ဖို့မကောင်းဘူး'

ဟာကွာ… ငါတောင်းပန်ပါတယ်၊ ရုံပိုင်လေးကြားသွားရင်မကောင်းဘူး'

ကြားကြားကွာ… မင်း အကျင့်သိသွားတာပေါ့'

ဘူတာနောက်ဖေး ကိုရေး အိမ်ခန်းလေးဆီမှ စကားများရန်ဖြစ်

သံများကြားသောကြောင့် ကျွန်တော်ပြေးသွားလိုက်သည်။ လမ်းခွဲကိုင်ကိုကျော်ကြီးနဲ့ ကိုသန်းဦးတို့နှစ်ယောက် ထိုးကြိတ်ကြမယ့် အခြေအနေသို့ ရောက်နေကြပြီ။

'ဟာ... ဘာဖြစ်ကြတာလဲ ရပ်ကြစမ်း'

ကျွန်တော့် ဟိန်းဟောက်သံကြောင့် လမ်းခွဲကိုင်ကြီးနှစ်ယောက် ခပ်ခွာခွာဖြစ်သွားသည်။ ဘက်ထရီမီးမှိန်မှိန်အောက်မှာ ကိုကျော် ကြီးမျက်နှာက မကျေနပ်ချက်များနှင့် ခပ်ထန်ထန်၊ ကိုသန်းဦးကတော့ မသိမသာ ခေါင်းငုံ့ထားသည်ကို တွေ့ရသည်။

'ခင်ဗျားတို့ဗျာ၊ ကြီးကောင်ကြီးမားနဲ့ လုပ်ဖော်ကိုင်ဘက် သူငယ်ချင်းတွေဖြစ်ပြီးတော့ ရန်ထဖြစ်ရတယ်လို့... ကဲကဲ ပြောပါဦး ဘယ်လိုဖြစ်တာလဲ'

ကျွန်တော့်အမေးမှာ ဝေါက်ငမ်းသံများ ပါနေပါမည်။

မတတ်နိုင် လက်အောက်ဝန်ထမ်း နှစ်ယောက်ရန်ဖြစ်သည့်ကိစ္စကိုတော့ ထိထိရောက်ရောက် ဖြေရှင်းပေးမှရမည်။ သွားလာရေးဝန်ထမ်းတွေမို့ အငြိုးအတေးများနှင့် အလုပ်တွဲဖက်လုပ်လျှင် အန္တရာယ်ရှိနိုင်သည်။

'ကဲ... ကိုသန်းဦး စပြော'

ကိုသန်းဦး ခေါင်းငုံ့နေရာမှ မော့သည်။

'ဒီတစ်ခေါက် ဘူတာဆင်းရတော့ ကျွန်တော်ဘာမှ ပါမလာဘူးဆရာ၊ အိမ်အတွက်လည်း ဘာမှရေရေရာရာ လုပ်မပေးနိုင်ခဲ့ဘူး... ဒီကောင် ကျော်ကြီးဆီက ကပ်စားရမှာ ခုတော့ ဒီကောင်ကလည်း ဗလာပဲ'

'ဟုတ်တယ်ဆရာ ဘယ်လိုမှအဆင်မပြေတော့ ကျွန်တော်လည်း လက်ချည်းထွက်လာခဲ့တာ'

ကိုကျော်ကြီးက စိတ်ပြေသွားဟန်ရှိသည်။ စောစောက ဒေါသတွေမရှိတော့ လေသံကမခက်ထန်တော့။

'ဒီတော့ ဆရာရယ် ကိုရေးကလည်း ဆရာ့အတွက်သာ ဟင်းတစ်ခွက် မယ်မယ်ရရချက်ပြီး ကျွန်တော်တို့အတွက်တော့ ချဉ်ပေါင်၊ ကန်စွန်းရွက်နဲ့ လယ်ထဲကနှိုက်လာတဲ့ ကဏန်းလုံးပြုတ်နဲ့ ကျွေးတာပေါ့…'ကိုသန်းဦး စကားမဆုံးခင်မှာပဲ။

'မတင်းတိမ်ဘူး ဆရာ'ကိုကျော်ကြီး ပြောပြီး ခေါင်းငုံ့သွားသည်။

'ဆရာလည်း… ဒါကိုရိပ်မိနေတယ်ထင်တယ်၊ ဆရာ့ထမင်းပွဲ တစ်လှည့်စီ သိမ်းကြေးလေ၊ နေ့လည်က သန်းဦး သိမ်းပြီးပြီ… ညနေ ကျွန်တော့်အလှည့် ခုတော့ ကျွန်တော့် ပို့င်ဆီသွားတုန်း ဒီကောင် ထမင်းပွဲယူသိမ်းသွားတာ'

ကျွန်တော် ထိတ်ကနဲဖြစ်သွားပြီး ကိုသန်းဦးကိုကြည့်မိတော့ ကိုသန်းဦးက ခေါင်းငုံ့လျက်သား…

'ကျွန်တော် ကဏန်းလုံးနဲ့ ချဉ်ပေါင်ရွက်ပြုတ် ဘယ်လိုမှ မျိုမကျလို့ပါဆရာရယ်'


တုန်ခါနေသော စကားသံမှာ ရှိုက်သံတို့ရောစွက်လို့နေသည်။

* * *

ကျွန်တော်တို့မောင်နှမငယ်ငယ်က အဖေ့လက်ဖက်ရည်စားပွဲပေါ်မှာ မုန့်လုစားခဲ့တာကို ပြန်သတိရသည်။ အဖေက သစ်သားပေတံလေးနှင့် ကျွန်တော်တို့မောင်နှမကို ဖွဖွလေးရိုက်ခဲ့သည်။ ကျွန်တော်တို့ ပျော်ခဲ့ကြသည်။

ခု ကျွန်တော် ကိုကျော်ကြီးနဲ့ ကိုသန်းဦးတို့ ရန်ဖြစ်တာကို အရေးယူ ဒဏ်ပေးရပါမည်။ အဖေ့လိုပဲ ပေတံလေးနဲ့ ဖွဖွရိုက်ရင်တော့ ကြားလို့မကောင်းဖြစ်မည်။ ဒါပေမယ့် သူတို့ပျော်သွားအောင် အဖေ့လိုပဲ ပေတံလေးနဲ့ ဖွဖွလေးရိုက်ကြည့်ချင်ပါသည်။

မဟောသီ၊ ၂၀၁၀၊ ဇန်နဝါရီ



အိပ်စက်ရင်ခုန်

စပယ်ဖြူ မဂ္ဂဇင်း

# အိပ်စက်ရင်ခုန်

နောက်ဆုံးစာအုပ်လေးရဲ့ လေ့ကျင့်ခန်းပုစ္ဆာတွေ အသေးစိပ်စစ်ဆေးပြီးတော့ အကြည့်ကို စားပွဲတင်နာရီလေးဆီရွှေ့သည်။ ည ၁၂ နာရီ ဟိုဘက်စွန်းသည်။

တင်းရင်းနေသော ဇက်ကြောတွေကို လက်နှစ်ဘက် ကြက်ခြေခတ်ဖိနှိပ်ရင်း ခေါင်းကို ဘယ်ညာ ယိမ်းနွဲ့ ဆတ်ခနဲချိုးသည်။ ရင်ချီကျောဆွဲဆန့်တော့ ကျောရိုးဆီက ဖျစ်ခနဲ မြည်သွားသည်အထိ သူမညောင်းညာနေသည်။

သူမ လေ့ကျင့်ခန်းစာအုပ်လေးတွေ စစ်ဆေးချိန်ကို တွက်ကြည့်တော့ ည ၈ နာရီကစတာ၊ သူမ ဒီလိုအပင်ပန်းခံတာ၊ ကျောင်းမှာလည်း အချိန်ပိုသင်တာ၊ တခြားဆရာ/ဆရာမတွေက အံ့ဩပယူသည်။ သူမမျက်နှာလေး အိပ်ပျက်ဒဏ်ကြောင့် ချောင်ကျနေတာ

ကို လုပ်ဖော် ဆရာ/ဆရာတွေကပြောတော့လည်း သူမ ပြုံးလို့သာ နေသည်။

တစ်ခါက မိုက်ကနဲ မူးလဲသွားတော့ ကျောင်းအုပ်ဆရာကြီး ကတောင် သိပ်အပင်ပန်းမခံဖို့၊ အအိပ်၊ အစားမပျက်စေဖို့ သတိပေး ဖူးသည်။ သူမကတော့ သူမသင်ကြားမှုအပေါ် ကလေးတွေ ဘယ် လောက်ထိရခဲ့သလဲ၊ စာနဲ့ပတ်သက်ပြီး လက်မထောင် ဝါးကြွားနေ နိုင်တဲ့ကလေးဟာ သူမတပည့်ပဲ ဖြစ်ချင်လွန်းသည်။

သူမ စာကြည့်စားပွဲကထ အိမ်တံခါးမကြီးကိုဖွင့်ပြီး ဝင်း တံခါးဆီလျှောက်သည်။ စိမ့်ကဲကဲ ဆောင်းလေအေးက သူမ၏အနွေး ထည်ထူထူကို စူးဖောက်ဝင်တော့ သူမပခုံးတစ်ချက်တွန့်သည်။ ဝင်း တံခါးဂျက်ကို အသေအချာစစ်ကြည့်သည် စိတ်ချရတော့ ဝင်းထရံတွေ ဆီ အကြည့်ဝေ့သည်။ သူမ အိမ်ဝင်းလေး လုံခြုံပြီ တွက်ဆပြီးမှ အိမ်ထဲပြန်ဝင်၊ တံခါးမကြီး၏အပေါ်အောက် မင်းတုံးတွေ အသေအချာ ချ၊ ရေပုံးလေး နှစ်ပုံးဆင့်ပြီး တံခါးကိုပိတ်ထားလိုက်သည်။ ရေပုံး လေးတွေ ပိတ်ချထားတော့ သူမ အခုလို တစ်ယောက်တည်း ညအိပ်ရ တဲ့ အခါ သူခိုးဖြစ်ဖြစ်၊ မသူတော်ဖြစ်ဖြစ်လာဦးတော့ ဝုန်းဒိုင်းဖြစ်ပြီး သူမ နိုးထခွင့်လွယ်မည်။

ဒီလို သူမလုပ်ပေမယ့် သူမက အအိပ်ဆတ် နားပါးပြီးသား ပင်၊ ဝင်းထရံတံခါးဂျိတ်ကလေး ထောက်ခနဲပြုတ်သွားတဲ့ အသံ လောက်နဲ့တင် သူမက အိပ်နေရာကနေ ငေါက်ခနဲ ထထိုင်တတ် သည်။

သူမမှာ တစ်ယောက်တည်း အိပ်စက်ရတဲ့အခါတိုင်း ဒီလိုပဲ နိုးတစ်ဝက်၊ အိပ်တစ်ဝက် စိတ်မချမှုတွေနှင့်သာရှိ နေတတ်သည်။ သူမခင်ပွန်းနှင့်အတူ အိပ်စက်ရတဲ့အခါမှာတော့ သူမ အိပ်ပျော်တာမှ

တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက်၊ နံနက်လင်းအိပ်ရာထလို့ ခေါင်းဖြီးသင်တဲ့အခါ မှန်ထဲက သူမမျက်နှာ မို့မို့အစ်အစ်လေးကို ကြည့်ပြီး သူမမှာ အံ့ဩလို့တောင်နေတတ်သည်။

* * *

'ထောက်'

သူမနားထဲမှာ စူးခနဲဝင်လာတဲ့ အသံ၊ သူမ ဝုန်းခနဲ ထထိုင်ပြီး ခြင်ထောင်အပြင်ဘက် လက်ထုတ်ပြီး ကြိုးဆွဲမီး ခလုတ် လေးကို ဆွဲသည်။ ဖန်ချောင်းမီးလေး လင်းလာတော့ ခေါင်းအုံးအောက်ရှိ သူမလက်ပတ်နာရီလေးကို ကြည့်သည်။ ၂ နာရီ။

သူမ ကမန်းကတန်းထ။ အိမ်တံခါးမကြီး ဖွင့်လိုက်တော့ မီးရောင်မှိန်မှိန်အောက်မှာ…သူ။ သူမခင်ပွန်း စီးကရက်လေး နှုတ်ဖျားချိတ်လျက်။ မီးမှိန်မှိန် နှင်းမှုန်မှုန်အောက်မှာပေမယ့်… သူ… ပြုံးပြတာကို သူမကတော့ သဲသဲကွဲကွဲ မြင်နေရသည်။

'အိပ်ပျော်ရဲ့လားဟင်'

သူမ ခေါင်းငြိမ့်သည်။

'မဟုတ်ဘဲနဲ့ မျက်ကွင်းလေးတွေတောင် ညိုလို့… အချိန်ရသေးတယ်၊ ပြန်အိပ်လိုက်ဦးနော်'

'ဟင့် အင်း'

သူမ ခေါင်းခါငြင်းသည်။

'အိပ်လို့ ရတော့မှာမဟုတ်ပါဘူး၊ ကိုကိုစားဖို့ရယ်၊ ကျောင်းထမင်းချိုင့်ရယ် စီစဉ်လိုက်တော့မယ်ကွယ်… ကိုကိုသာ ပင်ပန်းလာတာ အိပ်တော့နော်'

သူ လေးတွဲစွာ ခေါင်းညိတ်သည်။ အဝတ်အစားလဲပြီး အိပ်ရာလေးပေါ် ဒိုင်းခနဲပစ်လှဲလိုက်သည်။ ခဏလေးမှာပဲ သူ့ မျက်ခွံတွေ လေးလာသည်။ သူမ သူ့နဖူးလေးကို ဖွဖွနမ်းမွှေးတာကိုပင် သူသိလျက်နှင့် မျက်လုံးမဖွင့်နိုင်တော့။

'ကလေးရယ်၊ ကိုကိုက အချိန်မတော် ပြန်ရောက်ရတာ၊ ငယ်လေး အိပ်ရေးပျက်လှတယ်ကွယ်၊ ခြတံခါးသော့ ကို့ ကိုပေးထား၊ ကိုကို့ဘာသာ တံခါးဖွင့်ဝင်မယ်လေ၊ ငယ်ငယ် မထရတော့ဘူးပေါ့ကွာ'

သူမ ခေါင်းကို အကြိမ်ကြိမ် ခါရမ်းငြင်းပစ်လိုက်သည်။ သူ အံ့ဩနားမလည်...

'ဘာဖြစ်လို့လဲကွာ'

'ဘာဖြစ်ရမှာလဲ၊ တစ်ညလုံးလက်မှတ်လိုက်စစ်၊ တွဲတွေကို ကျော်လွှားသွားနေရတဲ့ ယောကျ်ားကို အိမ်သူ ကျွန်မက မကြိုရတော့ဘူးတဲ့လား'

သူမရဲ့ ခတ်ဆတ်ဆတ် တုံ့ပြန်စကားကို သူကျေနပ်သွားပြီး သူမကို ချစ်မက်စွာ ဖက်ထားမိလေသည်။

* * *

ဖျက်ခနဲပဲ သူမအိပ်နေရာက ထထိုင်သည်။ ခေါင်းအုံး အောက်က နာရီလေးဆွဲထုတ်ကြည့်တော့ ၆ နာရီတောင် ထိုးပြီးသွားပြီ။ သူမ ဝဲယာလှမ်းကြည့်သည်။ သူမ ကိုကိုများ သူမ မသိအောင် တိတ်တဆိတ်ရောက်နေသလားလို့ တွေးကြည့်ပေမယ့် မဖြစ်နိုင်၊သူမ

အိမ်ထဲကို သူမ မသိဘဲ ဘယ်လိုလူမျိုးမှ အလွယ်တကူ ဝင်လို့မှမရတာပဲ။

သူမ အိမ်တံခါးမကြီးကို အပြေးအလွှားဖွင့် အပြင်ထွက် မျှော်တော့ အိမ်ခြံတံခါးဝမှာ သူ။

သူ သူမကို ပြုံးပြရင်းက…

'ရထားသိပ်နောက်ကျတယ်ကွာ… ခုပဲ ကိုကိုရောက်တာ… ကလေး အိပ်ရေးဝတယ်နော်'

သူမ မျက်လုံးလေး ပွတ်သပ်လျက် ရှက်ရွံ့စွာ ပြုံးသည်။

'ခြောက်နာရီထိတောင် အိပ်ပျော်သွားတာ ကိုကိုရယ်… အိပ်ရေးဝတော့တာပေါ့… ကိုကို ပင်ပန်းတယ်ကွာ၊ ယူနီဖောင်းလဲ အိပ်တော့…'

သူ သူမ ပခုံးလေးကို ဖွဖွဖက်ကိုင်ရင်း အိမ်ထဲဝင်သည်။ သူမမျက်နှာလေး အိပ်ရေးဝ ကြည်လင်နေတာကို သူ မြတ်မြတ်နိုးနိုး ကြည့်ပြီး ချမ်းမြေ့နေသည်။

၅ ရက်ဆက်တိုက် မနက် ၆ နာရီထိုးမှပဲ သူအိမ်ပြန်ရောက်လာတော့ သူမ စိတ်က ထင့်ခနဲဖြစ်သည်။ ရထားက ဆက်တိုက်ပဲ နောက်ကျနေသလား… သူမတွေးရပြီ။

'ကိုကို အိမ်ပြန်နောက်ကျတာ ၅ ရက်ရှိပြီနော်၊ ဘာဖြစ်နေလဲဟင်'

'ကိုကိုဟာ လော်ကယ်ရထားလက်မှတ်စစ်ပဲကွာ လော်ကယ်ဟာ အမြဲနောက်ကျတတ်တာပဲ'

သူ့အဖြေကို သူမ သိပ်တော့ ဘဝင်မကျလှ သူတစ်ခုခုကို ညာနေပြီထင်သည်။ သူ့မှာ အိပ်စက်စရာနေရာ တစ်ခုခုများ ရှိနေပြီလားဟု သူမတွေးမိတော့ နှလုံးသွေးများဆူဝေပြီး အထိတ်တလန့်

ဖြစ်သွားသည်။ အို… မဟုတ်နိုင်တာ… သူ ဖြေတွေး တွေးမိပေမယ့် သူမရင်ကတော့ ဒိတ်ဒိတ် ခုန်နေသည်။

သူမ စိတ်နှောက်ကျိုတာကိုဖြေပစ်ဖို့ ခြံဝင်းထဲက သစ်ရွက်ခြောက်တွေကို လှဲကျင်းဖို့စိတ်ကူးသည်။ တံမျက်စည်းရှည်ကြီးကို ဆွဲယူ လှဲကျင်းပေမယ့် သူမစိတ်က ယောက်ယက်ခတ်တုန်းပါပဲ။

အမှိုက်တွေကို တောင်းထဲထည့်၊ အိမ်ပြင်ဘက် ပုံဖို့ထွက်လာတော့ ခြံတံခါးဝ မြေတလင်းပြောင်လေးပေါ်မှာ ဆေးလိပ်ပြာမှုန့်လေးတွေနဲ့ စီးကရက် အစီခံလေးတွေကို မြင်ရသည်။ ဟိုအရင် ၃၊၄ ရက်တုန်းကလည်း သူမတွေ့ခဲ့၊ လှဲကျင်းခဲ့ရတာကို သတိရမိပြန်သည်။ တစ်စုံတစ်ယောက် သူမတို့ရဲ့ခြံလေးမှာ ညညဆို ရောက်လာတတ်သည်ထင်သည်။ သူမ ကြက်သီးမွေးညင်းလေးများ ထလာပြီး ကြောက်စိတ်က ကဲလာသည်။ သူမ မျက်နှာမှာ ချွေးကလေးများပင် စို့ထွက်လာသည်။

ဒါကို သူမ သူ့ကိုပြောသင့်သည်ဟု တွေးမိပြီး အိမ်ခန်းထဲဝင်လာတော့ ဆက်တီခုံလေးမှာ ကိုယ်တစ်စောင်းလှဲလျ သူအိပ်ပျော်နေရှာသည်။ အိပ်ရာထဲထိတောင် မဝင်ဘဲ သူအိပ်သွားတာ… သူ သိပ်ပင်ပန်းလာလို့ ထင်ပါရဲ့နော်… လို့ သူမကြင်နာစွာ တွေးပြီး သူ့ဆီလျှောက်လာရင်း ချစ်မက်စွာ နမ်းမွေးဖို့ ခေါင်းငုံ့လိုက်တော့ သူ့အိတ်ထဲက မှတ်စုစာအုပ်လေးအောက်ကျနေတာကိုမြင်ပြီး ကောက်ယူလိုက်သည်။

မှတ်စုစာအုပ်လေးကို လှန်ကြည့်တော့ သူလိုက်လံ စစ်ဆေးရတဲ့ လော်ကယ်ရထား ဆိုက်ချိန်လေးတွေ မှတ်ထားတာကိုတွေ့သည်။

ဒီနေ့ လော်ကယ်ဆိုက်တာ ၃ နာရီ၊ မနေ့က ၁ နာရီခွဲ၊ ဟိုဘက်နေ့က ၂ နာရီ။

သူမ မှတ်စုစာအုပ်လေး လက်ကလွတ်ကျမတတ်ဖြစ် တုန်ခါသွားသည်။ ရထားဆိုက်ချိန်နဲ့… သူ အိမ်ပြန်ရောက်တဲ့ မနက် ၆ နာရီကြားမှာ သူ ဘယ်သွားနေလဲ…၊ ဘာလုပ်နေလဲ။

သူမ ရှိုက်ကြီးတငင် ငိုချပစ်လောက်အောင် ရင်ထဲဆို့တက်လာသည်။ သူ့ကို လှုပ်နိုးပြီး မေးချင်ပေမယ့် သူ နှစ်နှစ်ခြိုက်ခြိုက် တရှူးရှူးအိပ်နေတာကိုလည်း မနှိုးရက်။

သူမ နွမ်းမောထိတ်လန့်စွာပဲ မျက်နှာကို လက်ဝါးနှင့် အုပ်မိလိုက်တော့သည်။

* * *

သူမ ကလေးတွေရဲ့ အဖြေစာရွက်လေးတွေကို စစ်လိုက်၊ နာရီလေး ကြည့်လိုက်နှင့် သူမ စိတ်မငြိမ်မသက်ဖြစ်နေသည်။ မိုက်ခနဲဖြစ် အိပ်ငိုက်သွားရင်တော့ သူမ ထလမ်းလျှောက်သည်။ ဇက်ကြောတွေကို ဖြေလျှော့ပြီး အိပ်ချင်စိတ်ကို ဖြေသည်။

သူမ နာရီလေး ၂ နာရီလည်းထိုးရော ရေအိုးစင်ထောင့်က တုတ်ကိုဆွဲပြီး စိတ်တင်းလျက် တံခါးမကြီးကို အသာဖွင့်သည်။

ဘုရားရေ သူမစိုးရိမ် ထိတ်လန့်စွာ ထင်တဲ့အတိုင်းပါပဲ… လူတစ်ယောက် ခြံတံခါးကျောမှီထိုင်လျက်။

သူမ ကြောက်ရွံ့စိတ်ကို ဖွတ်ချေဖျက်လျက် တုတ်ကို တင်းတင်းဆုပ်ကိုင်ပြီး ခြံတံခါးဝဆီ ဖြည်းဖြည်းချင်းလျှောက်သည်။

'ရှင် ဘယ်သူလဲ'

သူမရဲ့ ပြတ်သား ပြင်းထန်သော အသံကြောင့်ထင်သည်။ ထိုင်နေသူက ထိတ်လန့်စွာ ခုန်ထလိုက်သည်။

'ဟင်'

သူမ နှုတ်ဖျားက အံ့သြစွာထွက်လာသည်။ သူ… သူမရဲ့ သူ၊ စီးကရက်ကလေး ပါးစပ်မှာခဲလျက် သူ့ခြေထောက်နားမှာ စီးကရက်ပြာမှုန့်လေးတွေနဲ့ အစီခံလေး နှစ်ခု။

သူမ အိမ်ထဲ ကမန်းကတန်းပြန်ဝင်၊ ခြံတံခါးသော့ယူပြီး တံခါးကို အမြန်ဆုံးဖွင့်ပစ်လိုက်သည်။

မြှော်စင်ကြီးတစ်ခုလို မားမားမတ်မတ်ရပ်ရင်း စီးကရက်လေးဖွာရှိုက်နေတဲ့သူ့ကို သူမအတင်းပြေးဖက်ပြီး ရင်ခွင်ကို တဒုံးဒုံး ထုတော့ စီးကရက်နံ့စွဲအနမ်းလေးက သူမနှာသီးဝလေးဆီ တိုးဝင့် လာသည်။

သူမ ရင်မှာ လှိုက်ခနဲ… ကြည်နူးချမ်းမြေ့စွာ…။

စပယ်ဖြူ မဂ္ဂဇင်း

သူ့ဝတ္ထုလေးတွေမှာ သူ့စေတနာကို
တွေ့ရတတ်သည်။ သူဖြစ်စေချင်သလို
ဖြစ်မလာနိုင်ရှာသည့်
သူ့ဇာတ်ကောင်လေးတွေအပေါ်
ဝတ္ထုရေးဆရာကိုယ်တိုင်
လိုက်ပါမောလျနေတာကိုပင် မြင်နေရသည်။

**သိုက်ထွန်းသက်**

ဘူတာရုံကလေး ဝတ္ထုတိုများသည်
ရဲသျှမ်းရင်းနှီးကျွမ်းဝင်ရာ သူ၏ပတ်ဝန်းကျင်မှ
ထွက်ပေါ်လာသော စာများဖြစ်ရာ
သူ့စာများသည် စစ်မှန်သော ခံစားမှုမှ
ပေါက်ဖွားလာသည်ဟု ယုံကြည်မိပါသည်။

**မခင်လေး**

ရဲသျှမ်းရဲ့ မီးရထားလောကနောက်ခံ
ဝတ္ထုတွေဟာ မီးရထားရနံ့
ဘယ်လောက်သင်းသလဲ၊
ဘယ်လိုမွှေးသလဲ စာဖတ်သူများ
ခံစားကြည့်ကြလိမ့်မယ်။

**ညီပုလေး**

